

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



မြတ်စာပေ

အမှတ်-၁၉၀၊ ၃၁ လမ်း၊ ရန်ကုန်။

ဖုန်း-၇၀၄၄၉၀

## ပမာဏအဖွင့်

မဇ္ဈိမဒေသအတွင်း တောတွင်းတစ်နေရာ။

ကျယ်ဝန်းသော ကျောက်ဂူကြီးတစ်ဂူထဲ၌ ကြီသပွေါ် ဂိုဏ်းခေါင်းဆောင်ကြီး သို့မဟုတ် ဂိုဏ်းချုပ်ကြီးသုဂါမသည် ပစ္စည်းတစ်ခုကို ကျေနပ်အားရစွာဖြင့် ကိုင်တွယ်ကာ ကြည့်ရှုနေသည်။ လက်ထဲမှာ ကြေးနီပုရပိုဒ်ထပ်ကြီးတစ်ခု။

ရာဇာဓိရာဇာကပ္ပဆေးကျမ်းကြီး။ ဆေးကြမ်းအပေါင်းတို့၏ အခေါင်အထွတ်။

သုဂါမသည် ဤဆေးကျမ်းကြီးကို ဟိမဝန္တာမှ ခိုးယူလာခဲ့ခြင်းဖြစ်သည်။ ဟိမဝန္တာမှ ဆရာသခင်များထံချဉ်းကပ်ပြီး အယုံသွင်းကာ အလစ်မှာ ခိုးယူလာခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား. . ဟား. . ဟား၊ ဒီဆေးကျမ်းကြီးဟာ ငါ့လက်ထဲကိုရောက်လာပြီ၊ ငါလုပ်ချင်တာ လုပ်လို့ရပြီ၊ ငါ့လိုလူ ဇမ္ဗူမှာရှိသေးရဲ့လားဟေ့"

သုဂါမသည် တစ်ယောက်တည်း ကြိမ်းဝါးလိုက်၏။ သူကိုယ်တိုင်လည်း ဉာဏ်နီဉာဏ်နက်မျိုးစုံထုတ်ကာ ကောက်ကျစ်မှုများစွာသုံး၍ ယူလာနိုင်သည့်အတွက် ရေရေလည်လည် ကျေနပ်လျက်ရှိသည်။

ထိုစဉ်. . .။

အရိပ်တစ်ခုသည် သုဂါမ၏ ကိုယ်ပေါ်မှ ဖြတ်သန်းသွားခဲ့သည်။

ဟင်!

သုဂါမက အထိတ်တလန့်ဖြင့် ကြေးနီပုရပိုဒ်ထုပ်ကြီးကို ရင်မှာပိုက်ထားလိုက်သည်။ သူ့ရှေ့မှာရပ်နေသူက. .။

တပ်မှူးလေး သူရိယနန္ဒ။

"ဘယ်လိုလဲ သုဂါမရဲ့၊ ခင်ဗျားက ကိုယ့်ကိုယ်ကိုသိပ်ပြီး ကျေနပ်နေတယ်ပေါ့လေ ဟုတ်လား၊ ခင်ဗျားမတရားခိုးယူသွားခဲ့တဲ့ ပစ္စည်းကို ပြန်ယူဖို့ ကျုပ်ရောက်လာခဲ့တာ၊ ခုချက်ချင်း ကျုပ်ရဲ့ လက်ထဲကို ထည့်လိုက်စမ်း"

"မပေးဘူး၊ မင်းနှင့်ဘာမှမဆိုင်ဘူး၊ ဒါဟာ ငါ့ပစ္စည်း





နိုင်သွားပြီ၊ မင်းထွက်သွားစမ်း"

သုဂါမသည် ခါးမှာချိတ်ထားသည့် ဓားရှည်ကို အလစ် ဆွဲယူလိုက်ပြီး တပ်မှူးလေးသူရိယနန္ဒကို ခုတ်ချလိုက်၏။ ရိယနန္ဒသည် သူ၏ ရန်ပယ်ရှင်းဓားကြီးဖြင့် ဆီးခံလိုက်ပါသည်။

ထန်!

စ်ယောက်

သုဂါမ၏ဓားသည် ထောင်းကနဲ ပြတ်ထွက်သွားသည် နောက်

"ဟင်. . မင်း. . မင်းရဲ့ဓားက. . ."

"ရန်ပယ်ရှင်းဓားတဲ့၊ နယ်ချဲ့ မျက်နှာဖြူတွေရော၊ လက်ဝါးစေတွေကိုရော ပယ်ပြီးရှင်းပစ်မယ့် ရန်ပယ်ရှင်းဓား"

သုဂါမ၏ရင်ဝမှ သွေးများစို့ထွက်လာသည်။

"ဟင်. . ငါ. . ငါဘယ်လိုဖြစ်သွားတာလဲ"

ကိုယ့်ကိုယ်ကို အံ့အားသင့်သွားမိသည်။ သုဂါမ၏ဓားချက်ကို သူရိယနန္ဒက ဓားဖြင့်ဆီး၍ခံလိုက်ကတည်းက ဓားသည် သုဂါမ၏ရင်ကို ဖောက်ဝင်သွားခဲ့သည်။ ဓားချက်က လျင်မြန်သွက်လက်လွန်း၍ သုဂါမပင်မသိလိုက်။

"ဟေး. . ဟေ့ကောင်တွေ၊ မြန်မြန်လာကြစမ်း၊ ဒီမှာ ရန်သူ. . ."

ပြောပြီး သုဂါမသည် ဒူးထောက်ပြီးတော့ ပစ်လဲကျသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ တပ်မှူးလေးသူရိယနန္ဒသည် နံရံမှကညင်ဆီမီးတိုင်ကို ဓားပြားဖြင့် ရိုက်ချလိုက်သည်။ မီးငြိမ်းသွားသည်။

တဆက်တည်းမှာပဲ ဂူအပြင်ကို ခုန်ထွက်သွားခဲ့၏။

သပွေါ (မြွေသုံးကောင်)ဂိုဏ်းသားများသည် ဂူထဲကို ပြေးသူကိုယ်တိုင်ခဲ့ကြသည်။ တစ္ဆေတစ်ကောင်လို မည်းမည်းသဏ္ဍာန် ကျစ်မှုများစွာ ဂူထဲမှထွက်လာသည်။

"ကျနပ်လျက်မှ သူ"

ထိုဂိုဏ်းသားတစ်ဦးက အော်ပြီး သတိပေးလိုက်သည်။

တပ်မှူးလေးသူရိယနန္ဒ၏ ဓားချက်က သူ့ကိုယ်ထဲကို ထိနမ်းကာ ဝင်သွားခဲ့သည်။ သူရိယနန္ဒ၏လက်ထဲမှာ ကြေးနီပုရပုဒ်က ပါလာခဲ့သည်။

တြိသပွေါဂိုဏ်းသားများသည် တပ်မှူးလေးသူရိယနန္ဒကို ဝိုင်းထားကြသည်။ တစ်ယောက်ကတော့ ထိသွားခဲ့လေပြီ။ ထို့ကြောင့် သတိထားပြီးနေကြရသည်။ သူရိယနန္ဒသည် သူ၏ဓားကို လေထဲမှာ ဝှေ့ရမ်းလိုက်သည်။

"ဝှစ် . . ဝှစ် . . ဝှစ်"

သပွေါဂိုဏ်းသားများသည် သူရိယနန္ဒဆီကို တပြိုင်တည်း ခုန်ဝင်လာကြသည်။

"ထန် . . ထန် . . ထန်"





"အား . . အား . . အား"

သံသံချင်း ထိခတ်သံများက ထွက်ပေါ်လာပြီး ဓားတွေလည်း ထောင်းကနဲ၊ ထောင်းကနဲဖြင့် ပြုတ်ထွက်သွားကြသည်။ တြိသပွေါဂိုဏ်းသားများသည် သူတို့၏ကိုယ်ထဲသို့ ဓားချက်များ ဝင်သွားကြသည်ကိုပင် မသိလိုက်ကြ။

သည့်နောက်တွင်တော့ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားခဲ့ကြသည်။ တြိသပွေါဂိုဏ်းသားများသည် နောက်ထပ် စုပြုံပြီး ပြေးဝင်လာကြပြန်သည်။

သူရိယနန္ဒသည် ဓားကို ဘယ်ညာဝှေ့ရမ်းပြီး ရန်သူများကို ဖောက်ထွက်သွားခဲ့သည်။

"ဝှစ် . . ဝှစ် . . ဝှစ်"

"အား . . အား . . အား"

မည်သူကမျှ တပ်မှူးလေးသူရိယနန္ဒ၏ ဓားချက်များကို မတွန်းလှန်နိုင်ကြပေ။ သူရိယနန္ဒအနားကိုလည်း မ[illegible]ကြတော့။

"မရမ်းမဝင်ကြနဲ့၊ အားလုံးဒုက္ခရောက်သွားကြမယ်"

သူတို့တွန့်ဆုတ်၊ တွန့်ဆုတ်ဖြစ်နေကြဆဲမှာပင် သူရိယနန္ဒသည် ရန်သူများကြားမှပင် လွှားကနဲဆို ခုန်ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



တဆက်တည်းမှာပဲ အမှောင်ရိပ်ထဲမှာရှိနေသည့် မြင်းတစ်ကောင်ပေါ်ကို ခုန်တက်သွားခဲ့သည်။ ထို့နောက် မြင်းကို ကဆုန်စိုင်းပြီး ထွက်သွားခဲ့လေသည်။

"ဟား. . ဟား. . ဟား"

သူရိယနန္ဒ၏ ဟားတိုက် ရယ်မောလိုက်သံများသည် တြိဿပွဲဂိုဏ်းသားများအတွက် ချောက်ချားစွာ ကျန်ရစ်ခဲ့ကြလေသည်။

* * *



**အခန်း – (၁)**

အချိန်ကား မြန်မာပြည်ကို နယ်ချဲ့တို့ မတရားကျူးကျော်သိမ်းပိုက်ပြီး အုပ်ချုပ်နေစဉ်ကာလ။

ရန်ကုန်မြို့စွန်တစ်နေရာတွင် လွန်စွာမှ ကျယ်ဝန်းလှသော ခြံကျယ်ကြီးတစ်ခုရှိလေသည်။ ခြံကျယ်ကြီး၏ အလယ်တွင် လွန်စွာမှ ကြီးမားသော တိုက်အိမ်ကြီးတစ်လုံးလည်းရှိသည်။

တိုက်အိမ်ကြီးသည် အပြင်ဘက်မှကြည့်လျှင် ရေညှိတက်နေကာ ညစ်ထပ်ထပ်ဖြစ်နေသောကြောင့် တိုက်အိုကြီးဆွေးကြီးဟုထင်ရ၏။ မှုန်မှိုင်းနေကာ အရောင်မထွက်သောကြောင့်လည်း ထိုကဲ့သို့ထင်စရာပင်။ ခြံဝင်းကြီးတစ်ခု

www.burmeseclassic.com



လုံး တိတ်ဆိတ်ငြိမ်သက်နေ၍ ပိုင်ရှင်၊အရှင်သခင်ကင်းမဲ့နေသလို ထင်ရသည်။

သို့သော် အိမ်ထဲမှာကား သတ္တဝါတစ်ဦးရှိနေသည်။ ထိုသူသည် ရှေးဟောင်းကျွန်းကုလားထိုင်ကြီးပေါ်၌ ငြိမ်သက်စွာဖြင့် ထိုင်လျက်ရှိသည်။ သူ၏အသက်သည် အလွန်ဆုံးရှိလှ နှစ်ဆယ့်ငါး၊ နှစ်ဆယ့်ခြောက်မျှသာ အသားက ဖြူချင်သယောင်ရှိသော်လည်း နသယ်စပ်ဆီမှ ဆင်းလာသော ပါးမြိုင်းမွှေးရေးရေးက ပါးတစ်ဝက်လောက်အထိ စိမ်းညို့နေသည်။

ထူထဲသော မျက်ခုံးမွှေးနှစ်စုံက နှာယောင်အထက်မှာ လာပြီးဆုံလုနီးပါးဖြစ်နေသည်။ နှုတ်ခမ်းက ခပ်ပါးပါးနဲ့ ပိရိစေ့စပ်သည်။ အပေါ်နှုတ်ခမ်းထက်မှာ ရေးရေးတင်သော နှုတ်ခမ်းမွှေးကြောင့် အသက်ရှိရင်းစွဲထက် ပိုပြီးကြီးစေသည်။

အထူးခြားဆုံးမှာ သူ၏ မျက်လုံးအစုံပင် ဖြစ်သည်။ မျက်လုံးချင်းဆုံမိသည်ပင် ထိုသူ၏ရင်ထဲအထိ ထိုးဖောက်ဝင်သွားနိုင်သည်။ တစ်ဖက်လူသည် ကြာကြာအကြည့်မခံပဲ ချက်ချင်းလိုလို ခေါင်းငုံ့သွားလိမ့်မည်။

သူ၏ဟန်ပန်၊ လှုပ်ရှားပုံ၊ အနေအထားအားလုံးကို ခြုံပြီးကြည့်လျှင် ထက်မြက်သူတစ်ဦးဟု ဆိုနိုင်သည်။ သူများထက် ခေါင်းတစ်လုံးပိုမြင့်သော အကြံအစည်၊ အတွေးအခေါ်





မျိုးရှိသူလည်းဖြစ်သည်။ သူသည် လက်ထဲမှာကိုင်ထားသော ရှေးဟောင်းပေစာများကို စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုနေပါသည်။

ထိုစဉ် ခြံထဲသို့ ကားတစ်စီးဝင်လာသည်။ ကားက ပေါ်တီကိုအောက်မှာ ရပ်လိုက်သည်။ ကားထဲမှ အနောက်တိုင်းဝတ်စုံကို အကျအနဝတ်ထားသော လူတစ်ယောက်က ဆင်းလာခဲ့သည်။ တောက်ပြောင်အောင် အရောင်တင်ထားသော ရှူးဖိနပ်သည် မှန်ကြည့်လို့ပင်ရသည်။

ထိုသူသည် ရာဇဝတ်ဝန်ကလေး ကိုဩဘာပင်ဖြစ်ပါသည်။

ကုလားထိုင်မှာ ထိုင်နေသောသူသည် သူ၏ ထက်မြက်သော မျက်လုံးများကို ရွှေ့လျားစေကာ ကိုဩဘာကို မပွင့်တပွင့် အပြုံးမျိုးဖြင့် ကြည့်လိုက်ပြီး. . .။

"ခင်ဗျားရောက်လာမယ်ဆိုတာသိလို့ ခြံတံခါးကော၊ အိမ်တံခါးကိုပါ အသင့်ဖွင့်ထားပါတယ် ကိုဩဘာ"

"ဒါကြောင့်မို့ ကျုပ်လည်း ရှောရှောရှူရှူနဲ့ ရောက်လာခဲ့တာပေါ့ဗျာ၊ ခင်ဗျားရဲ့ အချစ်တော် ဒိုဗာမင်ခွေးကြီးတွေကော ဗျ ကိုကံရာဇာ"

"သူတို့ကို လှောင်အိမ်ထဲမှာ ထည့်ထားရတာပေါ့ဗျာ၊



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ဟာ ကျုပ်အိမ်မှာ မရှိတဲ့အခါမျိုးမှာသာ သူတို့ကို အိမ်စောင့်ထားပြီး သည်အတိုင်းလွှတ်ထားရတာဗျ၊ ခွေးတွေသာဆိုတယ်၊ စိတ်ကတော့ ကျားစိတ်တွေဝင်နေတယ်၊ စိတ်ကြမ်းကိုယ်ကြမ်းကောင်ကြီးတွေဗျ၊ ကျုပ်နဲ့ ဦးကြက်တောကလွဲလို့ ဘယ်သူ့အကိုင်မှ ခံတာမဟုတ်ဘူးဗျ"

"ဒါနဲ့ ဦးကြက်တောတစ်ယောက်မမြင်ပါလား ကိုကံရာဇာ"

"သူ့အစ်ကိုတစ်ယောက်ဆုံးလို့ ရွာကိုပြန်သွားတယ်၊ အဲ. . ပျဉ်းမနားကို ရောက်တာတောင် သူ့ရွာကို တစ်ညခရီးထပ်သွားရသေးတယ်ဗျ၊ ရက်လည်ပြီးမှ ပြန်လာမယ်ဆိုတော့ ဆယ်ရက်လောက်တော့ကြာဦးမယ်"

ကံရာဇာသည် ကိုဩဘာကို စူးစမ်းသလို တစ်ကြည့်လိုက်ပြီး. . .။

"ဒါနဲ့ ခင်ဗျား. . ကျုပ်ဆီကိုလာတာ အလည်သက်သက်ပဲလားဗျ"

"ဟုတ်ပါတယ်၊ အလည်သက်သက်ပါပဲ ကိုကံရာဇာ၊ ဘာဖြစ်လို့လဲ"

"ခင်ဗျားရဲ့ ကုတ်အင်္ကျီအိတ်ထဲမှာ 'ဗျောက်'ပါလာလို့ပါဗျာ၊ ကျုပ်ဆီကို အလည်သက်သက်လာရုံနဲ့ ဒီခြောက်လုံး





ပြူးကြီးကို ထည့်လာစရာ အကြောင်းမရှိပါဘူးဗျာ"

"ဗျာ"

ကိုဩဘာပါးစပ်အဟောင်းသားဖြစ်သွားသည်။ ကုတ်အင်္ကျီအတွင်းဘက်အိတ်ထဲမှာ မိရိုးသေသပ်စွာ ထည့်လာခဲ့သော ခြောက်လုံးပြူးတစ်လက်ရှိနေမှန်း ဘယ်လိုသိပါလိမ့်ဟု၍. . .။

"အံ့အားသင့်မသွားပါနဲ့ဗျာ၊ ကျုပ်က အကြားအမြင်ရလို့ ပြောလိုက်တာ မဟုတ်ပါဘူး၊ ခင်ဗျားလို အရာရာသတိကြီးတဲ့ လူတစ်ယောက်အဖို့ ခုအချိန်မှာ သေနတ်ကို သွားလေရာဆောင်ထားမှာပဲမဟုတ်လား၊ အထူးသဖြင့် ကျုပ်ဆီလာတဲ့အခါမျိုးမှာ. . ."

"အာ. . မဟုတ်ပါဘူးဗျာ၊ ခင်ဗျားနဲ့မပတ်သက်ပါဘူး၊ ဝရမ်းပြေးတစ်ယောက်က ကျုပ်ကို အဝေးကနေ ခြိမ်းခြောက်နေလို့ပါ၊ သေနတ်ကိုတော့ လိုရမယ်ရ ဆောင်ထားရတယ်"

"ထားပါတော့လေ၊ ကျုပ်. . ခင်ဗျားကို တလွဲမမြင်တော့ပါဘူး၊ ကျုပ်အကြောင်းကို ခင်ဗျားသိအောင် ကြိုးစားနေတယ်၊ ကျုပ်ဘာလုပ်လို့ ဘာကိုင်သလဲဆိုတာကိုလည်း ခင်ဗျားသိချင်နေမှာပဲ ကိုဩဘာ၊ ကျုပ်ရဲ့ ခြေလှမ်းတွေကို ခင်ဗျားစောင့်ကြည့်နေတာတော့အမှန်ပဲ၊ အင်းလေ. . ဒါကလည်း



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားရဲ့ တာဝန်ကိုး"

"အဲဒါကိုတော့ ကျွန်တော်ဝန်ခံပါတယ် ကိုကံရာဇာ၊ တာဝန်ကလည်း တာဝန်ပေါ့၊ ဒါပေမယ့် ခင်ဗျားကို လူထူးလူဆန်းတစ်ယောက်အနေနဲ့ ပိုပြီး စိတ်ဝင်စားမိတာကလည်းပဲ တကယ္ပါ၊ ကျုပ်ဟာ ခင်ဗျားကို အကောက်ကြံမယ့်လူတော့ မဟုတ်ပါဘူးလေ"

ကံရာဇာသည် ကိုဩဘာကို အရောင်တောက်နေသော မျက်လုံးများဖြင့် တစ်ချက်ကြည့်လိုက်ပြီးမှ . . .။

"ဒါတော့ဟုတ်တယ်၊ ခင်ဗျားက တာဝန်တစ်ဖက်၊ လူမှုရေးအရ ခင်မင်မှုကတစ်ဖက်ကိုးဗျ၊ ကောက်ကျစ်မှုလက္ခဏာမျိုးကိုတော့ ခင်ဗျားမျက်နှာပေါ်မှာ မမြင်ရပါဘူး"

ကိုဩဘာမှာ အသက်ရှူနည်းနည်းချောင်သွားသည်။ သို့သော် ကံရာဇာ၏ ထက်မြက်သော မျက်လုံးဒဏ်များကို ကြာရှည်မခံနိုင်၍ ခေါင်းကို ငုံ့ပစ်လိုက်ရသည်။

မည်သို့သော အကြောင်းကြောင့်လည်းမသိ။ ကံရာဇာ၏အကြည်သည် သူ၏ တက်ကြွနေသောစိတ်ကို သေသွားအောင်သတ်နေသည်နှင့် တူသည်ဟုထင်မိသည်။

အခန်းထဲမှာ ရှေးဟောင်းပစ္စည်းတွေက အစုံအလင်ရှိနေသည်။ ရှေးလုံ့ကြီးများ၊ ဒိုင်း၊ လှံ၊ ဓား၊ ကား၊ သံလျက်များ





လက်ရာကောင်းသည့် ဘီလူးခေါင်းကြီးများ၊ မှန်ဘီရိုထဲရှိ ပေစာထုပ်များကို သပ်ရပ်စွာတွေ့ရသည်။

ကံရာဇာက ကိုဩဘာကို ဝိစကီဖြင့် ဧည့်ခံသည်။ ကိုဩဘာ၏ အကဲခတ်နေသော မျက်လုံးများကို ကံရာဇာက သတိထားမိသည်။

"ခင်ဗျားက ရှေးဟောင်းပစ္စည်းတွေ စုဆောင်းတာ တော်တော်ဝါသနာကြီးတယ်နော်"

"ကျုပ်ဝါသနာပဲလေ၊ ကျုပ်ကာလကတ္တားမှာ သက္ကတဘာသာပါဠိဘာသာတွေကို သင်ကြားပြီး ဘွဲ့ယူခဲ့တာ၊ ဆရာဝန်ဖြစ်မယ့် အရည်အချင်းမျိုး ပါလာတာတောင် စိတ်မဝင်စားခဲ့ဘူး၊ ကျုပ်က ရှေးဟောင်းစာတွေကိုပဲ ဘာသာပြန်ချင်တယ်၊ လေ့လာချင်တယ်၊ ဒါတွေကို ဖတ်နိုင်ဖို့အတွက် အဲဒီပညာတွေကို သင်ခဲ့ရတာပေါ့ဗျာ"

"ဆရာဝန်တစ်ယောက်ရဲ့ ဂုဏ်ထက် အဲဒါတွေက ပိုပြီးကြီးမားနေလို့လားဗျာ"

"ဒီလိုလည်း မဟုတ်ပါဘူးလေ၊ သူ့နေရာနဲ့သူပေါ့၊ ဆရာဝန်လည်း တန်ဖိုးရှိတဲ့ သူပါပဲ၊ ဆေးအတတ်ပညာဆိုတာလည်း လေ့လာသင်ကြားလို့ မကုန်နိုင်ပါဘူး၊ အဆင်ကြီးလေးစားစရာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် လွန်ခဲ့တဲ့ နှစ်ပေါင်းထောင်ကျော်လောက်က အဖြစ်အပျက်တွေကို ကွင်းဆက်ရှာပြီး ပြန်ဖော်ထုတ်ရတာ ကျုပ်တော့စိတ်ဝင်စားတယ်၊ ရှေးဟောင်းပစ္စည်းတွေနဲ့ပဲ စကားပြောချင်တယ်၊ တိမ်မြုပ်နေတဲ့ အတိတ်သမိုင်းကိုလိုက်ပြီး တူးဆွရှာဖွေရတာ ပျော်စရာအကောင်းဆုံးပဲလို့ ကျုပ်ယူဆတယ်"

"အင်း. . လူတစ်ကိုယ် ဝါသနာတစ်မျိုးပေါ့လေ"

ရာဇဝတ်ကလေးကိုဩဘာက အလိုက်အထိုက်ပြန်ပြောလိုက်သော်လည်း ကံရာဇာသည် ရှေးဟောင်းပစ္စည်းများကို အကြောင်းပြပြီး လျှို့ဝှက်နက်နဲမှုများကို ဖြုလုပ်နေသည်ဟုလည်း ထင်နေမိသည်။ ဆိုရလျှင် ရာဇဝတ်ကြောင်းနှင့်မကင်းသော ကိစ္စများနှင့်ပတ်သက်နေသည်ဟု ထင်မိသည်။

ထို့ပြင် သူသည် မျက်နှာဖြူများကို မုန်းတီးနေသူတစ်ယောက်မဟုတ်ပါလား။

"ခင်ဗျားက ကျုပ်ကို မျက်နှာဖြူတွေအပေါ် မုန်းတီးနေတဲ့သူလို့ တထစ်ချယူဆထားတယ်မဟုတ်လား"

"ဗျာ"

ကံရာဇာက ကောက်ကာငင်ကာ မေးလိုက်သဖြင့် ကိုဩဘာထိုင်နေရာမှ ထခုန်မိမတတ် ဖြစ်သွားခဲ့ရသည်။ သူ့အ





တွေးကို ကံရာဇာက ဘယ်လိုသိလိုက်သလဲ။

"ခင်ဗျားလန့်မသွားပါနဲ့၊ ကျုပ်က အကြားအမြင်ရလို့ ပြောလိုက်တာမဟုတ်ပါဘူး၊ ခင်ဗျားဆီမှာ ဒီလိုအတွေးမျိုးဝင်နေလိမ့်မယ်ဆိုတာကိုသိတယ်၊ ကျုပ်ကလည်း ထင်လို့မေးမိလိုက်တာပါ ကိုဩဘာ၊ တိုက်ဆိုင်မှုပါ"

"အင်း. . ကံရာဇာဟာ လူကဲခတ်ကောင်းတယ်၊ မြန်မာလူမျိုးထဲမှာလည်း သူ့လိုထက်မြက်တဲ့လူ ရှားတယ်၊ ဒါပေမယ့် အရည်အချင်းကို တလွဲအသုံးချလိုက်ရင် သမျှောစရာပဲ"

ကံရာဇာသည် ကိုဩဘာကို ပြုံးကြည့်လိုက်ပြီး. . ။

"ခင်ဗျားက ကျုပ်ကို လူဆိုးတစ်ယောက်လို့များ ထင်နေသလားဗျာ၊ နေ. . နေဦး၊ ပြန်မပြောနဲ့ဦး၊ ကျုပ်ပြောမယ်၊ လူတစ်ယောက်ဟာ အကြောင်းတစ်ခုခုကြောင့် မျက်နှာအမူအရာကို ဘယ်လောက်ပဲ ဟန်ဆောင်ထား ထိန်းသိမ်းထားပေမယ့် မျက်လုံးတွေကိုတော့ ကြာကြာထိန်းထားလို့ မရဘူးဗျ၊ ခင်ဗျားရဲ့ မျက်လုံးတွေထဲမှာ ကျွန်တော့်ကို ဘယ်လောက်အထိ စိုးရိမ်နေတယ်ဆိုတာ တစ်ချက်တော့ ပေါ်သွားတယ်၊ စိတ်ချပါ၊ ကျုပ်. . သူတစ်ပါးအကျိုးပျက်မယ့် ကိစ္စမျိုးကို မလုပ်ပါဘူးဗျာ၊ ကိုယ့်လူမျိုးအချင်းချင်း ဒုက္ခရောက်မှာမျိုးကို



www.burmeseclassic.com

www.burmeseclassic.com



သာတောင်မလုပ်သေးတယ်"

ကံရာဇာက ကိုယ့်လူမျိုးအချင်းချင်းဟု သုံးလိုက်သည်။

"ဒါဆိုရင် မျက်နှာဖြူတွေကိုကော"ဟု ကိုသြဘာက မေးလိုက်ချင်သည်။

ကံရာဇာက ကိုသြဘာကို စီးကရက်တစ်လိပ်တိုက်သည်။ မီးခြစ်ဘူးကို ကံရာဇာထုတ်လိုက်စဉ်မှာ အောက်ကိုမ တော်တဆ လွတ်ကျသွားသည်။ ကိုသြဘာက ကောက်မည် အပြု . . ။

"နေ . . နေကိုသြဘာ၊ ကျုပ်ပဲကောက်လိုက်ပါ့မယ်"

ကံရာဇာက ကောက်ယူပြီး မီးခြစ်ဆံတစ်ဆံကိုထုတ် ယူကာ စီးကရက်ကို မီးညှိပေးလိုက်သည်။

"ကျေးဇူးပဲဗျာ"

တခဏအကြာမှာ ကိုသြဘာက ပြန်မည်အပြု ကံရာ ဇာက ကားဆီသို့ လိုက်ပို့သည်။

"ဪ . . ကိုသြဘာ၊ ဒီမှာ ခင်ဗျားပစ္စည်း"

"ဟင်"

ကိုသြဘာ၏ ခြောက်လုံးပြူးက ကံရာဇာ၏လက်ထဲ မှာ။ ကိုသြဘာမျက်လုံးပြူးသွားသည်။ စောစောက မီးခြစ်အ ကျမှာ နှိုက်လိုက်တာပဲဖြစ်မည်။ ကိုသြဘာသည် ကံရာဇာကို





ကြည့်ကာ အလိုလိုပင် သိမ်ငယ်သလို ဖြစ်သွားပြီး ကားကို လျှင်မြန်စွာပင် မောင်းထွက်ခဲ့လေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com





## အခန်း - (၂)

ကံရာဇာဆိုတာ ဘယ်သူလဲ။ ဘယ်လိုလူစားလဲ။ သူ ဘယ်ကနေရောက်လာခဲ့တာလဲ။

ဤမေးခွန်းများကို ဘယ်သူမှ မဖြေနိုင်ပါ။ သို့သော် အားလုံးသိကြသည်ကတော့ ကံရာဇာသည် သာမန်လူသား တစ်ဦးပင်ဖြစ်သည်။ လူပုံက ခပ်ချောချောပေမယ့် သူ့မျက်နှာက အားလုံးထက်ပိုပြီး ထူးခြားနေသည်။ အလိုလိုပင် သတိထားစရာကိုဖြစ်နေသည်။ ဆွဲဆောင်မှုအား ကောင်းလှသူမဟုတ်ပေမယ့် အများနှင့်ယှဉ်လိုက်လျှင် သူ့ကိုပိုပြီး သတိထားမိသည်။ ဂရုတစိုက်ရှိကြရသည်။

တစ်နေ့တွင် ကံရာဇာသည် မျက်နှာဖြူတစ်ဦး၏ မွေး



www.burmeseclassic.com

www.burmeseclassic.com



နေ့ပွဲပါတီကို မမျှော်လင့်ပဲ ရောက်လာခဲ့သည်။ ဖိတ်လက်တောက်ပြောင်နေသော ကားနက်ကြီးကို ကိုယ်တိုင်မောင်းလာခဲ့သည်။

ခြံထဲသို့မဝင်မီ တံခါးစောင့်က. . .။

"ဖိတ်စာပြပါခင်ဗျာ"

"ငါ့ကို မဖိတ်ဘူးကွ၊ ဖိတ်စာမပါဘူး"

"ဖိတ်စာမပါရင် မဝင်ရပါဘူးခင်ဗျာ"

"ဖိတ်စာမပါရင် မဝင်ရဘူးဟုတ်လား၊ ဒါဖြင့် မင်းရဲ့ဆရာဆီက ငွေတစ်ရာ သူမသိအောင် နှုတ်ယူခဲ့တာ ငါတိုင်လိုက်ရမလား၊ ကားထဲမှာ ကျန်ခဲ့တာကို မင်းကလစ်ပြီထင်ပြီးခိုးယူလိုက်တာလေ"

တံခါးစောင့်မှာ တုန်လှုပ်သွားခဲ့ရသည်။

"ဟာ. . ဆရာ၊ တိုင်တော့ မတိုင်လိုက်ပါနဲ့ဗျာ၊ ကျွန်တော်အလုပ်ပြုတ်သွားပါလိမ့်မယ်၊ သွားပါဆရာ. . သွားပါ"

ကံရာဇာက ပြုံးလိုက်သည်။

"အေး. . ဒီလိုမှပေါ့ကွ၊ ငါက ဖိတ်စာမရပေမယ့်လို့နှုတ်နဲ့ဖိတ်ခြင်းခံရတာ၊ ရင်းနှီးမှုနှင့်ဖိတ်ကြားခံရတာ ပိုပြီးလေးနက်တာပေါ့ကွ"

တံခါးစောင့်သည် မရှိမတိုင်းသားတစ်ဦး ဖြစ်သည်။





တုလားစကားကို လယ်လယ်ဝယ်ဝယ်ပြောတတ်သော ကံရာဓာကို အံ့အားသင့်စွာကြည့်ရင်း ကျန်ရစ်ခဲ့သည်။

ကံရာဇာသည် ကားကို အေးဆေးစွာပင် မောင်းဝင်လာခဲ့သည်။ ခေါင်းကုပ်ပြီး ကျန်ရစ်ခဲ့သူကတော့ တံခါးစောင့်ဘင်။ သူငွေခိုးခဲ့သည့် အပြုအမူကို ထိုသူဘယ်လိုသိသွားခဲ့ပါဘိမ်ဟူ၍။

x x x x x

အနောက်တိုင်းဝတ်စုံကို ကျနစွာဝတ်ဆင်ထားသော ကံရာဇာ။ မီးရောင်အောက်မှာ စမတ်ကျကျရှိနေသော မြန်မာလူငယ်တစ်ယောက်။ စားပွဲတစ်လုံးမှာ သူတစ်ယောက်ထဲထိုင်နေသည်။ စားပွဲအသီးသီးမှာတော့ လူမလိုင်လွှာအသီးသီးဘာ လူပေါင်းစုံရှိနေကြသည်။ မျက်နှာဖြူကို အထင်ကြီးနေကြဆည့် ဘိုကြက်ချေးတွေလည်းပါသည်။ ကပြားဘိုရူးတွေလည်းပါတီပွဲမှာ သောက်လိုက်၊ စားလိုက်၊ ပျော်လိုက်ကြနဲ့။

စားပွဲထိုးတစ်ဦးက သူ့စားပွဲပေါ်ကို အရက်တစ်ဖန်ချက်လာချပေးသည်။ သည့်နောက် ကံရာဇာကို စူးစမ်းသလိုဆစ်ချက်ကြည့်ပြီး ထွက်သွားခဲ့သည်။ ကံရာဇာ၏ နားထဲကိုဓားသံတစ်ခုက ဝင်လာခဲ့သည်။

"မျက်နှာဖြူဝေါလ်တာဟာ ကျွန်မရဲ့ ငါးသောင်းတန်

www.burmeseclassic.com



ပတ္တမြားဘယက်ကြီးကို ဝယ်မယ်ဆိုပြီးယူသွားတယ်၊ ပြီးတော့ မဝယ်ပဲ မျက်နှာပြောင်တိုက်ပြီး အပိုင်ယူလိုက်တယ်၊ ပတ္တမြားဘယက်ကို သူ့မိန်းမဟယ်လင်ရဲ့ မွေးနေ့ပါတီမှာ ဆွဲခိုင်းလိမ့်မယ်၊ ပြန်ရအောင် ကျွန်မကို အကူအညီပေးပါ ကိုကံရာဇာ”

ထိုသို့ အကူအညီတောင်းခဲ့သော အမျိုးသမီးသည် မြန်မာအမျိုးသမီး ခင်ခင်လေးပင်ဖြစ်သည်။ သူမက အထည်ကြီးပျက်ဖြစ်၏။ မိဘလက်ထက်က ချမ်းသာလာခဲ့သော်လည်း သူ့လက်ထက်ကျမှ ကံတရားက မှေးမှိန်ခဲ့ရသည်။

သို့သော် ဆင်ပိန်ကျွဲဆိုသလို ရတနာပစ္စည်းအချို့က အသင့်အတင့်ရှိပါသေးသည်။ အပျိုကြီးဖြစ်ပြီး အရင်းအနှီးတစ်ခုပြုလုပ်ရန် ငွေလိုအပ်၍ အသိဖြစ်သော ဝေါလ်တာကို ပတ္တမြားဘယက်ရောင်းလိုက်သည်။ သို့သော် ဝေါလ်တာသည် ငွေမပေးပဲ လနှင့်ချီ၍ ကြာခဲ့သည်။

ယုံကြည်မှုနှင့် ပေးအပ်ခဲ့သည်ဖြစ်၍ မျက်မြင်သက်သေလည်းမရှိခဲ့။ ပစ္စည်းလည်း ဆုံးရှုံးရတော့မည့်အခြေအနေမျိုးကို ရောက်နေသည်။

ခင်ခင်လေးနှင့်ကံရာဇာတစ်ခါမှ မမြင်ဖူးကြပါ။ ကံရာဇာက ထိုသို့သော မတရားမှုမျိုးကို ကူညီတတ်သည်ဆို၍ သာရောက်အကူအညီတောင်းခဲ့ရခြင်းဖြစ်သည်။





ကံရာဇာသည် ခင်ခင်လေးကို အထပ်ထပ်မေးပြီးမှ အမှန်တကယ်ပြောခြင်းဖြစ်ရာ ကူညီရန်လက်ခံလိုက်လေ၏။ မြန်မာအမျိုးသားချင်းမို့ လူမျိုးခြားတစ်ဦး၏ ကလိမ်ကျမှုကို မခံချင်ဖြစ်မိသည်။

“ကောင်းပြီ . . ခင်ခင်လေး၊ ကျုပ်က ကိုယ့်နိုင်ငံအပေါ်မှာ မတရားလာအုပ်ချုပ်နေတဲ့ တောလေကြမ်းပိုးဆန်ဆန် မျက်နှာဖြူတွေကို လုံးဝကြည့်လို့ရတာ မဟုတ်ဘူးဗျ၊ ခင်ဗျားပြောတဲ့အတိုင်းမှန်ရင်တော့ ကျုပ်ဘာမျှော်လင့်ချက်မှမထားပဲ ကူညီမယ်”

ကံရာဇာကလည်း ခပ်ပြတ်ပြတ်ပင်ပြောသည်။

“ကျွန်မအမှန်တွေကို ပြောခဲ့တာပါရှင်၊ ကိုကံရာဇာကို မလိမ်ညာဝံ့ပါဘူး”

ခင်ခင်လေးသည် အရိုးခံအတိုင်းပင်ပြောသည်။ ထို့ကြောင့် ကံရာဇာသည် ဤနေရာကို ရောက်နေခြင်းဖြစ်၏။ ထိုခဏအကြာတွင် ပရိသတ်များကြားမှ လက်ခုပ်သံတဖြောဖြောင်းက ထွက်ပေါ်လာခဲ့သည်။ ကံရာဇာသည် အသံလာရာဆီကို မသိမသာ အကဲခတ်ပြီးကြည့်လိုက်သည်။

မျက်နှာဖြူအရာရှိဝေါလ်တာသည် သူ၏ဇနီးဟယ်လင်နှင့်အတူ အိမ်ထဲမှ ထွက်လာခဲ့လေသည်။ ဝေါလ်တာသည်



www.burmeseclassic.com

www.burmeseclassic.com



အနောက်တိုင်းဝတ်စုံကို အကျအနဝတ်ဆင်ထားသည်။ ဇနီး ဟယ်လင်သည် နှင်းခဲတမျှ ဖြူဆွတ်သောအင်္ကျီနှင့်တဆက်တည်း ကဝန်ရှည်ကြီးကို ဝတ်ဆင်ထားသည်။

ဟယ်လင်သည် အသက်(၂၂)နှစ်ခန့်ပဲ ရှိမည်ဖြစ်ပြီး ဝေါလ်တာထက် (၁၃)နှစ်ငယ်လေသည်။ သူမသည် ပြုံးရွှင်သော မျက်နှာဖြင့် ခင်ပွန်းသည်နှင့်အတူ ပရိသတ်များထဲသို့ ဆင်းလာခဲ့သည်။

စားပွဲပေါ်မှာတင်ထားသော မွေးနေ့ကိတ်ကြီးပေါ်မှာ စိုက်ထူထားသည့် ဖယောင်းတိုင်များကို ဖူးကနဲနေအောင်ပင် မှုတ်ပစ်လိုက်သည်။ လက်ခုပ်သံတဖြောင်းဖြောင်းနဲ့ ထွက်ပေါ်လာခဲ့ပြန်သည်။ ဟယ်လင်သည် မွေးနေ့ကိတ်ကြီးကို ဓားဖြင့် တဆင့်ချင်းလှီးနေလေသည်။

ထိုအချိန်တွင် ကံရာဇာသည် ဟယ်လင်နောက်သို့ ရောက်နေပြီဖြစ်၏။ လူရှုပ်နေသော အချိန်တွင် ကံရာဇာကို မည်သူကမှ သတိမထားမိကြ။ ကံရာဇာသည် ဟယ်လင်၏ နားနားသို့ တိုးတိုးလေးပြောလိုက်သည်က. . .။

"ခင်ဗျား. . ပက်ထရစ်နဲ့ဆက်သွယ်တဲ့စာတစ်စောင် ကျုပ်ဆီမှာရှိတယ်၊ ခင်ဗျားယောက်ျား မသိစေချင်ရင် ကျုပ်နောက်ကိုလိုက်ပြီးယူ"





ဟယ်လင်သည် ပက်ထရစ်ဆိုသော အသံကိုကြားလိုက်သည်နဲ့ ကိုယ်လုံးလေး တွန့်ကနဲဖြစ်သွားခဲ့သည်။ ကိတ်မုန့်ကိုလှီးနေသော လက်သည်ပင် တွန့်ကနဲဖြစ်သွားခဲ့ရသည်။

"ရှင်ဘယ်သူလဲ"

လေသံတိုးတိုးဖြင့် ပြန်မေးလိုက်သည်။ ပျံ့လွင့်နေသော တေးသံများကြောင့် သူတို့နှစ်ယောက်စလုံး၏ အသံကို မည်သူမှ မကြားလိုက်ရချေ။

"မေးမနေနဲ့၊ ကျုပ်. . ခြံနောက်ဘက်က ဝက်သစ်ချပင်ကြီးအောက်မှာ စောင့်နေမယ်၊ တအောင့်အကြာလိုက်လာခဲ့၊ ခင်ဗျားကို လက်ဖျားနဲ့တောင်မတို့ဘူး၊ စိတ်ချ"

ကံရာဇာသည် ထိုသို့ပြောပြီး အေးဆေးစွာဖြင့် လှည့်ထွက်သွားခဲ့သည်။

×××××

ဝက်သစ်ချပင်ကြီးရှိနေသော နေရာသည် မှောင်ရိပ်အနည်းငယ်သန်းနေသည်။ သို့သော် မြင်ကွင်းကတော့ ပြက်ပြက်ထင်ထင်မဟုတ်။ ဝိုးတဝါး၊ မှောင်ရီရီ။

ကံရာဇာသည် ပင်စည်ကိုမှီပြီး စီးကရက်တစ်လိပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖွာရှိုက်နေသည်။ တခဏအကြာတွင် သူ့ရှေ့မှခြေသံတရှပ်ရှပ်ကို ကြားလာရလေ၏။ ဝိုးတဝါးအလင်းရောင်အောက်မှာ သွက်လက်သော ခြေလှမ်းများဖြင့် လျှောက်လာနေသူကား ဟယ်လင်။

သူမသည် ဂါဝန်ရှည်ကြီးကို မြေနှင့်ထိတိုက်ကာ သွက်လက်သော ခြေလှမ်းများဖြင့် လျှောက်လာနေသည်။ ခန္ဓာကိုယ်အထက်ပိုင်းသည် ဖွံ့ထွားသော အချိုးအဆစ်များကိုပိုင်ဆိုင်ထားသည်။ ပုရိသတို့မျက်မောစရာ လက်ခံချင်စရာကောင်းလောက်အောင် တမင်ဖန်တီးထားသည်။ ထိုအမျိုးသမီးသည် ထူထဲပြည့်တင်းသော နှုတ်ခမ်းများရှိသည်။ ထိုကဲ့သို့ နှုတ်ခမ်းပိုင်ရှင်အမျိုးသမီးများသည် အလိုဆန္ဒကြီးမား၏။

မျက်ဝန်းအစုံက ဆွဲဆောင်မှုအပြည့် ရှိသည်။ ကျင်ဘက်များကို ဖိတ်ခေါ်တတ်သော မျက်လုံးမျိုး။ ဖြောင့်စင်းသော နှာတံသည် အဖျားတွင် အနည်းငယ်ပွသယောင်ရှိသည်။ အလိုရမ္မက်ကြီးမှုကိုပြသည်။ ရောင့်ရဲတင်းတိမ်နိုင်ခြင်းမရှိတတ်။

ဟယ်လင်သည် ကံရာဇာကို ဖာန်းပြီးတော့မြင်သည်။ ခြေလှမ်းတွေက ပိုပြီးတော့သွက်လာခဲ့သည်။

ကံရာဇာသည် သူမ၏ ကိုယ်ပေါ်မှ စွဲမက်ဖွယ်ကောင်း





လှသော အမွှေးရနံ့ကို ရင်ထဲသို့ ဖောက်ဝင်သွားသည်အထိ ရှူရှိုက်မိလိုက်သည်။

"ရှင်စောင့်နေတာ ကြာပြီပေါ့နော်၊ ဟယ်လင်လည်း အရိပ်အခြည်ကြည့်ပြီးတော့ လာရတာ"

လေသံက ပုဇွန်းဝဲသံတမျှ။ ရွှန်းလက်သော မျက်ဝန်းသည် မှောင်ရီရီထဲမှာပင် တောက်ပနေသည်။ ခန္ဓာကိုယ်လုံးကျစ်ကျစ်လေးသည် ကံရာဇာ၏ ရင်ခွင်ထဲသို့ ဝင်လုလု။ ကံရာဇာ၏ ကျောပြင်သည် ပင်စည်နှင့်ထိသွားသည်။ ခြေလှမ်းကိုလည်း နောက်ကိုမသိမသာ ဆုတ်လိုက်ရသည်။

"ရှင်. . ဟိုစာကိုပေးမယ်ဆို၊ ပေးလေ"

မျက်ဝန်းအကြည့်တွေက ကံရာဇာအသည်းနှလုံးကို အရည်ပျော်သွားနိုင်လောက်သည်။ ကံရာဇာမှာ အသက်ကို အောင့်ထားမိသည်။

"ကျုပ်မှာ အသင့်ပါလာတယ်၊ ခင်ဗျားဆီက ပတ္တမြားဘယက်ကိုရရင် ကျုပ်ဆီကစာကိုလည်း ချက်ချင်းထုတ်ပေးမယ်"

"အဟင်း. . ဟင်း၊ ဒီပတ္တမြားဘယက်က ငါးသေန်းကျော်တန်ဖိုးရှိတယ်၊ ဘာလဲ. . ရှင်က စာနှင့်အလဲအလှယ်လုပ်ပြီး ကျွန်မကိုလည်း. . ."



www.burmeseclassic.com

www.burmeseclassic.com



“ခင်ဗျားမရှုးစမ်းပါနဲ့ဗျာ၊ ကျုပ်က ခင်ဗျားထင်သလို မဟုတ်ဘူး၊ သူများတူးပြီးသား ကြွက်တွင်းကိုလည်း အခြောင် ဝင်ခိုတတ်တဲ့ လူစားလည်းမဟုတ်ဘူး”

“ဒါဖြင့် ဘယ်လိုသဘောများလဲရှင်၊ ကျွန်မကို ပုရိသ ယောကျ်ားတွေက စိတ်ဝင်စားကြတယ်၊ ကျွန်မအလှကို ယစ်မူးတတ်ကြတဲ့ ယောကျ်ားတွေချည်းပဲလေ၊ သူတို့က ကျွန်မရဲ့ ပြုစုယုယမှုကို လိုချင်ကြတာရှင့်၊ အဲသလို ယောကျ်ားစားထဲမှာ ရှင်ကမပါဘူးဆိုတာ တမင်ဟန်ဆောင်နေတာလား၊ ဒါမှမဟုတ် ရှင့်သိက္ခာကို လူအထင်ကြီးအောင် အရောင်တင်နေတာလား”

“ကျုပ်ဟာ ဗမာလူမျိုးဖြစ်တယ်၊ ငါးပါးသီလကိုထိန်းသိမ်းရတယ်။ မကျူးလွန်ရ၊ မပြစ်မှားအပ်တဲ့ အရာတွေကို ရှောင်ကြဉ်ရမယ်၊ အဲဒီအထဲမှာ သူတစ်ပါးရဲ့ သားမယားကို မပစ်မှားရ၊ မစော်ကားရဆိုတာတွေလည်းပါတယ်”

“အို. . ဒါလောက်တောင်ပဲလား၊ ရှင်တို့လူမျိုးတွေက သာယာမှုအတွက် လွတ်လပ်မှုအပြည့်အဝ မရှိဘူးပေါ့နော်၊ ဘာသာရေးနှင့်ထိန်းသိမ်းမှုတွေ သိပ်များတာပဲ၊ ဒါပေမယ့် အထိအတွေ့ကို ဘယ်ယောကျ်ားက ရှောင်နိုင်မှာလဲ. . ရှင်ရယ် လူဆိုတာ သွေးနှင့်ကိုယ်၊ သားနှင့်ကိုယ်ပဲမဟုတ်လား”





ဟယ်လင်သည် သူ့အနားကို ဖြည်းညှင်းစွာ တိုးကပ်လာခဲ့သည်။ သူ၏ မျက်ဝန်းတွေက စပါးကြီးမြွေညို့သလို ညို့ယူနေသည်။

ကံရာဇာသည် သူမကို တစ်ချက်စိုက်ကြည့်လိုက်၏။ မျက်လုံးချင်းဆုံမိကြသည်။ သူမ၏ နှာဝမှထွက်သက်ဝင်သက်လေသည် ကံရာဇာ၏ မျက်နှာကို ရိုက်ခတ်လာသည်။ သူမသည် ရူပါရုံဖြင့်ဖျားယောင်း၏။ အတွေ့အထိဖြင့် မြူဆွယ်၏။ တစ်ဖက်သား၏ အသည်းနှလုံးကို အရည်ပျော်သွားအောင် လုပ်တတ်သည်။

သို့သော် ကံရာဇာ၏ မျက်လုံးတွေထဲမှာ ဘာမြင်သွားလဲမသိ။ ဟယ်လင်၏ ခြေလှမ်းများသည် နောက်ကိုချက်ချင်းဆုတ်သွားခဲ့သည်။ သူမ၏ မျက်နှာသည်လည်း ဖြူဖျော့ဖျော့ဖြစ်သွားခဲ့လေသည်။

“ရှင်ဟာ အရူးပဲ၊ အခွင့်အရေးကို မသုံးတတ်ဘူး”

စူးလက်သော မျက်ဝန်းအစုံဖြင့် ဒေါသလေးစွက်ကာ ပြောသည်။ ကံရာဇာက သူမကို ခပ်ပြုံးပြုံးပင်ကြည့်နေသည်။

“ရှင်ဟာ ဘီလူးသဘက်လို ကြမ်းကြုတ်မယ့်လူ၊ အပြင်က အေးဆေးသယောင်ထင်ရပေမယ့် တစ်ကယ်တင်ကျတော့ ဘီလူးသဘက်ထက်တောင် ကြောက်စရာကောင်းသေး



www.burmeseclassic.com

www.burmeseclassic.com



ထယ်၊ ရော့..ဘယက်၊ ပေး..စာ"

ကံရာဇာသည် ပတ္တမြားဘယက်ကိုယူပြီး စာကို သူမ လက်ထဲသို့ ထည့်လိုက်သည်။

"ကျေးဇူးပဲ၊ ဒီလိုလိုက်လျောတာဟာ တစ်ဖက်သား ကို ကူညီရာလည်းရောက်တယ်၊ ခင်ဗျားဆက်ပြီး ငြင်းခဲ့လို့ရှိ ရင်တော့ ဒုက္ခရောက်သွားနိုင်တယ်၊ ကျုပ်က ခင်ဗျားဖောက် ပြန်နေတာကို ကိုယ်နှင့်မဆိုင်လို့ ဝင်မစွက်ဖက်ဘူး၊ ခင်ဗျား အကြောင်းနဲ့ခင်ဗျားကိုး၊ ကဲ..ခွင့်ပြုပါဦး"

ကံရာဇာထွက်သွားခဲ့သည်။

"ခဏနေဦး..ကိုလူချောကြီးရဲ့၊ ရှင့်နာမည်ဘယ်သူ လဲဆိုတာ ပြောခဲ့ပါဦး"

ကံရာဇာက အမှောင်ရိပ်ထဲကိုရောက်မှ သူမဆီကို လှည့်ကြည့်ကာ..။

"မှတ်ထား..ကံရာဇာတဲ့"

"ဟင်...ကံရာဇာ၊ ဘုရားသခင်..တကယ့်လူနဲ့မှ ငါတွေ့လိုက်ရတာပါလား"

* * *



## အခန်း-(၃)

ကံရာဇာသည် ခင်ခင်လေးထံသို့ ပတ္တမြားဘယက် ကို ပြန်အပ်နှံနိုင်ခဲ့သည်။

"ကျေးဇူးတင်လိုက်တာ ကိုကံရာဇာရယ်၊ ဒီပစ္စည်းက ခင်တို့ရဲ့ ဘိုးဘွားပိုင်ပစ္စည်းပါ၊ မျက်နှာဖြူဝေါလ်တာ အပြော ကောင်းပြီး လိမ်ယူသွားခဲ့လို့ ဒုက္ခရောက်ခဲ့ရတာပါ"

"ကောင်းပြီ..ဒါသင်ခန်းစာပဲပေါ့ဗျာ၊ နောက်ကို ဒီ မျက်နှာဖြူကောင်တွေကို ဘယ်တော့မှ မယုံကြည်နဲ့ မခင်ခင် လေး၊ သူတို့ဟာ ကျွန်တော်တို့ဆီက ဘာမဆို ရသမျှအချောင် ယူနေမှာပဲ၊ ရွှေကိုယူမယ်၊ ငွေကိုယူမယ်၊ ပြီးတော့ လူကိုပါယူ မယ်၊ တစ်နိုင်ငံလုံးကထွက်တဲ့ သယံဇာတပစ္စည်းတွေကိုလည်း



www.burmeseclassic.com

www.burmeseclassic.com

သူတို့ချည်းပဲ လက်ဝါးကြီးအုပ်နေတာကြည့်လေ”

“ဒီကောင်တွေရဲ့ ဇာတာမှိန်နေပါပြီ။ မကြာခင်မြန်မာပြည်က မောင်းထုတ်ခံရတော့မှာပဲ ကြည့်နေ”

“ကိုကံရာဇာ. . ကျွန်မတို့ဆီကို ဝင်ထွက်ပါနော်၊ ကိုကံရာဇာအတွက်ဆိုရင် အမြဲတမ်းတံခါးဖွင့်ထားပါတယ်”

“ကျုပ်အားရင် ဝင်လာခဲ့ပါ့မယ်၊ ဒါပေမယ့် အလုပ်ကတော့ ခင်များများဗျာ”

“အင်းပေါ့လေ၊ ခင်တို့ဆီကို ဘယ်အလှည့်ပေးနိုင်မလဲ ကိုကံရာဇာက သိပ်အလုပ်များတဲ့လူကိုး၊ ဟင်း. . ဟင်း”

မခိုးမခန့်ပြောလိုက်သည့် ခင်ခင်လေး၏ ရူပါရုံမြားချက်မှာ ကံရာဇာမိသွားတော့မတတ် ဖြစ်သွားခဲ့ရသည်။ သို့နှင့် နှုတ်ဆက်ပြီး ပြန်လာခဲ့ရလေသည်။

×××××

“ရာဇာ. . ဟောဒီမှာ စာတစ်စောင်ရောက်နေတယ်ကွယ်”

ကံရာဇာအိမ်ကိုပြန်ရောက်သည်နှင့် ဦးကြက်တောက ချိတ်ပိတ်ထားသော စာတစ်စောင်ကို လှမ်းပေးလိုက်သည်။





“ဟုတ်လား. . ဘယ်သူ့ဆီကများပါလိမ့်”

စာအိတ်မှချိတ်ကိုခွာလိုက်ပြီး အတွင်းမှစာတစ်စောင်ကို ထုတ်ယူလိုက်သည်။

သို့. . . ။

ကံရာဇာ. . . ။

မင်းလက်ထဲကိုရောက်နေတဲ့ ဆေးကျမ်းနှင့် ပစ္စည်းကိုပြန်ပေးပါ၊ သုံးရက်အတွင်း ငါတို့လက်ထဲမထည့်ရင် အသတ်ခံရမယ်၊ အလောင်းကို ရန်ကုန်မြစ်ထဲမျှောပစ်မယ်။

တြိသပွေါ်ဂိုဏ်း။

×××××

ကံရာဇာက ပြုံးလိုက်သည်။ သူ့အပြုံးက လျှို့ဝှက်နက်နဲမှုတွေပါနေသည်။ သူ၏ ခနဲ့တဲ့တဲ့အပြုံးနဲ့ မခိုးမခန့်အမူအရာက ကြည့်ကောင်းလိုက်ဖက်လှသည်။

“တြိသပွေါ်. . တြိသပွေါ်၊ သူတို့က ငါဘယ်မှာရှိတယ်ဆိုတာ ခြေရာခံမိသွားပြီကိုး”

“မောင်ရာဇာ. . တြိသပွေါ်ဆိုတာ. . ”

“မြွေသုံးကောင်ဂိုဏ်းလေ. . ဦးရဲ့၊ တောမီးလောင်

www.burmeseclassic.com

www.burmeseclassic.com



တောကြောင်လက်ခမောင်းခတ်ဆိုသလို သင်းတို့ကတမော့င့် ကုလားဖြူအုပ်ချုပ်ရေးအောက်မှာ ကျားကျားချင်း ဆင်ကြံကြံ ပြီး ဖွဲဖွဲချင်းသေအောင်ကိုက်နေတယ်”

“ဦးတော့ ဘာမှနားမလည်တော့ဘူးကွယ်၊ မောင်ရာဇာအတွက် အန္တရာယ်ဖြစ်မယ့် ကိစ္စမျိုးဆိုရင်တော့ ဦးစိုးရိမ်ရမှာပဲ၊ ဦးကို အကျိုးအကြောင်းပြောပြပါလား”

“တြိသပွေါ်ဂိုဏ်းက သူတို့နဲ့မအပ်စပ်တဲ့ ပစ္စည်းတွေကို လိုချင်နေကြတယ်၊ အဲဒီပစ္စည်းတွေက ကျုပ်လက်ထဲမှာ၊ လှုံခြုံတဲ့နေရာမှာ သိမ်းထားတယ်၊ သူတို့ဘယ်တော့မှ မရစေရဘူး၊ သိပ်အတွင်းကျကျတော့ မသိချင်ပါနဲ့. . ဦးရယ်”

ကံရာဇာသည် လက်ထဲမှစာကို ဦးကြက်တောဆီသို့ လှမ်းပေးလိုက်သည်။ ဦးကြက်တောကဖတ်ပြီး. . .။

“ဒီစာအရဆိုရင် မောင်ရာဇာကို ရန်ရှာကြလိမ့်မယ် ထင်တယ်”

“မလွဲဘူးပေါ့၊ အန္တရာယ်ပေးကြမှာပဲပေါ့၊ ဦးကြက်တောပါ အန္တရာယ်ရှိလာနိုင်တယ်၊ အဲဒီတော့ ခုညနေရထားနဲ့ ဒေသကိုပြန်၊ ရှောင်တိမ်းနေဖို့ပါ”

“ဟာ. . ဦးက ဘာလို့ပြန်ရမှာလဲ၊ ဘယ်ကောင်တွေပဲလာလာ၊ ဦးလည်းဝိုင်းချမှာပေါ့၊ ကြက်တောက သွေးကြောင်





တဲ့လူမဟုတ်ပါဘူး၊ မောင်ကံရာဇာကျွေးမွေးထားတဲ့ ကျေးဇူးတွေ ဦးမှာအများကြီး ရှိပါတယ်၊ ပြီးတော့ ဦးကတစ်ကောင်ကြွက်ပါ၊ ကိုယ့်အသက်ကို ကိုယ်မနှမြောပါဘူး”

“ကဲ. . ဒီလိုဆိုရင်လည်း အတိုင်းထက်အလွန် တံခွန်နဲ့ကုက္ကားပေါ့ဗျာ၊ သစ္စာရှိတာကို ကျုပ်သဘောကျပါတယ်၊ ဒါပေမယ့် ကျွန်တော့်အပေါ် သစ္စာရှိတာထက် တိုင်းပြည်နှင့်လူမျိုးအပေါ်မှာလည်း သစ္စာရှိဖို့လိုတယ်ဗျ”

“သစ္စာရှိပြီလားဗျာ၊ ကျုပ်က ကိုယ့်လူမျိုးပြန်ပြီးဒုက္ခရောက်မယ့် အလုပ်မျိုးကို ဘယ်တော့မှ မလုပ်ဘူးဗျို့၊ ဒါကိုတော့စိတ်ချ”

“ဦးကြက်တောကို ကျုပ်ယုံပြီးသားပါ။ ဒါကလည်း ဦးကြက်တောရဲ့ အင်္ဂါရုပ်နဲ့အတွင်းစိတ်က တစ်ထပ်တည်းကျနေတာကိုး၊ ကဲ. . ကျုပ်တို့ ပြင်ဆင်သင့်တာတွေကို ပြင်ဆင်ကြရအောင်”

ကံရာဇာ၏ အပြောအဆိုနဲ့ လေယူလေသိမ်းသည် တစ်ခါတစ်ရံမှာ လူကြီးဆန်သည်။ သူ့အရွယ်နှင့်ဘယ်လိုမှမလိုက်ဖက်သော လေသံနှင့်ပြောတတ်သည်။ အသက်အရွယ်နှင့်မလိုက်ပဲ များစွာပင် အတွေ့အကြုံရင့်ကျက်နေသည့် လူတစ်ယောက်လိုပင်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကံရာဇာသည် ဦးကြက်တောနှင့်စကား တီးတိုးပြောကာ တိုင်ပင်လျက်ရှိလေသည်။

× × × × ×

အချိန်မှာ ညကာလဖြစ်သည်။

ခြံကြီးတစ်ခုလုံးသည် အပ်ကျသံပင် မကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ တစ်ချက်တစ်ချက်မှာတော့ မြေပိုးကောင်ကလေးများ၏ အော်မြည်သံက ထွက်ပေါ်လာတတ်သည်။

လူငါးယောက်သည် အမှောင်ရိပ်ကွယ်မှ ရုတ်တရက် ထွက်ပေါ်လာကြသည်။ ခေါင်းစွပ်အနက်ကို စွပ်ထားကြ၏။ အပေါ်အင်္ကျီအနက်၊ ဘောင်းဘီအနက်၊ တစ်ကိုယ်လုံးအနက်ရောင်။ သူတို့၏ အသွေးအရောင်သည် အမှောင်နှင့်တစ်ထပ်တည်း။

ထိုငါးယောက်သည် ခြံအုတ်တံတိုင်းကို ဖက်ရွက်လို ပေါ့ပါးသော ခန္ဓာကိုယ်ဖြင့် လွှားကနဲဆို ခုန်ကျော်ပြီးဝင်သွားကြသည်။ ခြံထဲသို့ ရောက်ရှိသွားကြသည်အထိ မည်သည့်အန္တရာယ်မှမရှိ။ တိတ်ဆိတ်လွန်းခြင်းကြောင့်ပင် ပိုပြီးတော့





ချောက်ချားစရာကောင်းနေသည်။

သို့သော် အန္တရာယ်သည် သူတို့နှင့်မလှမ်းမကမ်းမှာ ရှိနေသည်ကိုတော့ မသိကြ။ ဒိုဗာမင်ခွေးကြီးသုံးကောင်သည် မီးကျီမီးခဲတမျှ စူးလက်သော မျက်လုံးတွေဖြင့် ခြုံကွယ်တစ်ခုမှ စောင့်ကြည့်နေကြသည်။

ဦးကြက်တောက ခွေးသုံးကောင်ကို သံကြိုးများဖြင့် ချည်နှောင်ကာ ထိန်းထားသည်။ မည်သို့သင်ကြားထားသလဲ မသိ။ ခွေးများသည် ငြိမ်သက်နေကြသည်။ ရန်သူ၏ အရိပ်အခြည်ကို သူတို့လည်း စောင့်ကြည့်နေကြသည်။

လူငါးယောက်သည် တံခါးကိုဖျက်ပြီး ဝင်မည်အပြု သော့ခတ်မထား။ တွန်းဖွင့်၍ အလွယ်တကူ ဝင်နိုင်ကြောင်း သိလိုက်ရသည်။ ထို့ကြောင့် သတိနဲ့ဝင်သွားခဲ့ကြသည်။ အိမ်ထဲမှာ မှောင်နေသည်။ ပြင်ပမှ ဝိုးတဝါးအလင်းရောင်သာ အခန်းထဲသို့ ဝင်ရောက်လာနိုင်သည်။

သူတို့အခန်းထဲကို ဝင်လာချိန်မှစ၍ ထူးခြားသော အနံ့အသက်တစ်ခုက ခပ်သင်းသင်းလေး ထွက်နေသည်ကိုမူ သတိမထားမိကြ။ လူငါးယောက်ခွဲပြီး နေရာအနှံ့လိုက်ရှာကြသည်။ ကံရာဇာကလွဲပြီး မည်သူများဖြစ်နိုင်ဦးမှာလဲ”

“မင်းတို့ရှာနေကြတဲ့နေရာက လွှဲနေတယ်၊ ငါဒီမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဟော့"

တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သည့် အသံတစ်သံ၊ ငါးယောက်စလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့ကြသည်။ အသံရှင်သည် ကံရာဇာ၊ အသံထွက်ပေါ်လာရာနေရာကို ခန့်မှန်း၍မရ၊ တစ်အိမ်လုံး ပျံ့နှံ့သွားသည့်အသံ။

သူတို့တစ်ယောက်နှင့်တစ်ယောက် ခြေဟန်လက်ဟန်ဖြင့် နားလည်မှုယူလိုက်ကြသည်။ နေရာအနှံ့ခွဲပြီးရှာကြဟု၊

ထို့ကြောင့် တစ်ယောက်တစ်နေရာဆီ ထွက်သွားခဲ့ကြသည်။ အားလုံးရဲ့ ခါးမှာတော့ ခွပ်သရီးခေါ် ဓားကောက်ကိုယ်စီကို ချိတ်ထားကြသည်။ သူတို့ရဲ့ မျက်လုံးတွေက ရက်စက်ကြမ်းကြုတ်ခြင်း လက္ခဏာတွေကို ဖော်ပြနေကြသည်၊

တစ်ယောက်က အခန်းတစ်ခုရှေ့ကိုရောက်သွား၏ အခန်းတံခါးက အလိုလိုပွင့်သွားသည်။ သူသည် အမှောင်ကို ထိုးဖောက်ပြီး မြင်နိုင်စွမ်းရှိသည်။ အမှောင်ထဲရှိ ပစ္စည်းများကို အလွယ်တကူ မြင်နိုင်ကြသော ကြောင်မျက်လုံးပိုင်ရှင်၊

ကျွီ!

အခန်းတံခါးက အလိုလိုပွင့်သွားသည်။ ထိုသူသည် ခါးမှာချိတ်ထားသည့် ဓားကောက်ကို ရုတ်တရက်ထုတ်လိုက်သည်။





သူတွေ့လိုက်ရသည်က အခန်းထဲမှာ ရပ်နေသည့်လူတစ်ယောက်။ သက္ကလပ်ဦးထုပ်ကျားကို ဆောင်းထားသည်။ ဝတ်ရုံနက်ကြီးတစ်ထည်ကို ခြေကျင်းဝတ်နားရောက်သည်အထိ ဝတ်ဆင်ထားသည်။ သူ့မျက်နှာကို သဲကွဲစွာမမြင်ရသော်လည်း ဘာကြောင့်ရယ်မသိ၊ ထိုသူသည် လန့်ပြီးအော်လိုက်သည်။

"ဆိုက်တမ်း. . ဆိုက်တမ်း"

တပြိုင်တည်းမှာပဲ ထိုတစ္ဆေအား ခွပ်ကရီးခေါ် ဓားကောက်ဖြင့် ပြေးပြီးခုတ်လေတော့သည်။

"ကဲဟာ. . ကဲဟာ. . ကဲဟာ"

"ဝှစ်. . ဝှစ်. . ဝှစ်"

သွေးရူးသွေးတန်းဖြင့် ဘယ်ညာရမ်းကာ ခုတ်နေသောဓားသည် လူတစ်ယောက်ကို ဓားဒဏ်ရာ မြောက်မြားစွာဖြင့် သေစေလောက်သည်။

သူမောပန်းလာသည်။ လက်လည်းညောင်းလာသည်။ ထိုသူထံမှ မည်သည့်အော်သံမှလည်း ထွက်မလာ၊ သွေးအိုင်ထဲမှာ လဲကျပြီးသေနေသလားရယ်ဟု ကြည့်လိုက်တော့လည်း ခုတ်သည့်သူ့ကိုမှမတွေ့ရ၊ သူတစ်ကိုယ်လုံးလည်း ချွေးဒီးဒီးကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား . . ဟား . . ဟား၊ မင်းတိုက်ခိုက်နေတာ ငါမဟုတ်ဘူးကွ၊ ငါ့ရဲ့ အရိပ်၊ မင်း . . ငါ့ရဲ့ အရိပ်ကို တိုက်ခိုက်နေတာ"

အသံသည် တစ်နေရာကထွက်ပေါ်လာသည်။ အခန်းထဲကပဲဖြစ်သည်။ ထိုသူသည် ဓားကောက်ကြီးကိုကိုင်ပြီး သွေးရူးသွေးတန်းဖြင့်လိုက်ရှာနေသည်။

အခန်းနံရံတွင် ပြောင်လက်နေသော ကြေးလုံသွားကြီးတစ်ခုကို မတွေ့လိုက်ရသည်။ လုံသွားက အနည်းငယ်လှုပ်ရှားသွားသလို ထင်လိုက်ရသည်။ ထို့ကြောင့် သူသည် လုံသွားကို အလိုလိုပင် လက်နှင့်ကိုင်မိလျက်သားဖြစ်သွားသည်။

အား!

သူ့လက်ကို လုံသွားက စုပ်ဝင်သွားခဲ့လေပြီ။

"အဘား . . အဘား . . အဘား"

ထိုသူသည် ငယ်သံပါအောင်အော်ပြီး ထွက်ပြေးသွားလေတော့သည်။

* * *



အခန်း – (၅)

အိမ်ကြီးထဲမှာ အဆောင်ဆောင် အခန်းခန်းတွေက များကြီး။ ကျန်လူလေးယောက်။ သူတို့လိုက်ရှာနေကြသူက ကံရာဇာ။ ခေါင်းတွေလည်း မူးနောက်နေကြပြီ။ ကံရာဇာမပြောနဲ့။ ကံရာဇာ၏ အရိပ်အယောင်ကိုပင် မတွေ့ကြရပေ။

ထိုစဉ် လူတစ်ယောက်၏ အော်သံကို ကြားလိုက်ကြသည်။ သူတို့ထဲက တစ်ယောက်ဆိုတာကို သိသွားကြသည်။ လေးယောက်ငါးစုကွဲနေကြသည်။ အော်သံကြားရာဆီကို ခြေထောက်တွေက တဖျတ်ဖျတ်နဲ့ ပြေးသွားခဲ့ကြသည်။

"အဘား . . အဘား"

တစ်ယောက်သည် စိတ်ခြောက်ခြားဖွယ်ရာ အသံကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်အော်ပြီး အိမ်အပြင်ကို ထွက်သွားခဲ့သည်။ သူတို့မမီလိုက်ကြတော့။

"ဝုတ်. . ဝုတ်. . ဝုတ်"

ခွေးဟောင်သံများကိုလည်း ကြားလိုက်ကြရသည်။

အား!

ပြီးတော့ ငယ်သံပါအောင် အော်လိုက်သံ။

နှစ်ယောက်က အပြင်ကို ပြေးထွက်သွားကြသည်။ နှစ်ယောက်က အိမ်ထဲမှာကျန်ခဲ့သည်။

"ဝုတ်. . ဝုတ်"

သူလူထိသွားသည်ကို ဇောနှင့်လိုက်ရှာနေကြစဉ် ခြံထဲမှာ ပတ်ဝန်းကျင်ကို သတိမထားမိလိုက်ကြ။ ခွေးကြီးသုံးကောင်က အမှောင်ထဲမှ ရုတ်တရက် ထွက်လာပြီး ခုန်အုပ်လိုက်လေတော့သည်။

အား!

အား!

ခွေးတွေက လည်မျိုကို အမိအရခဲထားလိုက်ကြ၏။ မျက်နှာဖုံးစွပ်နှစ်ဦးမှာ တအားအားဖြင့် အော်နေကြရသည်။ လက်ထဲမှာ ကိုင်ထားသည့် ဓားကောက်တွေလည်း ဘယ်ဆီကို လွင့်သွားခဲ့ကြလေသည်မသိ။





"ဟေ့ကောင်. . ယက္ခ၊ ငရဲ၊ ဂုမ္ဘာန်၊ လွှတ်လိုက်"

အမှောင်ရိပ်ထဲမှ ဦးကြက်တော၏ အသံထွက်ပေါ်လာခဲ့ပါသည်။ ဒိုဗာမင်ခွေးကြီးများသည် တိုက်ခိုက်နေရာမှ ရုတ်တရက်ရပ်လိုက်ကြပြီး ဦးကြက်တောဆီကို ပြန်ပြေးသွားကြသည်။

မြေပြင်ပေါ်မှာ လေးဘက်ထောက်ပစ်လဲနေကြသော နှစ်ယောက်မှာ တစ်ကိုယ်လုံး သွေးအလူးလူးနဲ့ ရှိနေကြသည်။ ခွေးကြီးများတိုက်ခိုက်မှုကြောင့် မသေရုံတမယ် ခံစားနေရပြီး ခြံပြင်သို့ ဒယီးဒယိုင် ကိုယ်လုံးများဖြင့် ထွက်သွားခဲ့ကြသည်။

x x x x x

အိမ်ထဲမှာ လူနှစ်ယောက်သာ ရှိတော့သည်။ သူတို့သည်လည်း အပြင်မှ အော်သံများကို မကြားပဲမနေကြ။ အခြေအနေမလှပြီကို သိရှိလိုက်ကြသည်။

သို့သော် ထိုသူတွေရဲ့ကံကြမ္မာကို ထွက်မကြည့်အားပါ။ အထက်က စေခိုင်းလိုက်သည့်တာဝန်ကို ကျေပွန်အောင် ဆောင်ရမည်။ ကံရာဇာဆိုသည့်ကောင်ကို ရှင်းပစ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



သူသိမ်းထားသည့် ပုရပုဒ်နှင့်ပစ္စည်းကို ရအောင်ယူရမည်။

တြိသပ္ပေါ်ဂိုဏ်းမှ ဂိုဏ်းသားများပင်ဖြစ်ကြသည်။ ခု တော့ သူတို့နှစ်ယောက်သာကျန်ရှိတော့သည့်အတွက် သတိ ကောင်းကောင်းထားနေကြရပြီ။

အစကတော့ ကံရာဇာကို လွယ်လွယ်ပင်ဖမ်းဆီးနိုင် မည်။ ညှင်းဆဲပြီး ပစ္စည်းတွေကို မရအရတောင်းယူကြမည် ပေါ့။ ခုတော့ သူတို့ဝင်လာကြသည့်နေရာကား ထောင်ချောက် တစ်ခုဖြစ်မှန်းမသိ ဖြစ်နေပြီကို နောက်ကျမှာဖြင့် သိလိုက်ကြ ရပြီတည်း။

နောက်ထပ် ဘာသံမှ မကြားရတော့။ နှစ်ဦးသား ကျောချင်းကပ်ပြီး အခန်းတစ်ခုဆီကို တရွေ့ရွေ့ဖြင့် ချဉ်း ကပ်သွားနေကြသည်။ တြိသပ္ပေါ်ဂိုဏ်းသားတစ်ဦးက ရဲတင်း ပုံရသည်။ တံခါးကို ခြေဖြင့်ကန်ပြီး ဖွင့်လိုက်သည်။

ဝုန်း!

ထို့နောက် နှစ်ဦးစလုံး ခုန်ဝင်သွားခဲ့ကြသည်။ အခန်း ထဲမှာ တွေ့လိုက်ကြရသည်ကား. . .။

စင်တစ်ခုပေါ်မှာ ဝါဆိုဖယောင်းတိုင်ကြီးတစ်တိုင်ကို ထွန်းထားသည်။ ရှေ့တည့်တည့် နံရံထက်မှာ ဆေးရောင်စုံ ပန်းချီကားချပ်ကြီးတစ်ခု ချိတ်ထားသည်။ ရှေးဟောင်းအဝတ်





အစားနဲ့ မင်းညီမင်းသားတစ်ဦး၏ပုံ။ လက်ထဲမှာဓားတစ်လက် ကိုင်ထားသည်။ ဘယ်လက်ကတော့ ဓားအိမ်ကိုကိုင်ထား၏။

ဓားအိမ်မှာ ရေးထွင်းထားသည်ကတော့ ရန်ပယ်ရှင်း။ ...ကို တြိသပ္ပေါ်ဂိုဏ်းသားနှစ်ဦးကတော့ ဖတ်တတ်ကြမှာ ...တ်ပါ။ သူတို့ကို အံ့အားသင့်သွားစေသည့် အချက်တစ်ခု ...တော့ ပန်းချီကားထဲမှ မျက်နှာပိုင်ရှင်...ည် ကံရာဇာနှင့်အ ...ာက်လေးကို ဆင်နေသောကြောင့်ပင်တည်း။

ပန်းချီကားချပ်ရဲ့ ဘေးမှာတော့ ဘီလူးခေါင်းကြီးတစ် ...ကို ချိတ်ဆွဲထားသည်။ အစွယ်ပြူးပြူးနဲ့ ဘီလူးကြီး၏ မျက် ...သည် ခက်ထန်ကြမ်းတမ်းလျက်ရှိသည်။ မီးရောင်အောက် ... ကြောက်စရာကောင်းနေသည်။ ရာမ၊ လက္ခဏဇာတ်လမ်း ... ဒသဂီရိအဖြစ် သရုပ်ဆောင်သည့် သူခေါင်းမှာဆောင်း ...ည့် ခေါင်းဆောင်းတစ်ခု။ ကံရာဇာသည် ဒသဂီရိခေါင်း ...ကြီးကို မည်သို့သော ရည်ရွယ်ချက်ဖြင့် သိမ်းဆည်းထား ...သလဲ။

တြိသပ္ပေါ်ဂိုဏ်းသားနှစ်ဦးတို့သည် သူတို့လိုချင်သော ...ည်းများကို အခန်းထဲမှာ မွှေနှောက်ပြီးတော့ရှာသည်။ ရှေး ...ောင်းဘီရိုတစ်လုံးကို တွေ့သည်နှင့် မွှေနှောက်ပြီးရှာသည်။ ...အကန့်တွေထဲမှာ ပုရပုဒ်စာတွေက အထပ်လိုက်၊ ပေစာ

www.burmeseclassic.com

ထုပ်တွေက စီစီရီရီ။

ထိုစဉ် ဘီလူးခေါင်းကြီးသည် မျက်တောင်ခတ်လာသည်။ အစွယ်ပြူးပြူးနဲ့ ပါးစပ်ကြီးကလည်း တဖြည်းဖြည်းနဲ့ ဟလာသည်။

"ဟား. . ဟား. . ဟား. . ဟား"

ရယ်သံကြီးတစ်ခု ထွက်ပေါ်လာသည်။ သပွေါဂိုဏ်းသားနှစ်ယောက် အလန့်တကြားဖြင့် နောက်ကို လှည့်ကြည့်လိုက်ကြသည်။

"ဟား. . ဟား. . ဟား"

ဘီလူးကြီး၏ မျက်လုံးတွေက မီးကျီခဲလို နီရဲလာ၏။ ပါးစပ်ကလည်း ဖွင့်လိုက်ပိတ်လိုက်နဲ့။ ရယ်သံက သူ့ပါးစပ်ထဲက ထွက်လာခဲ့တာတော့အမှန်။

သပွေါဂိုဏ်းသားနှစ်ယောက်က တစ်ချက်တော့တုန်လှုပ်သွားခဲ့သည်။ နှစ်ဦးသား တိုင်ပင်ထားကြသလို ဘီလူးခေါင်းကြီး၏ မျက်နှာကို ဖျက်ဆီးပစ်ရန် ဓားကောက်တွေကို ကိုင်ကာ ပြေးဝင်သွားခဲ့ကြသည်။

"ဝှစ်. . ဝှစ်"

ဘီလူး၏ ပါးစပ်ထဲမှ သေးငယ်သော အပ်လေးနှစ်ချောင်းထွက်လာပြီး သူတို့နှစ်ဦးလည်ပင်းတွေဆီကို ပြေးဝင်





သွားသည်။ အသားထဲ နစ်မြုပ်သွားသည်။

အား!

အား!

လန့်ဖြိုးသာ အော်လိုက်ကြသည်။ နာကျင်မှုက ခါချဉ်တစ်ကောင်ကိုက်သလောက်ပဲရှိသည်။ သူတို့ရဲ့ လည်ပင်းတွေဆီ ယောင်ယမ်းပြီး ကိုင်လိုက်ကြသည်။ ဘာကိုမှ မစမ်းမိပါ။ အပ်ကသေးလွန်း၍ အသားထဲကို နစ်မြုပ်ပြီးဝင်သွားသည်။ သူတို့မသိလိုက်ကြ။ တစ်ချက်ပဲ စစ်ကနဲဖြစ်သွားသည်။

သူတို့၏ နှာခေါင်းထဲကို ထူးခြားသည့် ရနံ့က စူးရှစွာဖြင့်ဝင်လာခဲ့သည်။ ခေါင်းထဲမှာ သရိုးသရီနဲ့ ဖြစ်သွားခဲ့၏။ ထိုစဉ် အခန်းထောင့်တစ်နေရာမှာ လူတစ်ယောက်ပေါ်လာခဲ့သည်။

ကဲရာဇာ. . .။

"ဟား. . ဟား. . ဟား"

"ဟား. . ဟား. . ဟား"

ရယ်သံက စောစောက ဘီလူးပါးစပ်ထဲမှ ထွက်လာသည့်ရယ်သံမျိုး။ အသံပြဲပြဲကြီးက ပျစ်ပျစ်နှစ်နှစ်ထွက်ပေါ်လာသည်။

"ဟေ့ကောင်တွေ. . ငါဒီမှာလေကွာ၊ မင်းတို့ ငါ့ကို


www.burmeseclassic.com

www.burmeseclassic.com

ဘာလုပ်ကြမလို့လဲ၊ လာကြလေကွာ"

ကံရာဇာပြောလိုက်သည်က မဋ္ဌိမတိုင်းသားတို့ဘာသာစကား။ သပွေါ်ဂိုဏ်းသားနှစ်ယောက်သည် ခွပ်သရီးခေါ် မားကောက်ကိုယ်စီဖြင့် ကံရာဇာဆီကို ပြေးဝင်သွားခဲ့ကြ၏။

မားကောက်တွေဖြင့် ကံရာဇာကို အားပါးတရ ခုတ်ချလိုက်သည်။ သို့သော် ကံရာဇာသည် နေရာမှပျောက်ကွယ်သွားခဲ့လေသည်။

"ဟင်. . ဘယ်ပျောက်သွားပါလိမ့်"

"ငါဒီမှာကွ"

သူတို့၏ ကျောဘက်မှ ထွက်ပေါ်လာသည့်အသံ။ အလန့်တကြားဖြင့် လှည့်ကြည့်လိုက်ကြရာ. . .။

ကံရာဇာက ခါးထောက်ပြီးတော့ သူတို့ကို ပြန်ကြည့်နေသည်။

"သေပေတော့"

မားကောက်တွေကိုကိုင်ကာ ကံရာဇာဆီကို ပြေးဝင်သွားခဲ့ကြပြန်သည်။ သူတို့အနားရောက်မလာကြမီ ကံရာဇာ ပျောက်ကွယ်သွားခဲ့ပြန်သည်။ ကံရာဇာသည် ပဥ္စလက်ပညာဖြင့် လှည့်စားတတ်လေသလား။

ထူးခြားသော အန့်တစ်မျိုးကို ရှူရှိုက်မိတာကြောင့်





ထိုအနံ့ကပဲ လူတွေ၏ အာရုံကို ပြောင်းတတ်လေသလား။ မီးရောင်မှိန်မှိန်မှာ အမှောင်က သိသာစွာ မိုးမိုးထားသည်။ ထို့ကြောင့် ကြောက်စိတ်က တစ်ဝက်ဝင်နေကြသည်။ ခေါင်းထဲမှာလည်း မူးယစ်သောဝေဒနာတစ်မျိုးကို ခံစားလာခဲ့ကြရ၏။

ထိုစဉ် နံရံမှာချိတ်ထားသည့် ဘီလူးခေါင်းကြီးသည် အလိုလိုပြုတ်ထွက်လာကာ သူတို့ဆီကို ပြေးဝင်လာခဲ့ကြ၏။ (စိတ်မှထင်မြင်မိတာလည်း ဖြစ်နိုင်သည်)

"အဘား. . အဘား"

အော်ပြီးထွက်ပြေးကြလေတော့သည်။

"ဟား. . ဟား. . ဟား. . ဟား"

ရယ်မောလိုက်သံသည် အခန်းထဲမှာ ကြက်သီးထဖွယ်ရာကောင်းအောင် ထွက်ပေါ်လာခဲ့လေသတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း – (၅)

လွှန်စွာမှလှပြတ်သော တောလမ်းဘေးတစ်နေရာ၌ ခေါင်းစွပ်အနက်နဲ့ လူတစ်ယောက်သည် လဲကျသေဆုံးလျက်ရှိသည်။ ရဲများရောက်လာကြသောအခါ ကိုယ်ပေါ်မှ ဒဏ်ရာများကို စစ်ဆေးကြည့်ကြသည်။

လက်ဝါးပြင်တွင် ပြတ်ရှသော ဒဏ်ရာသေးသေးတစ်ခု(မပြောပလောက်ပါ)မှအပ မည်သည့်ဒဏ်ရာဒဏ်ချက်ကိုမှ မတွေ့ရ။ (နောင်အခါ အလောင်းကို စစ်ဆေးကြည့်သောအခါ ကိုယ်ထဲမှာ အဆိပ်များပျံ့နှံ့ပြီး အရေပြားက မဲပြာလျက်ရှိသည်။ အထိုအဆိပ်ကြောင့်ပင် သေဆုံးသွားခဲ့ကြောင်းကို ဆေးမှတ်တမ်းတင်ထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် အလားတူ မျက်နှာဖုံးစွပ်နှစ်ယောက်တို့က လည်း တစ်နေရာမှာ လဲကျပြီးသေဆုံးလျက်ရှိကြသည်။ ရုတ်တရက်ကြည့်လျှင် သူတို့၏ကိုယ်ပေါ်မှာလည်း မည်သည့်ဒဏ်ရာဒဏ်ချက်ကိုမှ မတွေ့ကြရ။

နှလုံးခုန်နှုန်းတဖြည်းဖြည်းရပ်ပြီး သေဆုံးသွားကြတာကို အံ့ဩဖွယ်ရာ စစ်ဆေးတွေ့ရှိကြရသည်။ အလောင်းအား စစ်ဆေးသူ မျက်စိလျင်သော ဆရာဝန်က လည်ပင်းတွင် ထင်ရုံလေး သွေးစို့နေသော အပ်ပေါက်ရာလေးတစ်ခုကို တွေ့ရသည်။

အရေပြားကို ခွဲထုတ်ကြည့်သောအခါ အသားထဲမှာ နှစ်မြုပ်နေသည့် သေးငယ်သော အပ်ကလေးနှစ်ခုကို တွေ့လိုက်ကြရသည်။

"ဒီလောက်သေးတဲ့အပ်မျိုးကို ကျုပ်တစ်ခါမှ မတွေ့ဖူးဘူးဗျာ၊ အပ်မှာ လိမ်းကျံထားတဲ့ အဆိပ်ဟာ နှလုံးကိုဖျက်ဆီးတဲ့ အဆိပ်တစ်မျိုးဗျ၊ တစ်ရာရီအတွင်းမှာ နှလုံးခုန်နှုန်းကို နှေးကွေးလာစေပြီး နောက်ဆုံးမှာတော့ နှလုံးခုန်ရပ်သွားပြီး ညင်သာစွာနဲ့ အသက်ထွက်သွားတာပဲ၊ ဒီလိုအဆိပ်မျိုးဟာ ဒီမှာမရှိဘူး၊ ဂျားဗားကျွန်းက သိပ်ပြီးရှားပါးတဲ့ သစ်ပင်ရဲ့ အခေါက်ကနေ ထုတ်ယူရတယ်"





မှူခင်းဆရာဝန်က မှတ်ချက်ချသည်။ သေဆုံးသူသုံးဦးစလုံးသည် မဖျိမတိုင်းသားများဖြစ်ကြသည်။ သူတို့၏လက်မောင်းတွင် လှံတံတစ်ခုကို မြွေသုံးကောင်က လိမ်ယှက်ထားသည့်ပုံကို ဆေးမင်ကြောင်ထိုးထား၏။ သူတို့မှာ တြိသပ္ပေါ်ဂိုဏ်းသားများပင်တည်း။

× × × × ×

ထိုသူများသည် မည်သူ့လက်ချက်ကြောင့် သေဆုံးခဲ့ကြရသည်ကို မသိကြချေ။ သက်ဆိုင်ရာက စုံစမ်းစစ်ဆေးနေကြဆဲပင်ဖြစ်သည်။

သက်ဆိုင်ရာမှ သင်္ကာမကင်းဖြစ်ခံရသူမှာ ကံရာဇာဝင်ဖြစ်သည်။ သို့သော် ရာဇဝတ်ဝန်ကလေး ကိုဩဘာသည် ကံရာဇာကို တိုက်ရိုက်သွား၍ စစ်ဆေးစုံစမ်းသောနည်းအား အသုံးမပြုရန် ဆုံးဖြတ်ထားသည်။ ကံရာဇာ၏ အသွားအလာ အဝင်အထွက်ကို အချိန်ယူ၍စောင့်ကြည့်ခြင်းက အကောင်းဆုံးဟု နားလည်ထားသည်။

ကံရာဇာသည် လူငယ်သလောက် လွန်စွာမှ သိုသိပ်သည်။ လျှို့ဝှက်နက်နဲသည်။ သူ၏ သွင်ပြင်အမူအရာသည်



www.burmeseclassic.com

www.burmeseclassic.com



ရင့်ကျက်မှုဖြင့် ပြည့်နေသယောင် ဂမ္ဘီရဆန်သည်ဟု ကိုသြ
ဘာခံယူထားလေသည်။

ကိုသြဘာ. . ကံရာဇာဆီကိုသွားလည်း အကျိုးရှိမှာ
မဟုတ်။ အဘယ်ကြောင့်ဆိုသော် ကံရာဇာသည် ထိုအိမ်မှာ
မရှိတော့။ ခရီးရှည်ကြီးတစ်ခုကို ထွက်သွားပြီဖြစ်သည်။

အဖော်ဖြစ်သော ဦးကြွက်တောနှင့်ဒိုဗာမင်ခွေးကြီး
သုံးကောင်သည်လည်း ပျောက်ခြင်းမလှ ပျောက်နေခဲ့လေသ
တည်း။

× × × × ×

လွန်စွာမှ နက်ရှိုင်းလှသော တောတွင်းတစ်နေရာ
မြန်မာအိန္ဒိယနယ်စပ်အတွင်းမှာ။

အချိန်ကား ညကာလ။ ကျောက်ဂူကြီးတစ်ခုထဲတွင်
မီးရောင်က တလက်လက်။ ဂူထဲမှ လူရိပ်များသည် နံရံများ
ပေါ်မှာ ယိမ်းထိုးလှုပ်ရှားနေကြသည်။

လွန်စွာမှ ချောမောလှပသော ဆာရီဝတ်မိန်းကလေး
တစ်ဦးသည် ကုလားထိုင်တစ်လုံးပေါ်မှာ ထိုင်လျက်ရှိသည်
ပဝါပါးလေးတစ်ခုသည် ဖြောင့်စင်းသော နှာတံတစ်ဝက်ကို



ဖုံးအုပ်ထားသည်။ နှာတံတစ်ဝက်အောက်ကို ခံရေးရေးမျှသာ
မြင်ရ၏။

သူမ၏ နှုတ်လမ်းအစုံက ပြည့်တင်းစေ့စပ်လှသည်။
စူးလက်သော မျက်ဝန်းတစ်စုံနဲ့ ပေါင်းစပ်လိုက်လျှင် ထက်
မြက်သည့်အသွင်မျိုး ရက်စက်မည့် လက္ခဏာပိုင်ရှင်ဟု ယူဆ
၍ရသည်။

သူမ၏ရှေ့မှာ လူနှစ်ယောက်။ ထိုသူနှစ်ဦးသည် ရို
ကျိုးစွာဖြင့် ဒူးထောက်နေကြပါသည်။ မျက်နှာတွေကတော့
ကြောက်ရွံ့ ထိတ်လန့်မှုအသွင်၊ မျက်နှာနှင့်လည်ပင်းမှာ ဒဏ်
ရာဒဏ်ချက်အချို့။

“နင်တို့ မအောင်မြင်ပဲ ရန်သူ့လက်ချက်မိလာတယ်
ပေါ့လေ ဟုတ်လား ကျန်တဲ့ကောင်တွေကော”

သူမ၏အသံက ရင်ထဲသို့ ထိုးဖောက်ပြီး ဝင်သွားရ
လောက်အောင် စူးရှလှသည်။

“သူတို့. . သူတို့. . .”

“မပြောကြနဲ့တော့၊ ငါသိပြီးပြီ၊ ဟိုမှာ သုံးယောက်
သေကျန်ရစ်ခဲ့ကြတယ်၊ သက်ဆိုင်ရာက သူတို့ရဲ့ အလောင်း
တွေကို တွေ့သွားခဲ့ကြပြီ”

ထိုသူနှစ်ယောက်သည် ပါးစပ်အဟောင်းသားနဲ့ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သွားကြသည်။

"နင်တို့နောက်ကို ငါထပ်ပြီးလွှတ်လိုက်တဲ့ သတင်း
ပေးက ဖြစ်ကြောင်းကုန်စင်ကို လာပြောပြပြီးပြီ၊ ကံရာဇာဆီ
က ပစ္စည်းတွေလည်း ရအောင်မယူနိုင်ခဲ့ဘူး၊ သူ့ကိုလည်း အ
ပြတ်မရှင်းနိုင်ဘူး၊ နင်တို့မှာ အပြစ်ရှိလား၊ မရှိဘူးလားပြော"

"ရှိ. . ရှိပါတယ်"

တုန်ရီစွာဖြင့် ဖြေကြသည်။ တာဝန်မကျေပွန်၍ အ
ပြစ်ရှိသူကို မည်သို့ အပြစ်ဒဏ်ပေးသည်ကိုလည်း သူတို့သိ
ထားခဲ့ကြသည်။ ထို့ကြောင့် ကြောက်စိတ်လွှန်ကဲပြီး တစ်ကိုယ်
လုံး တုန်ရီလျက်ရှိသည်။

"ပိုဆိုးတာက ငါတို့ဂိုဏ်းသားတွေ အဝေးတစ်နေရာ
မှာ ပိုးစိုးပက်စက်နဲ့ သေကြရတာကို သိကုန်ကြပြီ၊ တြိသပွေါ
ဂိုဏ်းသားတွေရဲ့ လျှို့ဝှက်ချက်တွေကို တစ်ချို့တစ်ဝက်သိ
သွားကုန်ကြလို့ပဲ"

"ကျွန်. . ကျွန်တော်တို့ကို ထပ်ပြီးသွားခွင့်ပြုပါ၊ ကံ
ရာဇာကို အနိုင်တိုက်ပြီး ပစ္စည်းတွေကို ရအောင်ယူလာခဲ့ပါ့
မယ်"

မိန်းကလေးက လက်ဝါးကာပြလိုက်သည်။

"တော်ပြီ၊ ပထမအကြိမ် ရှုံးနိမ့်ခဲ့ကြတဲ့သူတွေကို ဒု





တိယအကြိမ် ထပ်မခိုင်းတော့ဘူး၊ နင်တို့ရဲ့ သက်တမ်းကုန်
...

"ဗျာ. . ကျွန်တော်တို့အသက်ကို နောက်ဆုံးအကြိမ်
ချမ်းသာပေးပါ၊ ဒီတစ်ခါ အောင်မြင်အောင်ကြိုးစား. . ."

"တော်. . တန်. . တိတ်၊ ငါ့ကို ဘာမှထပ်မပြောကြ
နဲ့တော့၊ ငါက ဟင်ဆိုပြီးရင် ဘယ်တော့မှ နောက်မဆုတ်ဘူး"

မိန်းကလေးက လက်ခုပ်နှစ်ချက်တီးလိုက်သည်။ လူ
သန်ကြီးနှစ်ယောက်သည် အတွင်းတစ်နေရာက ထွက်လာခဲ့
သည်။

"သူတို့နှစ်ယောက်ကို သေတွင်းဝဆီခေါ်သွားကြ"

ထိုသူနှစ်ယောက်ကို လက်မောင်းနှစ်ဖက်မှ တင်း
ကျပ်စွာဆုပ်ကိုင်ကာ ခေါ်သွားကြသည်။ သူတို့က အကြောက်
တကန်ရုန်းကန်ရင်း လိုက်ပါသွားခဲ့ကြလေသည်။

ခပ်လှမ်းလှမ်းတွင် ဆာရီဝတ်မိန်းကလေးငါးယောက်
သည် သူမကို ကြောက်ရွံ့စွာဖြင့် ငြိမ်သက်စွာ ရပ်ကြည့်နေ
ကြသည်။

"နင်တို့လည်း ငါနှင့်အတူလိုက်ခဲ့ကြ၊ ရှုံးနိမ့်သူတွေ
သုတ်သင်ပွဲကို နင်တို့လည်းကြည့်ရမယ်"

မိန်းကလေးက ရှေ့မှထွက်သွားသည်။ သူမ၏ ကျော့



www.burmeseclassic.com

www.burmeseclassic.com



ရှင်းသော ကိုယ်ဟန်ကလေးသည် လမ်းလျှောက်ရာ၌ ဆင်မယဉ်သာခြေလှမ်းမျိုးဖြင့် လှမ်းနေသကဲ့သို့ပင်။ ခန္ဓာကိုယ်ကနွဲ့နှောင်းသလောက် စိတ်ဓာတ်ကတော့ မပျော့ပျောင်းလှပါ။ မိန်းကလေးငါးယောက်တို့သည် သူမ၏နောက်မှ ရိုကျိုးစွာဖြင့် လိုက်ပါသွားခဲ့ကြသည်။

ကျောက်ဂူကြီးက ကျယ်ဝန်းလှသည်။ ဂူနံရံတွင် ဆီမီးခွက်များကို တင်ထားကြသည်။ စင်ကလေးများက မြောက်များစွာ။ ထို့ကြောင့် ဂူထဲမှာ ထိန်ထိန်လင်းလျက်ရှိသည်။

ဂူ၏ဝဲယာမှာ ရပ်နေကြသည့်သူများသည် ခါးမှာခွပ်သရီးခေါ် ဝေါ်ရခါးဓားကောက်များကို ချိတ်ဆွဲထားကြသည်။ အဝတ်အစားများသည် အနက်ရောင်ဖြစ်ကြ၏။ သူတို့သည် မိန်းကလေးကို လက်နှစ်ဖက်မြောက်တန်းကာ အရိုအသေပြုကြသည်။

"မာယာဒေဝီ . . မာယာဒေဝီ"

သူမ၏အမည်ကိုခေါ်ပြီး နှုတ်ဆက်လိုက်သံများသည် ဂူထဲမှာ ဟိန်းထွက်သွားခဲ့သည်။ မာယာဒေဝီသည် လှပနုနယ်သော မိန်းမပျိုလေးတစ်ဦးဖြစ်သည်။ သူမ၏ လှပမှုကို မိန်းကလေး၏ ရက်စက်သော မျက်ဝန်းတွေက ဖျက်ဆီးပစ်နေသည်။ မာယာဒေဝီသည် ကွက်လပ်၏ အလယ်မှမသွားပဲ ညာဘက်မှ ကွေ့ဝိုက်ပြီးတော့သွားသည်။

ကွက်လပ်ကြီးသည် အနက်နှင့်အဖြူရောင်စတုရန်းကွက်များဖော်ထားသည်။ သလင်ကျောက်ကွက်များဖြစ်သည်။ မာယာဒေဝီသည် လှေကားငါးထစ်ကို တက်သွားပြီး စင်မြင့်အလယ်ရှိ ရွှေကုလားထိုင်တစ်လုံးမှာ ထိုင်လိုက်သည်။ စောစောက မိန်းကလေးငါးယောက်သည် မာယာဒေဝီ၏ ကျောဘက်မှာ တစ်ယောက်နှင့်တစ်ယောက် နှစ်ပေစီခွာပြီး ရပ်နေလိုက်ကြသည်။

"ငါတို့ရဲ့ တြိသပ္ပေါ်ဂိုဏ်းသားတစ်ချို့ဟာ ခိုင်းလိုက်တဲ့ တာဝန်ကို မကျေပွန်ခဲ့ကြဘူး၊ တစ်ချို့လည်း ကံရာဇာရဲ့ တိုက်ချက်နဲ့ သေဆုံးခဲ့ကြတယ်၊ သူ့ဆီကလည်း ငါတို့လိုချင်တဲ့ပစ္စည်းတွေ မရခဲ့ကြဘူး၊ ဒီတစ်ခါ ငါတို့အနာဆုံးပဲ၊ ငါတို့မှာ အရှုံးဆိုတာ မရှိစေရဘူး၊ အနိုင်ဆိုတာပဲရှိရမယ်၊ ငါတို့ ...ားရဲ့ အစဉ်အလာအတိုင်း ရှုံးနိမ့်သူသည် သေဒဏ်ကျခံခြင်းမှလွဲ၍ အခြားမရှိ၊ ကိုင်း . . ထုံးစံအတိုင်း ဆောင်ရွက်ကြ"

လူသန်ကြီးနှစ်ယောက်သည် စောစောက လူနှစ်ဦး ... ရှေ့သို့တိုးပြီး ကွက်လပ်၏အလယ်မှာရပ်စေသည်။ ထိုသူနှစ်ယောက်သည် စောစောကလိုမျိုး ရှိန်းကန်ခြင်းမျိုးမရှိကြ





www.burmeseclassic.com

www.burmeseclassic.com



တော့။ စိတ်ကို လျှော့ထားကြဟန်တူသည်။ ယိမ်းယိုင်သော ခြေလှမ်းများဖြင့် လိုက်ပါလာကြပြီး မသက်မသာ မျက်နှာမျိုးဖြင့် ရပ်နေကြသည်။ မျက်လုံးတွေကိုတော့ စုံမှိတ်ထားကြလေသည်။

"နင်တို့ ငါ့လက်ကလွတ်မြောက်ချင်ကြတယ်မဟုတ်လား၊ အေး. . အဲဒီလွတ်မြောက်ခွင့်ကတော့ လောကကြီးထဲက စွန့်ခွာခြင်းပဲ၊ တမလွန်မှာ အေးချမ်းသာယာစွာနဲ့ နေကြပေတော့"

ထိုစဉ် မည်သူက မည်ကဲ့သို့ ပြုလုပ်လိုက်သကဲ့မသိ။ ထိုသူနှစ်ဦးရပ်နေသည့် မြေကွက်လပ်ကြီးသည် ရုတ်တရက် ကွဲထွက်သွားပြီး အပေါက်ကြီးတစ်ပေါက်ဖြစ်သွားခဲ့လေ၏။

အား!

အား!

နှစ်ယောက်စလုံး အောက်ကိုထိုးကျသွားခဲ့ကြသည်။ မှောင်ပိတ်နေသော တွင်းနက်ကြီး၏ အောက်ခြေထဲမှာ များပြောင်လှသော မြွေဆိုးများက တရှူးရှူးတရှဲရှဲဖြင့် မာန်ဖီနေကြသည်။ ထိုသူတို့၏ ကံကြမ္မာကား မတွေးဝံ့စရာပါ။ တွင်းပေါက်ကြီးသည် ပြန်ပိတ်သွားခဲ့သည်။ စောစောကလို ပကတိကြမ်းခင်းအတိုင်း။






မာယာဒေဝီထံမှ ရယ်သံသဲ့သဲ့က ထွက်ပေါ်လာခဲ့ပါသည်။ ထိုရယ်မောသံသည် နှစ်လိုဖွယ်ရာ ကောင်းလှသည်။ နာက်ချားစရာလည်း ကောင်းသည်။ စုံမက်စရာလည်း ဖြစ်သသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com





## အခန်း – (၆)

လွန်စွာမှ နက်ရှိုင်းလှသော တောကြီးဟေမဝါ။ သားကောင်ကြီးတွေကလည်း ပေါမျှားလှသည်။ သားကောင်ငယ်လေးတွေဆိုလျှင်လည်း ဘာသာဘာဝ မြူးတူးပျော်ပါးကျက်စားလျက်ရှိနေကြသည်။

ရက်စက်ကြမ်းကြုတ်သော သဘာဝရှိကြသည့် ကျား၊ များသစ်စသည့်သတ္တဝါများက သူ့အုပ်စုနှင့်သူ၊ တစ်ကောင်တည်းကျက်စားကြသည့် သူတွေကလည်း တစ်တောပြီးတစ်တော၊ တစ်ခြုံပြီးတစ်ခြုံ အသွားအလာမပျက်။ အဓိက မိမိ၏ဝမ်းစာအတွက် သားကောင်ငယ်များကို လိုက်လံရှာဖွေလျက်ရှိသည်။

www.burmeseclassic.com



ရှိးမတောကြီးသည် ထူးခြားဆန်းကြယ်မှုတွေနဲ့ ပြည့်စုံနေသည့်တောကြီးတစ်တောဆိုလျှင်မမှား။ တော၏အပြန့်အပြောကလည်း ခန့်မှန်း၍မရနိုင်အောင် ကျယ်ပြန့်လှသည်။

တစ်တောင်ကျော်လောက်ဆီက ကျားဟိန်းသံ၊ မနီးမဝေးက ချေဟောက်သံ၊ သမင်တောက်သံများကို တစ်ချက်တစ်ချက်မှာ ကြားနေရသည်။

တောနက်ကြီးထဲကို ရောက်နေသော လူသားတစ်ယောက်။ သူသည် ဂျန်းဂဲလ်ဟက်ခေါ် မုဆိုးများဆောင်းသည့် ဦးထုပ်ကို ဆောင်းထားသည်။ တောတွင်းစီးဖိနပ်ကို စီးထားသည်။ မုဆိုးများဝတ်ဆင်သည့် အဝတ်အစားများကို စမတ်ကျကျ ဝတ်ထားသည်။

သူကတော့ ကံရာဇာ. . .။

သို့သော် ကံရာဇာသည် မုဆိုးတစ်ယောက်မဟုတ်။ အမဲလိုက်သမားမဟုတ်။ အကြောင်းတစ်ခုခုကြောင့် ရောက်နေခြင်းဖြစ်သည်။

ကံရာဇာသည် သစ်ပင်ကြီးတစ်ပင်ကို မှီ၍ထိုင်နေသည်။ သူ၏ အမူအရာသည် အေးအေးဆေးဆေး။ ခရီးပန်းနွမ်းနယ်နေသလို အမူအရာမျိုးမရှိ။ နားနားနေနေရှိနေသည့် ဟန်သည် တစ်ယောက်ယောက်ကို စောင့်ဆိုင်းနေသည့် အ





သွင်မျိုးများလား။

ထိုစဉ် သူ့ဘယ်ဘက်ရှိ တောအုပ်ထဲက တဝုန်းဝုန်း အဖြောင်းဖြောင်းဖြင့် ပြေးလွှားလာသည့် အသံများကို ကြားလိုက်ရသည်။

ဝုန်း!

"ဖြောင်း. . ဖြောင်း"

သမင်တစ်ကောင်သည် ပြေးထွက်လာသည်။ သေအောင်ပေါင်းလဲ ပြေးလာခြင်းဖြစ်၍ သူ့နောက်မှာ အန္တရာယ်တစ်ကောင်က ကပ်ပြီးပါလာနေပြီ။

သမင်သည် သမင်ဖိုကြီးဖြစ်ပြီး လွန်စွာဝေးကွာသော အရပ်က ပြေးလာခဲ့ရ၍ မောပန်းလှပြီ။ ဆက်မပြေးနိုင်တော့။ နောက်ချင်တော့ သမင်ဖိုကြီးသည် ကံရာဇာဆီကို တည့်တည့် ပြေးလာပြီး အနားမှာ ဝပ်ချလိုက်လေတော့သည်။

"ဟာ. . ဒီသတ္တဝါတော့ အစောင့်အရှောက်ကိုခံယူ ဖို့ ငါ့ကိုတာဝန်ပေးလိုက်ပြီ"

သမင်ဖိုကြီးသည် ဖစ်ကိုယ်လုံး ချွေးသီးချွေးပေါက် တွေကျကာ တဆတ်ဆတ်ဖြင့် တုန်ရီလျက်ရှိသည်။ ကံရာဇာသည် သမင်ဖိုကြီး၏ ကျောပြင်ပေါ်ကို လက်တင်လိုက်ပြီး။

"မင်းမကြောက်နဲ့၊ ငါ့ရှေ့ကိုရောက်လာမှတော့ မင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ငါစောင့်ရှောက်မယ်၊ မင်းမသေစေရဘူး"

သတ္တဝါသည် နောက်မှလိုက်လာသော အန္တရာယ်ကြောင့် ပြေး၍မလွတ်ပုံပေါ်သောအခါ တွယ်မိတွယ်ရာတွယ်လိုက်ခြင်းပင်။

တောထဲမှ တဝုန်းဝုန်းနဲ့ အသံများကို ဆက်တိုက်ကြားနေရပြီး မကြာမီမှာပင် ကျားကြီးတစ်ကောင်သည် ဘွားကနဲပေါ်လာခဲ့၏။ ကျား၏အဟုန်သည် သားကောင်ကို အမိအရဖြစ်စေရန် မိမိ၏ လက်သည်းများကြားထဲသို့ ရောက်လာစေဖို့ပဲဖြစ်သည်။

သူလည်းပဲ သားကောင်နောက်သို့ ဖွဲ့နပဲကြီးစွာဖြင့် လိုက်လာခဲ့ရသည့်အတွက် မောပန်းလျက်ရှိသည်။ သမင်က အပြေးကောင်းသည်။ ကျားကလည်း အလိုက်ကောင်းသည်။ သို့သော် ကျားအိုကြီးတစ်ကောင်ဖြစ်နေသည်။ ကျားအိုကြီးက ဆာလောင်မွတ်သိပ်နေဟန်ရှိသည်။

သို့သော် မမျှော်လင့်မိသော မြင်ကွင်းတစ်ခုက သူ့ကိုဆီးပြီးကြိုနေသည်။ သူတောက်လျှောက်လိုက်ခဲ့သော သမင်သည် ခုတော့ လူတစ်ယောက်၏အနားမှာရောက်နေ၏။

ကျားစဉ်းလဲ မျက်လုံးအစုံသည် ပို၍စူးလက်သွားသည်။ သူ့အတွက် သားကောင်နှစ်ကောင်ဖြစ်သွားခဲ့ပြီကော။





ားအိုကြီးသည် လူသားကို စားဖူးခဲ့သူဖြစ်သည်။ လူ့အသွေး သားသည် မည်မျှအထိ ချိုမြိန်ကြောင်းကို သူကောင်းစွာသိ ခဲ့သည်မဟုတ်ပါလား။

လျှင်မြန်သော အဟုန်ဖြင့် ပြေးလာသော သူ့ခြေလှမ်း းသည် ရုတ်တရက် ရပ်တန့်သွားခဲ့ရသည်။ သားကောင် ကောင်စလုံးသည် သူ့ရှေ့မှာရှိနေခဲ့လေပြီ။ သူ့အတွက်က ာ့ အိတ်ဝင်သပိတ်ဝင် ဖြစ်သွားခဲ့ရသည်။ မည်သူ့ကို အ မ်းမလဲ။ တစ်ဦးဦးကို အုပ်ဖမ်းလိုက်လျှင် တစ်ဦးကတော့ တ်ပြေးလွတ်မြောက်သွားနိုင်သည်။ သူလိုချင်သည်က နှစ် လုံး။'

ကျားအိုကြီး၏ မျက်လုံးတွေက ပိုပြီးတော့ စူးလက် းသည်။ သားကောင်နှစ်ဦးစလုံးကို တပြိုင်တည်းဖမ်းအုပ် လောဘတကြီး ဆုံးဖြတ်ချက်ချလိုက်သည်။

ထို့ကြောင့် သားကောင်များကို ခုန်အုပ်ဖမ်းဆီးရန် လှမ်းများကို ရှေ့သို့တဖြည်းဖြည်းနဲ့ တိုးလာသည်။ ကံရာ သည် ရုတ်တရက် မတ်တတ်ထရပ်လိုက်ကာ ကျားအိုကြီး မျက်နှာချင်းဆိုင်လိုက်၏။ ကျားအိုကြီးကိုလည်း မကြောက် စူးစိုက်ပြီး ကြည့်နေလိုက်သည်။

ကျားအိုကြီးနှင့်အကြည့်ချင်းဆုံသွားသည်။ မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ချင်းဆုံသွားသည်။ တဖြည်းဖြည်း လှမ်းလာသော ကျားအိုကြီး၏ ခြေလှမ်းတွေသည်လည်း ရုတ်တရက် ရပ်တန့်သွားခဲ့ရ၏။

ဘယ်လိုလူပါလိမ့်၊ ငါ့ကိုမကြောက်မရွံ့ ပြန်ပြီးတော့ ကြည့်နေပါလားဟု ထူးဆန်းစွာတွေးချင်တွေးနေပေလိမ့်မည်။ (ကျား၏အတွေးထဲမှာ ဒီအတိုင်းရှိနေနိုင်သည်)။

ကံရာဇာ၏ မျက်လုံးအစုံသည် ကျားကြီး၏ မျက်လုံးဆီက လုံးဝမရွေ့ပဲ ခြေလှမ်းတွေက ကျားကြီးဆီကို တဖြည်းဖြည်းနဲ့လျှောက်သွားသည်။

စိတ်ဓာတ်ကို ကြီးမားသော ခွန်အားအပြည့်ဖြင့်တည်ဆောက်ထားပြီး ရိုင်းစိုင်းခက်ထန်သော သတ္တဝါတစ်ကောင်ကို အပေါ်စီးမှချုပ်ကိုင်ရန်ကြံသည်။ ကျားအိုကြီး၏ မျက်လုံးအစုံသည် အရောင်မှိန်ကျသွားသည်။

နောက်ကို တဖြည်းဖြည်းနဲ့ ဆုတ်ခွာသွားသည်။ ကံရာဇာက တဖြည်းဖြည်းနဲ့ ရှေ့တိုးလာသည်။ ကျားအိုကြီးကတော့ နောက်ကိုတဖြည်းဖြည်းနဲ့ ဆုတ်သွားစမြဲ။ ကျားအိုကြီး၏ မျက်လုံးတွေသည် ကံရာဇာဆီမှ ခက်ခဲစွာဖြင့် လွှဲဖယ်လိုက်ပြီး နောက်ကြောင်းပြန်လှည့်လိုက်သည်။ ထိုနောက်မှာတောထဲကို ဖြည်းလေးစွာဖြင့် ပြန်ဝင်သွားခဲ့လေသည်။ ကံရာဇာသည် သမင်ဆီကို ပြန်လျှောက်လာပြီး. . .။





"ကဲ. . မင်းအတွက် အန္တရာယ်မရှိတော့ဘူးကွာ၊ သွားလိုရာကိုသွားပေတော့"

သမင်သည် ဝပ်နေရာမှထလိုက်ကာ ကံရာဇာ၏ခြေထောက်ကို ခေါင်းနှင့်ပွတ်တိုက်သည်။ ချိုများနှင့်ထိစေသည်။ ပြီးမှသူသွားလိုရာအရပ်သို့ တဟုန်ထိုး ပြေးထွက်သွားခဲ့လေသည်။

ကံရာဇာသည် ခေါင်းတညိတ်ညိတ်ဖြင့် ကျန်ရစ်ခဲ့ပါသည်။ မိမိချင်းတောင်ဘက်သို့ရောက်ခဲ့စဉ်က မိတ်ဆွေချင်းအမျိုးသားတစ်ဦး၏ ပြောစကားကို ပြန်ပြီးအမှတ်ရလာခဲ့၏။

"ကျားဆိုတဲ့ သတ္တဝါက တစ်မျိုးဗျ၊ သူ့ကိုသတ္တဝါငယ်လေးတွေက ကြောက်ကြမှန်းသိလို့ ဗိုလ်ကျချင်ကြတယ်၊ သူက ခွန်အားကို အသုံးပြုတဲ့သတ္တဝါမဟုတ်လား၊ သားကောင်ဆိုတာ မိလိုက်ရင် သူ့လက်ခုပ်ထဲကရေပဲလေ"

"ဒါပေမယ့် ကျားဟာ ရဲရင့်သလောက် စဉ်းလဲတယ်၊ ကောက်ကျစ်တယ်၊ ဦးနှောက်ကတော့ သိပ်မရှိဘူး၊ ဥာဏ်လည်းနည်းပါးတာကိုတွေ့ရတယ်၊ ကျွန်တော့်ဆရာ မုဆိုးတစ်ဦးက သင်ပြခဲ့ဖူးတယ်ကွ၊ ကျားကိုရင်ဆိုင်တွေ့ရင် ပြေးလို့မလွတ်ဘူးလို့ထင်ရင် သူ့မျက်လုံးတွေကို ရဲရဲဝံ့ဝံ့စူးစိုက်ပြီးတော့ ပြန်ကြည့်လိုက်၊ အဲဒီအချိန်မှာ ငါဒီကျားကို ကြောက်စရာမ



www.burmeseclassic.com

www.burmeseclassic.com



လိုဘူး၊ ဒီကောင်ဟာ ကြောက်စရာကောင်းတဲ့သတ္တဝါလည်း မဟုတ်ဘူး၊ ငါ့အခုချက်ချင်း သတ်ပစ်လို့ရတယ်လို့ စိတ်ထဲမှာ မာန်သွင်းပြီးတွေးနေလိုက်၊ ပြီးတော့ ကျားဆီကို တဖြည်းဖြည်း လျှောက်သွား၊ ကိုယ့်မျက်လုံးတွေကိုတော့ ကျားမျက်လုံးတွေဆီက လုံးဝမရွှေ့နဲ့၊ ကျားဟာ သူ့အလိုလို သိမ်ငယ်လာပြီး နောက်ကို ပြန်ဆုတ်သွားလိမ့်မယ်တဲ့"

"ဟုတ်တယ်ဗျာ၊ ကျွန်တော်တစ်ခါက ကျားနှင့်ပက်ပင်းတိုးမိတယ်၊ ရုတ်တရက်တော့ ခေါင်းတွေဘာတွေကြီးသွားတာပေါ့၊ ကျွန်တော့်မှာ ဘာလက်နက်မှမပါဘူးလေ၊ အဲဒီအချိန်မှာ ဆရာပြောခဲ့တဲ့စကားကို ချက်ချင်းသတိရသွားခဲ့တယ်၊

စိတ်ကိုတင်းလိုက်ပြီးတော့ ကျားရဲ့မျက်လုံးတွေကို မကြောက်မရွံ့တဲ့ဟန်နဲ့ အကြာကြီးစိုက်ကြည့်နေမိတယ်၊ ကျားကလည်း ကျွန်တော့်မျက်လုံးတွေကို စိုက်ကြည့်နေတာပဲ၊ ကျွန်တော်ရောကျားပါ ငြိမ်နေကြတာ၊ အချိန်တော်တော်လေးကို ကြာသွားတယ်၊

ဒီကျား ငါ့ကို ခုန်မအုပ်ရဲတော့ဘူးဆိုတာ သိလိုက်တာနဲ့ ကျွန်တော့်ခြေလှမ်းတွေက ကျားဆီကို တရွေ့ရွေ့နှင့် တိုးပြီးလျှောက်သွားတယ်၊ ကျားကလည်း တဖြည်းဖြည်းနှင့် နောက်ကိုဆုတ်သွားတယ်၊ တစ်ဦးနှင့်တစ်ဦးစိုက်ကြည့်နေကြ





တဲ့ မျက်လုံးတွေကတော့ နည်းနည်းလေးမှ ရွေ့လျားမသွားကြဘူး၊ နောက်တော့ ကျားလည်းဘယ်လိုသဘောပေါက်သွားသည်းမသိပါဘူးဗျာ၊ နောက်ကြောင်းပြန်လှည့်ပြီး ပြေးတော့တာပါပဲ"

ကံရာဇာသည် ချင်းအမျိုးသားမိတ်ဆွေကြီးပြောပြဖူးသည့် စကားအတိုင်း ကျားကြီးနှင့်ရင်ဆိုင်တွေ့လိုက်သည်နဲ့ စကားကိုပြန်သတိရပြီး ကျင့်သုံးလိုက်လေသလားမသိ။

တစ်ချို့ မျက်လှည့်ပညာရှင်များသည်လည်း စိတ်ညှို့သော အတတ်ပညာများကို လေ့လာတတ်မြောက်ထားပြီး လူတစ်ယောက်ကို ခပ်ကြာကြာလေး စူးစိုက်ပြီးကြည့်လိုက်သည်နှင့် အကြည့်ခံရသောသူသည် အလိုလိုသိမ်ငယ်သွားတတ်ပါသည်။ တစ်ခါတစ်ရံမှာ မိမိလိုရာကို ခိုင်းစေတတ်ကြသည်အထိ အစွမ်းထက်ကြသည်။

ထိုပညာရပ်များသည် လေ့ကျင့်၍ရသည်။ နေ့စဉ်ကြောင်းမေ့နေသူများကိုလည်း အိပ်မွေ့ချကာ မှတ်ဉာဏ်ပြန်ဆော်သည့်အနေဖြင့် သမားတော်ကြီးများက မေးတတ်ကြလေသည်။ အိမ်မွေ့ချ၍ လူနာကို အိပ်ပျော်သွားစေရန် အမိန့်ပေးခြင်းသည် လူနာ၏စိတ်ကို ချုပ်နှိုင်လိုက်ခြင်းပဲ မဟုတ်ပါလား။

✱ ✱ ✱



www.burmeseclassic.com

www.burmeseclassic.com





## အခန်း -- (၇)

ကံရာဇာသစ်ပင်ကြီးကိုမှီပြီး အေးဆေးစွာဖြင့် ထိုင်နေစဉ်မှာ အနောက်ဘက်မှ ဖွဖွနင်းလာသော ခြေသံကိုကြားလိုက်ရသည်။

"စက္ကဝိန္ဒ. . ဆရာကြီးစက္ကဝိန္ဒ"

ကံရာဇာက နောက်ကိုလှည့်မကြည့်ပဲနဲ့ လေသံတိုးတိုးဖြင့်ပြောလိုက်သည်။

"မင်းက ငါ့ရဲ့ ခြေသံဖွဖွကို နားထောင်ပြီး ငါမှန်းသိသွားပြီကိုး"

ဩဇာသံပါသည်။ ထက်မြက်သည်။ ထိုအသံဖြင့်သာ လူတစ်ယောက်၏ ဟိတ်ဟန်ထုတ်မှုကို ညှိုးကျသွားအောင်



www.burmeseclassic.com

www.burmeseclassic.com



ဖမ်းစားနိုင်သည်။ ထိုသူသည် ရှည်လျားသော ဆံပင်များကို ကျောပြင်မှာ ဖားလျားချထားသည်။ မျက်နှာပေါ်မှာ အရေးအကြောင်းများစွာတို့က ထင်ဟပ်လျက်ရှိနေပြီဖြစ်သော်လည်း ခန္ဓာကိုယ်ကတော့ တောင့်တင်းကြံ့ခိုင်နေဆဲ။

သူ့အသက်ကို မည်သူမှ မခန့်မှန်းနိုင်။ သူသည် အဘက်အောက်ယောဂီရောင်သွေးအင်္ကျီနှင့်လုံချည်ကို ဝတ်ဆင်ထားသည်။ ကော်လာမပါသော ရှပ်အင်္ကျီ၊ ရှည်လျား၍ အဖြူနှင့်အနက်ရောနေသော ဆံပင်များသည် ရှုပ်ထွေးလိမ်ကျစ်စွာဖြင့် ကျောပြင်ထက်မှာ ဖားလျားကျနေကြခြင်းပင်ဖြစ်၏။

ကံရာဇာသည် နေရာမှထရပ်လိုက်ပြီး စက္ကာဝိန္ဒနဲ့ မျက်နှာချင်းဆိုင်လိုက်သည်။

"ဆရာစက္ကာဝိန္ဒကိုစောင့်နေရင်း . . ."

"ကျားတစ်ကောင်ကို မောင်းထုတ်လိုက်ပြီး သမင်တစ်ကောင်ရဲ့ အသက်ကို ကယ်တင်လိုက်တယ်မဟုတ်လား"

"ဆရာကြီးဘယ်လိုသိပါသလဲ"

ခြေမှုံ့ဖွဖွတင်သော မြေပြင်ကို လက်ညိုးဖြင့် တစ်နေရာပြီး တစ်နေရာကို ထိုးပြလိုက်ပြီး . . .။

"ဒီနားမှာ သမင်ခြေရာ၊ ဟောတိုနားမှာကျားခြေရာ၊ အလယ်မှာ မင်းရဲ့ခြေရာ၊ ဒါလေးဖက်နဲ့ ရှပ်လုံးပေါ်ပါတယ်"





"ဆရာကြီးရဲ့ အမြင်က စူးရှလှပါပေတယ်"

"မင်းရဲ့ မျက်လုံးတွေကလည်း ကျားရဲ့ နှလုံးသားကို ချုပ်ကိုင်ပြီး နှင်နိုင်ခဲ့တာပဲမဟုတ်လား"

တစ်ယောက်တစ်ခွန်းစီပြောကာ နှုတ်ဆက်ကြပြီး ကံရာဇာက စက္ကာဝိန္ဒကို ဦးစားပေးကာ ရှေ့ကသွားစေသည်။

"မင်းကတော့ မပြောင်းလဲပါလား ကံရာဇာ၊ ငါကတော့ ခုချိန်မှာ ဒီခန္ဓာကြီးကို ကျားကန်ထားရပြီ"

"ပြောင်းလဲချိန်တန်ရင်တော့ ပြောင်းလဲရမှာပါဆရာကြီး ခုအချိန်မှာတော့ ကျွန်တော်ဟာ ခွေးဖြူတွေအတွက် သန်မြန်းနေချင်သေးတယ်၊ သူတို့ကို မြန်မာမြေပေါ်က မမောင်းထုတ်နိုင်သေးသရွေ့ သခ်ါရတရားကို ရင်မဆိုင်ချင်သေးဘူး"

"အင်း . . မင်းဟာ ခုထက်ထိ ဒီအဖြူကောင်တွေအပေါ်မှာ အခဲမကျေရှိနေဆဲပဲကိုး"

"တစ်တိုင်းတစ်ပြည်လုံးကို ကျွန်သဘောက်ဘဝကို ရောက်အောင် လုပ်ထားတာ ဘယ်သူက ကျေနပ်နိုင်မှာတဲ့လဲ၊ ဒီကောင်တွေ အရှင်နှစ်ပါးကိုလည်း ကြက်ကလေး၊ ငှက်ကလေးတွေလိုဖမ်းပြီး ရတနာဂီရိကို ပို့ပစ်တယ်၊ သင်းတို့ကို အစ်သက်ကျေနိုင်ရိုးလား" ●

"ဟုတ်ပ . . ဟုတ်ပ၊ သဟာကြောင့် မောင်ကံရာဇာ



www.burmeseclassic.com

www.burmeseclassic.com



က ဒီဖြေူကောင်တွေ အနေရခက်အောင် အမျိုးမျိုးဒုက္ခပေးနေတာကိုး"

"စာဆိုရှိဖူးခဲ့တယ်လေ၊ သင်းတို့သံမှုံစားမှ တို့စားတုံးမယ်ဆိုတာလိုပေါ့"

စက္ကဝိန္ဒနှင့်ကံရာဇာတို့သည် တစ်ယောက်ပခုံးကို တစ်ယောက်ကဖက်ကာ ရိုးမတောတွင်း တစ်နေရာဆီကို ဝင်သွားခဲ့ကြသည်။

x x x x x

လွန်စွာမှ ကျယ်ဝန်းရှည်လျားလှသည့် ဥမင်လိုဏ်ခေါင်းရှည်ကြီးတစ်ခု။ ထိုအထဲတွင် မည်သူမှမဝင်နိုင်ကြ။ နေရာလည်းမသိ။ လမ်းလည်းသိကြမှာ မဟုတ်ပါ။ ဂူတွင်းသို့ဝင်သည့် တံခါးသည် ဘူတာဝါဟနယန္တရားများ အတတ်ပညာဖြင့် ပြုလုပ်ထားသည်။

ထိုတံခါးကိုဖွင့်ရန် နည်းသိသည့်သူမှာ သူတို့နှစ်ဦးတည်းသာ။ စက္ကဝိန္ဒသည် ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်လိုက်ပြီး ဂူအပြင်နံရံမှ အက်ကြောင်းတစ်ခုထဲသို့ လက်လျှိုထည့်လိုက်သည်။





ဂူတံခါးဟု မထင်ရသော ကျောက်တံခါးကြီးတစ်ခုသည် ဘေးတိုက်အလိုလို ရွေ့လျားသွားခဲ့လေသည်။ လူနှစ်ယောက်ချောင်ချိစွာဝင်နိုင်သော ဂူပေါက်ကြီးတစ်ခုက ပေါ်လာခဲ့လေသည်။

ဂူထဲသို့ နှစ်ယောက်အတူ ဝင်သွားခဲ့ကြသည်နှင့် ဂူပေါက်သည် ပြန်ပြီးပိတ်သွားခဲ့လေသည်။ စက္ကဝိန္ဒက ဂူနံရံမှ တည်ငြိမ်ဆီမီးတိုင်များကို လိုက်လံထွန်းညှိသည်။ ဂူအတွင်းပိုင်းမှာ လင်းလင်းချင်းချင်းဖြစ်သွားခဲ့သည်။

ဂူနောက်ပိုင်းဆီသို့ ဆက်ပြီးလျှောက်သွားခဲ့ကြသည်။ တစ်နေရာသို့ရောက်သောအခါ တိုင်ပင်ထားကြသလို တပြိုင်တည်းရပ်လိုက်ကြ၏။ ကြေးသေတ္တာကြီးတစ်ခုက ဆီးကြိုနေသည်။

ရွှေပိန်းချထားသော သလွန်ဟောင်းကြီး တစ်ခုပေါ်မှာတင်ထားသည်။ စက္ကဝိန္ဒက လက်လှမ်းမည်ပြုလိုက်စဉ်မှာပဲ ကံရာဇာက ကြေးသေတ္တာကြီး၏အဖုံးကို မလိုက်လေ၏။

ကျွီ. . ကျွီ. . ။

သေတ္တာကြီးထဲမှာ များပြားလှစွာသော ကျောက်မျက်ရတနာများ၊ ရွှေဒင်္ဂါးများကို တွေ့မြင်လိုက်ရသည်။ အရှင်နှစ်ပါးပါတော်မူပြီးနောက် နယ်ချဲ့များကို ပြန်ပြီးတွန်းလှန်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ခိုက်ရန် စုဆောင်းခဲ့ကြသည့် ရတနာများ၊ တော်လှန်ရေး…
တွက် တစ်နေ့နေ့မှာ ဒါတွေကို ထုခွဲပစ်ရမည်။

အပေါ်ဆုံးမှာ တင်…သည့် ပစ္စည်းနှစ်ခုက ကံ…
ဇာကို ပိုပြီးတော့ စိတ်ဝင်စားသွားစေခဲ့သည်။ ကြေးနီပုရပ်…
အထုကြီးတစ်ခုနှင့် ဓားတစ်ချောင်း၊ ဓားအသွားထက်မှာ သူ…
ရိယနန္ဒဟု ရေးထားသည်။ ကံရာဇာသည် ဓားကိုကောက်…
လိုက်၏။

"သူရိယနန္ဒ . . သူရိယနန္ဒ"

သူ၏ နှုတ်မှ တီးတိုးရွတ်ဆိုလိုက်သည်။ ကံရာဇာ…
မျက်လုံးတွေလည်း မှေးစင်းသွားခဲ့သည်။ အတိတ်ကို ပြ…
ပြောင်းပြီး စဉ်းစားမိသွားသည်။

သူရိယနန္ဒသည် ဤဓားပိုင်ရှင်၏ အမည်။ ဓားအိမ်…
ကို သေတ္တာထောင့်မှာ တွေ့လိုက်ရသည်။ ဓားအိမ်တစ်ခြား…
ဓားတစ်ခြား။ ဓားအိမ်ပေါ်မှာ ရန်ပယ်ရှင်း။ ဤဓား၏အမည်…

အရှင်နှစ်ပါး ပါတော်မူခဲ့စဉ်က သူရိယနန္ဒအမည်ရှိ…
တပ်မှူးလေးတစ်ဦးသည် ကုလားဖြူများကို တစ်ဦးတည်းဆ…
ကျင်တိုက်ခိုက်ခဲ့သည်။ ဤရန်ပယ်ရှင်းဓားကြီးဖြင့် ကုလား…
များအလစ်တွင် သုတ်သင်တိုက်ခိုက်ခဲ့ရာ အတော်ပင်အ…
နာခဲ့ကြသည်။ သူရိယနန္ဒကို လိုက်ဖမ်းကြသော်လည်း ဘယ်…





ထိုမှ မမိနိုင်ကြ။

တစ်ချို့ကပြောသည်။ တပ်မှူးလေးသူရိယနန္ဒသည် ဖိုးဆာယာဖိုအောင်၍ ကိုယ်ပျောက်သည်။ တုတ်ပြီး၊ ဓားပြီး သောသူဖြစ်သည်ဟူ၍။ နယ်ချဲ့ဖာစ်ကိုယ်တော်သုတ်သင်ရေး သမားကြီး သူရိယနန္ဒသည် ရန်သူနယ်ချဲ့များလိုက်လံဖမ်းဆီး နေသည့်အထဲမှ ထူးခြားစွာ ဖောက်ထွက်လွတ်မြောက်သွား ခဲ့သည်။

ဟိမဝန္တာဘက်ကို ခရီးထွက်သွားသလိုလို၊ တောကြီး မျက်မည်းထဲမှာ ရသေ့အဖြစ် တရားအားထုတ် နေသလိုလို အသံများထွက်ပေါ်လာခဲ့သည်။

တစ်ချို့ကလည်း သူရိယနန္ဒကို ဖမ်းမမိနိုင်စေရန် မျိုးချစ်ပုဂ္ဂိုလ်များက လမ်းကြောင်းလွှဲပြီး ပြောကြသည့်စကားပုံ ဟုဆိုကြသည်။

ထို့ပြင် သူရိယနန္ဒကိုင်ဆောင်သောဓားသည် အထူး စီရင်ထားသည့် သံသေဓားဟု ဆိုကြသည့် သတင်းတစ်ရပ် လည်း ထွက်ပေါ်လာခဲ့ပြန်သည်။ သူရိယနန္ဒသည် တောတွင်း ဆက်နေရာ၌ ရောဂါဘယတစ်ခုကြောင့် သေဆုံးသွားခဲ့ပြီဟု။

ဟိမဝန္တာသို့ရောက်ခဲ့သော သူရိယနန္ဒသည် ကြေးပု ရပ်ကြီးတစ်ခုကို ရရှိလာသည်ဟုဆိုကြသည်။ ရာဇာဓိရာဇာ

www.burmeseclassic.com

www.burmeseclassic.com



ကပ္ပဆေးကျမ်းကြီး၊ ဆေးကျမ်းအပေါင်းတို့၏ အထွတ်အခေါ်
ပင်ဖြစ်သည်။ ထိုဆေးကျမ်းထဲမှာ ဂန္ဓာရီအတတ်ပညာမှ
ဖြင့်စီရင်ထားသော မအို၊ မနာ၊ မသေ ဆေးကို ဖော်စပ်
နည်းလမ်းများပါရှိသည်ဟုဆို၏။

ရှိန်းဆာယာ ဖိုလ်မောက်၍ ကိုယ်ပျောက်စေသော
ဆေးနည်းများလည်း ပါရှိသည်ဟု သတင်းထွက်နေသည်
နယ်၍ ကုလားဖြူတို့သည် သူ့ရိယနန္ဒပိုင်ဆိုင်သော သံသေ
ဓားကိုလည်း လိုချင်ကြသည်။ ရာဇာဓိရာဇာဆေးကျမ်းကြီး
လည်း လိုချင်ကြသည်။ လက်ဝယ်ပိုင်ဆိုင်ရရှိရေးအတွက်
လိုက်နေကြသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့လေပြီ။

ယခု ဤဆေးပုရပိုဒ်ကြီးနှင့်ရန်ပယ်ရှင်းဓားကြီးသ
ကံရာဇာ၏ရှေ့မှာရောက်နေခဲ့လေပြီ။

"ကံရာဇာ. . နောက်ကြောင်းတွေကို ပြန်ပြီးတွေး
သလား၊ အတွေးထဲမှာ ဒီပစ္စည်းတွေနှင့်ပတ်သက်ပြီး တာ
ကြီးနေတယ်လို့ ထင်နေတယ်မဟုတ်လား"

"မှန်တယ်. . . စက္ကဝိန္ဒ၊ ဒီပစ္စည်းတွေကို ကုလား
တွေကရော၊ တြိသပွေါဂိုဏ်းကရော လိုချင်နေကြတယ်၊
ကြီးမဲကြီးနဲ့ လိုက်နေကြတယ်၊ ဆေးကျမ်းကြီးသာ သူတို့လက်
ထဲကိုရောက်သွားရင် မလွယ်ဘူး၊ ဒီဆေးနည်းတွေကို အသုံး





ပြီး မတော်မတရားတဲ့နည်းတွေနဲ့ မကောင်းမှုတွေ ပြုလုပ်
ကြမှာ အမှန်ပဲ၊ ဂန္ဓာရီလောကမှာ နေတစ်ဆူ၊ လတစ်ဆူ
င်ရှားခဲ့တဲ့ အံ့ဖွယ်ဆေးကျမ်းကြီးဟာ သင်းတို့ခွေးဖြူတွေနဲ့
ထားလားမှ မထိုက်တန်ဘူး၊ ဒီအထဲ ဒီပစ္စည်းတွေရဲ့နောက်
အနံ့ခံပြီးလိုက်နေကြတဲ့ တြိသပွေါဂိုဏ်းကလည်းတမျှောင့်"

"ကုလားဖြူတွေနှင့် တြိသပွေါဂိုဏ်းသားတွေဟာ သံ
သေဓားကိုရရင် ရန်အပေါင်းကို အောင်မြင်ကြလိမ့်မယ်၊ ရန်
သေဓားကိုမြင်လိုက်တာနဲ့ အလိုလိုစိတ်ညှိုးပြီး ဦးကျိုးသွား
လိမ့်မယ်လို့ ယူဆထားကြတယ်. . ကံရာဇာ"

"ဒီကုလားဖြူတွေက ရသမျှအကုန်ယူချင်တယ်၊ ဒီနိုင်
အတွက်တဲ့ သယံဇာတပစ္စည်းတွေကိုပါ လက်ဝါးကြီးအုပ်
ကြသေး၊ ဝိဇ္ဇာ၊ ဂန္ဓာရီ လောကီပညာအစုံအလင်ကိုလည်း
ချင်မက်မောစိတ်နဲ့ ဝင်ပြီးစွက်ဖက်ပြန်သေး၊ တော်တော့်ကို
သာဘကြီးတယ်၊ နောက်ဆုံး မြန်မာတစ်မျိုးလုံးကိုတောင်
ဖြုတ်ချင်ကြသေးလားမသိဘူး"

ကံရာဇာသည် နီမြန်းလာသော မျက်နှာဖြင့် မကျေမ
ပြောနေမိသည်။

"ကုလားဖြူတွေက ကံကြမ္မာညှိုးချိန်ကို ရောက်နေပြီ
ကံရာဇာ၊ သူတို့ဒီတောင်က မကျော်နိုင်တော့ပါဘူး အခု

www.burmeseclassic.com

တောင် မျိုးချစ်ပုဂ္ဂိုလ်တွေက ဟိုနေရာကပွက်၊ ဒီနေရာကပွက်နဲ့ ဘယ်လိုမှ နှိမ်နင်းလို့မရအောင် အကြပ်ရိုက်နေကြပါပြီ ကံရာဇာ”

“ဒီလိုပဲဖြစ်ရမယ်လေ၊ တစ်ပါးကျွန်အဖြစ် မခံလိုသူတိုင်းဟာ သူတို့ရဲ့ လက်အောက်က ရုန်းထွက်နိုင်အောင်နည်းမျိုးစုံနဲ့ ကြိုးစားကြမှာပဲ”

ကံရာဇာ၏ မျက်လုံးအစုံမှာ အရောင်တလက်လက်။ ကုလားဖြူတို့၏ သွေးစွန်းခဲ့ဖူးသော ရန်ပယ်ရှင်ဓားကြီးအား အအိမ်ထဲမှဆွဲထုတ်ပြီး တစ်ဖန် စေ့စပ်သေချာစွာဖြင့် ကြည့်နေမိပြန်သည်။

“ဒီဓားကို ကျုပ်ယူသွားမယ် စက္ကာဝိန္ဒ”

“ယူသွားပေါ့၊ ကိုယ့်ပစ္စည်းကိုယ်ဘာလုပ်လုပ်၊ ကိုယ့်သဘောပဲပေါ့”

စက္ကာဝိန္ဒက ကတ္တီပါဖျင်စတစ်စကို ထုတ်ပေးလိုက်သည်။ ကံရာဇာသည် အအိမ်နှင့်တကွဓားကို ကတ္တပါဖျင်စအနီဖြင့် ပတ်ထားလိုက်သည်။

“ဟိုပစ္စည်တွေကိုတော့ အသာထားဦး၊ အကြောင်းပေါ်လာမှ အသုံးချရမယ်၊ ဆေးကျမ်းပုရပိုဒ်ကိုလည်း သည်အထဲမှာ သည်အတိုင်းပဲ ရှိပါစေဦး၊ ဒါကိုလည်း အချိန်တန်





ပြန်ပို့ရမှာပဲ”

“ကံရာဇာသဘောပါ၊ ခုတော့ ကုလားဖြူကတစ်ဖက်၊ သပ္ပေါ့ဂိုဏ်ကတစ်ဖက်နဲ့ ဒီပစ္စည်းတွေကို ဝိုင်းလုနေကြ ယ်၊ ကဲပါလေ. . ကံရာဇာလည်း ခရီးပန်းလာတယ်၊ ကျုပ် ည်း စကားမပြောရတာ တော်တော်ကြာပြီ၊ နားနားနေ ပေါ့”

“ကျုပ်လည်း အချိန်အခါက ရောက်လာခဲ့ပြီမို့၊ ချိန်း ချက်ကလည်းရှိထားတဲ့အတိုင်း ဦးစက္ကာဝိန္ဒဆီကို အရောက် ခဲ့တာပါပဲ၊ မလာခင်မှာ ကြီးသပ္ပေါ့တွေနှင့် တိုက်ခိုက်ခဲ့ရ းတယ်ဗျို့.”


www.burmeseclassic.com

www.burmeseclassic.com





## အခန်း – (၈)

ဤကျောက်ဂူကြီးသည် တောနက်ကြီးခေါင်ခေါင်မှာ သူနှင့်လည်းမနီး၊ ရွာတွေနှင့်လည်း လက်လှမ်းမမီပဲ လျှို့ ာ်စွာ တည်ရှိနေသည့်နေရာ။

ကံရာဇာသည် ဘယ်သူလဲ။ ရန်ပယ်ရှင်းဓားနှင့်ဘယ် တ်သက်နေသလဲ။ တပ်မှူးလေးသူရိယနန္ဒနှင့်ဘယ်သို့များ ာ်သက်နေသလဲ။ ရာဇာမိရာဇာကပွဲဆေးကျမ်းကြေးပုရပိုဒ် နှင့်ဆက်စပ်မှုရှိနေသည့် အကြောင်းက ဘယ်လိုလဲ။ ဤ းကျမ်းကြီးကို သူမတရားယူခဲ့လေသလား။ မည်သည့်အ ကြောင်းကြောင့် သည်ဂူကြီးထဲမှာ ရတနာပစ္စည်းများနှင့်အတူ ထည့်ထားခဲ့ရသလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဂုံရာဇာသည် သူထက်များစွာ အသက်ကြီးလှသော လူထူးလူဆန်းကြီး စက္ကဝိန္ဒကို ရွယ်တူတန်းတူလို သဘောထားပြီး ဆက်ဆံနေသည်က ဘာကြောင့်လဲ။

လူထူးလူဆန်းကြီးစက္ကဝိန္ဒ။ သူ၏ဝတ်စားဆင်ယင်ထုံးဖွဲ့မှုသည် ထက်မြက်သူတစ်ယောက်၏ အသွင်မျိုးဖြစ်နေ၏။ အရာရာကို နှံ့စပ်စွာသိမြင်ထားသူ။ သူကိုယ်သူ ကမ္ဘာဦးအစ ကတည်းက နေလာခဲ့သတစ်ဦးပမာ လောကကြီးကို ညည်းငွေ့နေသူ။

ယခု သူတို့နှစ်ယောက် ဆွေးနွေးနေကြသည့် စကားများက ရှေးယခင် နှစ်ပေါင်းထောင်ကျော်လောက်က ရှိခဲ့ဖူးသည့် ဂါမဝါသီပွဲကျောင်းများအကြောင်းပင်ဖြစ်ကြသည်။ သူတို့နှစ်ယောက်သည် တင်ပြင်ခွေထိုင်ကာ တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင်ပြီးတော့ ထိုင်နေကြသည်။

"တကယ်တော့ ဂါမဝါသီပွဲကျောင်းတွေဟာ ဗေဒင်ကျမ်း၊ ဆေးကျမ်း၊ အနှိပ်ကျမ်း၊ ဓာတ်ကျမ်း၊ ယတြာကျမ်းတွေကိုပါ သင်ကြားပို့ချပေးခဲ့တဲ့ကျောင်းပဲ ဂုံရာဇာ"

"ဟုတ်တယ်၊ အနော်ရထာမင်းလက်ထက်က ရှင်အရဟံရဲ့ တရားစစ်တရားမှန်ကို သိမြင်လာခဲ့ပြီးတဲ့နောက်ပိုင်းမှာ အရည်းကြီးတွေကို နေရာမပေးတော့ဘူးလေ၊ သူတို့ကို





ယ်ရှားပစ်ခဲ့တယ်မဟုတ်လား၊

ဂါမဝါသီပွဲကျောင်းတွေဟာ အရည်းကြီးတွေရဲ့ ဟန္ဒီမျိုးဆက်သစ်တွေပဲ၊ အရည်းကြီးတွေဟာ အရည်းသာသ ကို ဆက်လက်ပြီး သွပ်သွင်းလိုပုံရကြတယ်၊ အဲဒီကျောင်းတွေမှာ စက္ကဝိန္ဒပြောခဲ့တဲ့ ပညာရပ်တွေအပြင် သေနင်္ဂဗျူဟာကျမ်း၊ ဂဇာသျှတ္တရကျမ်း၊ အဿဗေဒကျမ်း၊ အင်းအိုင်ခါးလှည့် ဟ်ဖွဲ့၊ မန္တာန်တွေ၊ တိရစ္ဆာန်တို့၏ မာဂစကား၊ ဝိဇ္ဇာမသိဒ္ဓိ ညာတွေလည်း သင်ကြားပို့ချပေးခဲ့ကြသေးတယ်လေ"

ရှေးဟောင်း အောက်မေ့ဖွယ် အဖြစ်အပျက်များကို ်တူးရသလို ပြောနေကြသော်လည်း စက္ကဝိန္ဒ၏ မျက်လုံးသည် ပိုပိုပြီးတော့ တောက်ပြောင်လာခဲ့လေသည်။

"အရည်းကြီးတွေ ဆိုးတယ်ဆိုတာ အရည်းယောင်ကြောင့် မကောင်းဖြစ်ရတာပါ၊ သူတို့အယူလွဲပြီး ထင်ရာ လျှောက်လုပ်ခဲ့ကြလို့ အရည်းကောင်းတွေလည်း နာမည်ကြရတာ"

စက္ကဝိန္ဒ၏မျက်နှာက မဆိုစလောက်တင်းမာလာ၏။ ည်ပင်းမှာ ဆွဲထားသော စိတ်ပုတီးလုံးကြီးကို လက်ညှိုးမနှင့်ပွတ်နေသည်။

"ဟုတ်တယ်၊ အရည်းယောင်တွေဟာ သတို့သမီးတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ပန်းဦးလွှတ်ခဲ့တဲ့ ကိစ္စတွေမှာ၊ အဆိုးရွားဆုံးဖြစ်မှုကျူးလွန်ခဲ့ကြတဲ့သူတွေပဲ၊ မည်သူတွေကမှ ဒီလိုဖွတ်သွင်းတဲ့ ထုံးတမ်းစဉ်လာမျိုးကို လက်မခံကြပေမယ့် အဲဒီအချိန်တုန်းက ဘုရင်တွေကိုယ်တိုင်က အရည်းတွေကို ကိုးကွယ်ကြလေတော့ ဘာတတ်နိုင်ကြမှာလဲ၊ ပွဲကျောင်းတွေဟာ မဇ္ဈိမဒေသ၊ မဟာရာနယ်က ဝလဘီတက္ကသိုလ်၊ ဘင်္ဂလားနယ်ဘက်က ဩဒန္တပူရီတက္ကသိုလ်၊ မဂဓနယ်ဘက်က နလန္ဒတက္ကသိုလ်၊ ဝိက္ကမသီလာတက္ကသိုလ်တွေကို အတုယူစံနမူနာပြုပြီး တည်ထောင်ခဲ့ကြဟန်တူတယ်"

"ဒါပေမယ့် ကံရာဇာရယ်၊ ပွဲပျောင်းတွေကို ဘိုးတော်မင်း၊ မင်းတုန်းမင်းတို့လို မင်းတွေလက်ထက်မှာ နှိပ်ကွပ်သုတ်သင်ခံခဲ့ကြရတာပဲမဟုတ်လား၊ ခုနောက်ပိုင်း နယ်ချဲ့ ကိုလိုနီတွေရဲ့ လက်ထက်မှာ ပိုပြီးတော့ အဖိနှိပ်ခံခဲ့ကြရသေးတယ်၊ အမြစ်ပါလှန်ခဲ့ကြရတာ မင်းလည်းအသိပဲလေ"

ကံရာဇာသည် ခေါင်းတညိတ်ညိတ်ဖြင့် ရှိနေသည်။ သူတို့ပြောနေကြသည်က မနေ့တစ်နေ့က ဖြစ်ပျက်ခဲ့သည်များကို ပြောနေကြသည့်အတိုင်း။

"အရည်းကြီး အန္တယ်ဝင်တွေလည်း မရှိကြတော့ပါဘူး၊ ဒီလိုပညာတွေလည်း ဘယ်သူမှမတတ်မြောက်ကြတော့





ပါဘူး၊ အကြွင်းအကျန်လောက်ပဲ ရှိတော့မှာပါ၊ ဗုဒ္ဓသာသနာထွန်းကားလာခဲ့တာ လူသားအားလုံးအတွက် ကောင်းစေဖို့ဖြစ်လာတာပဲမဟုတ်လား. . ကံရာဇာ၊ ကျုပ်တော့ သည်လိုပဲနားလည်ထားတယ်၊ ကိုယ့်ရဲ့ မှားယွင်းတဲ့ အယူဝါဒတွေကို စွန့်လွှတ်ပြီး ဗုဒ္ဓရဲ့ တရားရိပ်အောက်မှာ ခိုလှုံတာ အကောင်းဆုံးပေါ့ကွယ်"

စက္ကဝိန္ဒစကားများသည် စဉ်းစားစရာဖြစ်သည်။ သူသည် အရည်းကြီးအန္တယ်ဖြစ်ဖူးခဲ့သူလား။ မှားယွင်းသော အယူဝါဒကို လက်ခံထားခဲ့သူလား။ ယခု လမ်းမှန်ရောက်ကာ မြတ်ဗုဒ္ဓ၏ တရားရိပ်အောက်မှာ ရောက်ရှိနေပြီလောဟူ၍။

"ကိုင်း. . စကားပြောလို့ကတော့ကောင်းပါရဲ့ စက္ကဝိန္ဒ၊ ကျုပ်ကို ဆေးဝါးတိုက်ကျွေးပါဦး"

ကံရာဇာက စက္ကဝိန္ဒကို သတိပေးလိုက်သည်။

"အချိန်စောင့်နေတာပါကံရာဇာ၊ ခုတော့ အချိန်စေ့ပါပြီ၊ လလည်းပြည့်ပါပြီ၊ ကိုင်း. . လာ"

စက္ကဝိန္ဒက ကံရာဇာကို တစ်နေရာကို ခေါ်သွားပြေ ဝှန်ရံပေါ်ရှိ အဖုလေးတစ်ခုကို လက်ညှိုးဖြင့်နှိပ်လိုက်လေရာ တစ်ပေလောက်အကွာအဝေးမှာ တစ်ထွာသာသာရှိ ကျောက်ပြားချပ်လေးက ရွှေ့လျားသွားသည်။ ပုလင်းလေးတစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ပုလင်းထဲမှာ အရည်တစ်ချို့၊ ပြာလဲ့လဲ့အရောင်ပြေးနေသည့် အရောင်တွေထွက်နေသလိုထင်ရသည်။

စက္ကဝိန္ဒက ထိုဆေးပုလင်းကိုယူလိုက်သည်။ ရှားပါးသော ဆေးသစ်ခေါက်၊ ဆေးမြစ်၊ ဆေးရွက်များအပြင် စိတ်ရောကိုယ်ပါ နုပျိုစေတာ ထူးခြားဆေးဥများနဲ့ ဖော်စပ်ထားသည်။ ပြဒါးလည်းထည့်ပြီး မီးနှင့်ကျိုချက်ရသည့်ဆေး၊ ရွှေမှုံများ၊ တိရစ္ဆာန်အချို့၏ အဆီများပါ ထည့်ဖော်စပ်ရသည်။

ထိုဆေးသောက်ပြီးလျှင် ခန္ဓာကိုယ်တစ်ခုလုံး ဖက်ရွက်လေးတစ်ရွက်ပမာ ပေါ့ပါးလန်းဆန်းသွားသည်။ ဤကား ရှေးသမားတော်ကြီးများ၏ အစီအရင်ပေတည်း။

စက္ကဝိန္ဒသည် ဂန္ဓာလရာဇ်တိုင်းမှဖြစ်သော ပုလင်း၏ အဖုံးကိုဖွင့်လိုက်သည်။ ပုလင်းထဲမှ ဆေးရည်ကို ဖန်ခွက်ထဲသို့ ဂရုတစိုက်နဲ့ထည့်သည်။ ပြီးတော့ ကံရာဇာကို ပေးလိုက်သည်။

ကံရာဇာကလည်း တရိုတသေလှမ်းယူပြီး တရှိန်ထိုးသောက်ချလိုက်တော့သည်။ ဆေးများဝမ်းထဲသို့ ရောက်သွားသည်နှင့် ကံရာဇာသည် မျက်လုံးတွေပြာဝေသွားကာ ဘာမှမဖြစ်သလို ဖြစ်သွားခဲ့ရသည်။ မျက်နှာတပြင်လုံးလည်း ပြာနှမ်းသွားခဲ့သည်။



"ကုလားထိုင်မှာထိုင်လိုက်. . ကံရာဇာ"

စက္ကဝိန္ဒက ကံရာဇာ၏ လက်မောင်းကိုကိုင်ပြီးမှ ကုလားထိုင်တစ်လုံးမှာ ထိုင်စေလိုက်သည်။ ကံရာဇာသည် တဖြည်းဖြည်းချင်းထိုင်ချလိုက်သည်။ ပုလင်းထဲမှာ တဝူးဝူးနဲ့လေတွေက အပြင်ကို တိုးထွက်နေကြသည်။

ဒီဆေးကိုသောက်တိုင်း ကံရာဇာ သည်လိုပဲဖြစ်လေ့ဖြစ်ထရှိသည်။ မျက်လုံးကို မှိတ်ထားသော်လည်း အမှောင်ထုထဲမှာ စိမ်း၊ ပြာ၊ နီ၊ ဝါတွေက တစ်ခုနှင့်တစ်ခု ယှက်နွယ်ပြီး ပြေးလွှားနေကြသည်။ တစ်ခါတစ်ရံမှာ အဖြူရောင်အလင်းတန်းကြီးတွေက ပေါ်လာပြန်သည်။

မိမိတစ်ကိုယ်လုံးသည် လေထဲသို့ ပေါ့ပါးစွာဖြင့် လွင့်မျောသွားသည်။ လူကိုယ်တိုင် ရုပ်၊ နာမ်နှစ်ခုစလုံး လွင့်မျောသွားသလား။ ခန္ဓာရုပ်သည် ကျန်ခဲ့၍ နာမ်ကခွဲထွက်သွားလေသလား။ အမျိုးမျိုးထင်ရသည်။

သို့သော် စိတ်က မြင်ချင်ရာမြင်၊ ထင်ချင်ရာထင်နေခြင်းသာဖြစ်သည်။ သူ့ခန္ဓာကိုယ်ကြီးကတော့ ကုလားထိုင်ကို ကျောမှီလျက် သည်အတိုင်းသာ။ စောစောက နှလုံးခုန်ရပ်သွားပြီဟု ထင်လိုက်ရသည်။ အသက်မရှူတော့ဟု မိမိကိုယ်မိမိနားလည်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ဦးနှောက်ထဲမှာ ပြန့်ပြီးတော့ ကြည်လာသည်။ နှလုံးသည် ပုံမှန်အလုပ်လုပ်လျက်ရှိသည်။ အသ မှန်မှန်ပြန်ရှူလာသည်ကို ခံစားသိရှိမိခဲ့သည်။

မျက်လုံးအစုံကို တဖြည်းဖြည်းနဲ့ ဖွင့်မိလိုက်သည် သူ့ရှေ့မှာရပ်နေသူတစ်ယောက်။

စက္ကဝိန္ဒ။

ဆံပင်ဖားလျားနဲ့ အရည်းကြီးတစ်ယောက်နဲ့ တူ သည်။ ကံရာဇာကို ပြုံးပြီးကြည့်နေသည်။ မျက်နှာပြင်ပေါ် အရေးအကြောင်းတွေက ကညင်ဆီမီးအလင်းရောင်အောက် မှာ ထင်ထင်ရှားရှား၊ သူ့အပြုံးသည် အားရကျေနပ်သည့် ပြုံး။

"ကံရာဇာ. . အခြေအနေကောင်းရဲ့လား"

"ခါတိုင်းထက်တော့ နည်းနည်းဆိုးတယ်လို့ထင်နေ တယ်၊ ကျုပ်ဖြင့် အသည်းနှလုံးတွေ ပါးစပ်ထဲက ပြန်ထွက် လာသလို ထင်ရတယ်ဗျာ၊ ခံနိုင်ရည်မရှိတော့လို့လားမသိဘူး"

"ခင်ဗျား. . သားငါးအညှီအဟောက်တွေများ မှီဝဲ သေးလား ကံရာဇာ"

"ကြုံကြုံဖန်ဖန်ဗျာ၊ ကျုပ်ဒါတွေကို ရာသက်ပန်ရှောင် ထားပြီးသားပါ"





"ဒါဆိုရင်လည်း ကိစ္စမရှိပါဘူးလေ၊ မဟာပထဝီမြေ ကြီးထဲကထွက်လာကြတဲ့ ဆေးပင်တွေပဲဗျာ၊ သူ့အာနိသင်နဲ့ သူတော့ အစွမ်းထက်ကြပါပေတယ်၊ သိသူဖော်စား၊ မသိသူ ကျော်သွားတဲ့၊ ရှေးဆရာကြီးတွေ သမားတော်ကြီးတွေဟာ ဒီ လိုဆေးပင်၊ ဆေးမြစ်တွေကို တကူးတကနဲ့ အပင်ပန်းခံပြီးမှ စမ်းသပ်ခဲ့ကြတယ်မဟုတ်လားဗျ၊ ကဲ. . စိတ်၊ ဥတု၊ အာဟာ ရညီညွတ်အောင် ရောဂါနဲ့တည့်အောင် ဖော်စပ်နိုင်ခဲ့ကြတာ နှောင်းလူတွေက လက်ဝေဆက်ခံနိုင်ကြဖို့လိုတယ်လေ"

"တချို့ကျင့်စဉ်တွေကလည်း ခန္ဓာကိုယ်ထဲမှာ လည် ပတ်နေကြတဲ့ သွေးတွေကို စိတ်နဲ့ ထိန်းချုပ်နိုင်တယ်၊ စိတ် နဲ့အမိန့်ပေးပြီး ရပ်နိုင်၊ သွားလာလည်ပတ်စေနိုင်တယ်၊ အ သက်ရှူတာကအစ နည်းစံနစ်ကျရင် အသက်ကိုရှည်စေနိုင် တယ်၊ သက်တမ်းကို ဆန့်ထုတ်စေနိုင်တယ်မဟုတ်လားဗျာ"

ကံရာဇာက စက္ကဝိန္ဒကို စေ့စေ့ကြည့်ပြီးပြောသည်။ မည်သည့်အကြောင်းကြောင့်လည်းမသိ။ စက္ကဝိန္ဒသည် မျက် နှာကို ခပ်လွှဲလွှဲထားလိုက်ပြီး. . . ။

"ဒါကလည်း ခန္ဓာကိုယ်ကို တမင်နှိပ်စက်နေတာပဲ၊ လူဆိုတာ အိုချိန်မှာအိုရမယ်၊ နာချိန်မှာနာရမယ်၊ သေချိန် တန်ရင် သေရမယ်၊ အဲဒါမှ သဘာဝကျမယ်၊ ဗုဒ္ဓဘုရားက



www.burmeseclassic.com

www.burmeseclassic.com



လည်း လူ့ဘဝရဲ့ အတိတ်၊ အနာဂါတ်နှစ်ပါးမှာ ဘဝမျိုးစုံနဲ့ ပတ်သက်ပြီး လူတွေကျင်လည်ခဲ့ကြတာကို ဟောကြားတော်မူခဲ့တာများပြီပဲ၊ လူဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ ဗြဟ္မာဖြစ်လိုက်၊ တိရစ္ဆာန်ဖြစ်လိုက်နဲ့ ဘယ်သူမဆို ဘဝမျိုးစုံကို ရောက်ဖူးခဲ့ကြတာပဲမဟုတ်လား”

စက္ကဝိန္ဒဆိုလိုရင်းကို ကံရာဇာနားလည်လိုက်သည်။

“ခန္ဓာဗေဒကို နားလည်တဲ့သူဟာ မိမိအသက်ရှည်ဖို့အတွက် အယုဝလုနကျင့်စဉ်ကို ကျင့်ကြတယ်၊ ဒီလိုနည်းလမ်းတွေဟာ ဟိမဝန္တာအရပ်က ဆရာသခင်တွေဆီမှာ ရှိတတ်ကြတယ်၊ လျှို့ဝှက်ကျင့်စဉ်တွေကို သူတို့ပဲ နားလည်ထားတတ်ကြတယ်၊ အဲဒီဆရာသခင်တွေဟာ နှစ်ပေါင်းရာချီပြီး အသက်ရှင်နေထိုင်နိုင်ကြတယ်၊ တစ်ချို့ဆိုရင် ထောင်နှင့်ချီပြီးတော့ သက်တမ်းရှည်ကြတယ်လို့ သိရတယ်”

ကံရာဇာ၏စကားကြောင့် စက္ကဝိန္ဒသည် မျက်မှောင်ကျုံ့သွားခဲ့ရလေသည်။

“ဆရာစက္ကဝိန္ဒ . . မြွေမြွေချင်းကတော့ ခြေမြင်ကြတာပဲဗျ၊ ဒီလိုကျင့်စဉ်တွေဟာ ဗုဒ္ဓဘုရား ပွင့်တော်မမူမီကတည်းက ရှိခဲ့တာပါ။ စိတ်ပျိုကိုယ်နုကျင့်စဉ်တွေဟာ တကယ်တမ်းကျတော့ ကိုယ်ကိုယ်တိုင် လိုက်နာဖို့အတွက် ခက်ခဲ





နက်ရှိုင်းလှပါတယ်၊ ကိုယ်တိုင်လည်း သီလကို လုံခြုံမှ၊ ဂါရဝတရားထားတတ်သူဖြစ်မှ အောင်မြင်တာ၊ ကိုယ်ကျင့်တရားမကောင်းရင် ရှုပ်ကော၊ ခန္ဓာပါ ပျက်စီးသွားတတ်တယ်”

“ကျုပ်သိပ်ပြီးသိသပေါ့ ကံရာဇာ၊ ကျုပ်လည်း ကံရာဇာလိုပဲ မိုးအောက်မြေပြင်အနှံ့လိုက်ပြီး ပညာဆည်းပူးခဲ့တဲ့သူပဲ၊ အဓိက အရေးကြီးတာက ကိုယ်ကျင့်တရား၊ ငါးပါးသီလကို လုံခြုံအောင် ထိန်းနိုင်ပါမှ၊ ကပါလေ . . တစ်ယောက်အကြောင်းတစ်ယောက်သိပြီးနေကြပြီပဲ၊ ကျုပ်တို့နှစ်ယောက်တွေ့ကြတိုင်း ဒါတွေကို ဘာဖြစ်လို့ ထပ်သလဲလဲ ဆွေးနွေးနေကြတာလဲ”

“ဒီလိုပြောဖြစ်မယ့်လူကလည်း စက္ကဝိန္ဒပဲရှိတာကိုးဗျ၊ ပြီးပြီးသား၊ သိပြီးသားတွေကို ပြန်ပြီးတော့ဆွေးနွေးရတာကလည်း အရသာတစ်မျိုးပဲလေ”

တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ပြီးတော့ ပြုံးမိကြသည်။ ထိုနောက် လေးနက်တည်ကြည်သော မျက်နှာထားများကို ပြောင်းသွားခဲ့ကြပြန်သည်။

“ကံရာဇာ . . ဟောဒီဂူကြီးထဲမှာ ယန္တရားလက်နက်တွေ တပ်ဆင်ထားတယ်၊ ဒီလက်နက်တွေဟာ ကမ္ဘာတည်သရွေ့ ရှိနေကြမှာ၊ ကျုပ်မရှိတုန်းများရောက်လာခဲ့ရင် သတိရှိပါ



www.burmeseclassic.com

www.burmeseclassic.com



စေနော်"

"ကျုပ်ဘယ်တော့မှ သတိမလစ်ပါဘူးဗျာ၊ ခုလိုသတိပေးတာ ကျေးဇူးတင်ပါတယ်"

"ကဲ. . ကျုပ်လည်း ဒီဂူပြင်ကထွက်ပြီး ရုပ်နာမ်နှစ်ပါးအတွက် အလုပ်လုပ်လိုက်ဦးမယ်၊ အရေးအကြောင်းရှိရင် ကျုပ်နေတဲ့နေရာကို သိတယ်မဟုတ်လား၊ လိုက်လာခဲ့"

"ကျုပ်. . စက္ကာဝိန္ဒရဲ့ အလုပ်ကို အနှောင့်အယှက်ပေးသလိုဖြစ်သွားပြီ၊ ကိုင်း. . ဂူထဲကထွက်ကြစို့"

စက္ကာဝိန္ဒက ဂူနံရံမှ ခလုတ်နှင့်တူသော အရာကိုနှိပ်လိုက်သည်။ နံရံဘေးမှ အပေါက်တစ်ပေါက်က ပွင့်သွား၏။ အပြင်ကို လျှင်မြန်စွာ ထွက်လိုက်ကြသည်။ ဂူပေါက်သည် ပြန်ပိတ်သွားခဲ့သည်။

* * *



အခန်း--(၉)

နယ်စပ်တစ်နေရာရှိ စားသောက်ဆိုင်နှင့်တွဲထားသော တည်းခိုဆောင်ကြီးတစ်ခုဆီသို့ ပန်ချာပီတစ်ယောက်ရောက်လာခဲ့သည်။ ပန်ချာပီခေါင်းပေါင်းကို ပေါင်းထားသည်၊ ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးများမှာ စိမ်းညို့နေသည်။ သူ၏ဖြူဆွတ်သော အသားအရေကြောင့် ခန့်ထည်နေသည်။ အထူးသဖြင့် သူ၏မြင့်မားသော အရပ်အမောင်းနှင့် စူးလက်သော မျက်လုံးအစုံသည် မည်သူ့ကိုမဆို ဖမ်းစားနိုင်သော အရည်အချင်းရှိနေသည်။

သူသည် ကောင်တာမှာ ထိုင်နေသော ပိုင်ရှင်ဆီကို လျှောက်သွားပြီး ဟိန္ဒူစတန်နီစကားဖြင့်. . .။



www.burmeseclassic.com

www.burmeseclassic.com



“အပေါ်ထပ်က အကောင်းဆုံး ထောင့်ခန်းတစ်ခန်း ကိုပေးပါ”

ပိုင်ရှင်သည် သူတောင်းသည့် အခန်းအား မပေးလိုကြောင်း ဖြစ်ဆန်မည်ပြုသေး၏။ သူက မလိုလားသည့် အမှုအရာမျိုးဖြစ်ပေါ်လာသည်နှင့်။

“ခင်ဗျားက ရှိရက်သားနဲ့ မပေးချင်တာလား”

ပိုင်ရှင်သည် ပန်ချာပီ၏ မျက်လုံးတွေကို ကြည့်ပြီး ကြောက်ရွံ့သွားခဲ့သည်။

“မ. . မဟုတ်ပါဘူး၊ အခန်းအားပါတယ်၊ နာမည်လေး တဆိတ်လောက်”

“ဂျေဆင်း”

သော့တစ်ချောင်းက သူ့ရှေ့ကိုရောက်လာလေသည်။ ပန်ချာပီသည် ငွေဒင်္ဂါးအချို့ကို ချပေးလိုက်ပြီး. . .။

“သုံးရက်စာယူထားလိုက်”

ထိုနောက် အပေါ်ထပ်ကို တက်သွားခဲ့လေသည်။ လူတစ်ယောက်သည် ပန်ချာပီစရောက်လာကတည်းက စားပွဲတစ်လုံးမှာထိုင်ပြီး မသိမသာ အကဲခတ်နေသည်။ တခဏအကြာမှာ အပြင်ကို ထွက်သွားခဲ့လေသည်။

ဂျေဆင်းသည် အခန်းသော့ကို ဖွင့်လိုက်ကာ ချက်





ချင်းမဝင်သေး။ အခြေအနေကို အကဲခတ်ပြီးမှ ဝင်သွား၏။ နောက်တော့ တံခါးကို သေသေချာချာ ပိတ်လိုက်လေသည်။

xxxxx

ဧည့်သည်ပန်ချာပီဂျေဆင်းသည် သူ့အခန်းထဲကိုဝင်သွားပြီးကတည်းက လုံးဝဘာသံမှ မကြားရပဲ တိတ်ဆိတ်နေသည်။ အခန်းအပြင်ကိုလည်း ထွက်မလာတော့။ အစာလည်း မှာပြီး မစားချေ။ ဆိုင်ရှင်သည် ထူးဆန်းသောဧည့်သည်အား စိတ်ဝင်စားနေမိသည်။

“ဘယ်လိုလူပါလိမ့်၊ အောက်ကိုလည်း လုံးဝမဆင်းဘူး၊ အစာလည်း မှာမစားပါလား”

ဤသို့ဖြင့် ညဥ့်သည် တဖြည်းဖြည်းနက်လာခဲ့သည်။ တည်းခိုဆောင်သည် ခရီးသည်နည်းပါးလှသည်။ အောက်ထပ်မှာ သုံးလေးဦး၊ အပေါ်ထပ်မှာတော့ ဂျေဆင်းတစ်ဦးတည်းသာရှိလေသည်။

ညဥ့်(၁၂)နာရီသို့ တဖြည်းဖြည်းနဲ့ နီးကပ်လာခဲ့၏။ ပတ်ဝန်းကျင်သည် တိတ်ဆိတ်သထက် တိတ်ဆိတ်လာခဲ့၏။ တိတ်ဆိတ်လွန်းသောအခါ ချောက်ချားစရာကောင်းလာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ရှီး . . . ရှီး . . .

မြွေတွန်သံလိုမျိုးအသံကို ခပ်ဝေးဝေးမှာ ကြားလာခဲ့ရသည်။ တစ်ချက်တစ်ချက်မှသာ ထွက်ပေါ်လာသည်။ ထို့နောက် မကြားရပြန်တော့။ မြွေတစ်ကောင်သည် အဆောက်အဦး၏ ရေဆင်းပိုက်လုံးကို တွယ်တက်လာနေသည်။

အရှည်တစ်လံကျော်လောက် ရှိမည်။ ခန္ဓာကိုယ်အထက်ပိုင်းတစ်ဝက်သည် အနက်ရောင်ဖြစ်ပြီး အောက်ပိုင်းတဝက်သည် အဝါရောင်ဖြစ်သည်။ လုံးပတ်ကတော့ လူကြီးလက်ကောက်ဝတ်လောက်တုတ်သည်။

ထိုမြွေသည် ရေဆင်းပိုက်လုံးအပေါ်ရှိ သစ်သားအကန့်၏လွတ်နေသော လေဟာနယ်ကြားမှ အောက်သို့လျှောဆင်းသွားခဲ့သည်။

အခန်းထဲမှာ မီးရောင်ကမရှိ။ တစ်နေရာမှ ဝင်ရောက်လာသော အလင်းရောင်တစ်ချို့ကြောင့် အခန်းထဲမှာ ဝိုးတဝါးမှောင်ရီရီ။ ထိုအခန်းသည် ဂျေဆင်း၏ အခန်းဖြစ်သည်။ သူသည် ကုတင်ထက်မှာ အိပ်ပျော်လျက်ရှိသည်။ နှစ်ခြိုက်စွာဖြင့် အိပ်ပျော်လျက်ရှိသောကြောင့် အသက်မှန်မှန်ရှူသံကထွက်ပေါ်နေသည်။

မြွေကြီးသည် ကုတင်ခြေထောက်မှတစ်ဆင့် တလွန့်





လွန့်ဖြင့် တွယ်တက်သွားသည်။ ထိုနောက် စောင်ခြုံကာ အိပ်ပျော်နေသူကို လည်ကုပ်နေရာသို့မှန်းပြီး တချက်တည်းပေါက်လိုက်လေသည်။

အား!

မတိုးမကျယ် အော်သံတစ်ချက် ထွက်ပေါ်လာပြီးတဲ့နောက် ထိုသူသည် ငြိမ်သက်သွားလေသည်။ မြွေကြီးသည် သူ့တာဝန်ကျေပြီဖြစ်၍ ကုတင်ထက်မှ အောက်သို့ပြန်ဆင်းသွားခဲ့သည်။ အခန်းသည် တိတ်ဆိတ်မြဲတိတ်ဆိတ်ကာ တည်ငြိမ်စွာဖြင့်ရှိနေဆဲ။

× × × × ×

ထိုစဉ် အခန်းတံခါးသည် ဖြည်းဖြည်းချင်းပွင့်လာ၏။ ဆာရီဝတ်မိန်းကလေးတစ်ယောက်သည် တည်ငြိမ်သော ခြေလှမ်းများဖြင့် အခန်းထဲကို ဝင်လာခဲ့သည်။

မျက်နှာတစ်ဝက်ကိုတော့ ဇာပုဝါအနက်ပါးပါးလေးဖြင့်အုပ်ထားသည်။ သူမ၏ မျက်ဝန်းအစုံသည် အစိမ်းရောင်တောက်ပနေကာ စူးလက်နေသည်။

ကုတင်ဆီသို့ရောက်သောအခါ ခြေအစုံကို ရပ်တန့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။ ကုတင်ထက်မှာ ငြိမ်သက်နေသူကို ငုံ့ကြည့်လိုက်သည်။ ထို့နောက် အဟင်းဟင်းဖြင့် ရယ်သံက ထွက်ပေါ်လာသည်။

"ကိုင်း . . ဘယ့်နှယ်ရှိစ၊ ရှင် . . ခုတော့ ဘာတတ်နိုင်သေးလဲ၊ ဒါပေမယ့် ဒီမြွေဆိပ်က ရှင့်ကို သေအောင်မတတ်နိုင်ပါဘူး၊ ပိုပြီးအိပ်ပျော်သထက် အိပ်ပျော်သွားအောင်ပဲစွမ်းဆောင်နိုင်တာပါ၊ အင်း . . ရှင်နိုးလာတဲ့အခါမှာတော့ ရှင့်ရဲ့အကြောအချဉ်တွေက လှုပ်ရှားလို့မရတော့ဘူး၊ အဲဒီအချိန်မှာ ကျွန်မပြုသမျှ ရှင်နုရတော့မယ်၊ လိုချင်တာတွေကို နှိပ်စက်ညှဉ်းပမ်းပြီး တောင်းရမှာပေါ့၊ ဟင်း . . ဟင်း . . ဟင်း"

မိန်းကလေးက ဆည်းလဲလှုပ်ခတ်သံလို တိုးတိုးလေးပြောပြီး ရယ်မောပစ်လိုက်သည်။

ထိုစဉ် ကုတင်ထက်မှာ မှောက်ခုံကြီးစောင်ခြုံပြီး အိပ်ပျော်နေသူသည် ရုတ်တရက် ပက်လက်လှန်ပြီး မိန်းကလေးကိုဖက်ကာ ဆွဲချလိုက်သည်။

"အို . . . အမေ့"

မိန်းကလေးသည် လန့်အော်လိုက်ပြီး ဂျေဆင်းကိုယ်ပေါ်ကို ကျသွားခဲ့လေ၏။ ထို့နောက် သန်မာသော လက်နှစ်ဖက်က သူမကိုဆွဲကိုင်ကာ သူမ၏နံဘေး ညာဘက်ကို ဆွဲချ





လိုက်သည်။

"ရှင် . . ရှင် . . ကျွန်မကို လွှတ် . . လွှတ်"

အကြောက်အကန်ရုန်းပြီး ပြောသည်။ သို့သော် ဂျေဆင်း၏ လက်ထဲမှ လွတ်မြောက်ရန် မလွယ်ကူပါ။

"မင်းက ငါ့ဆီကို မကြောက်မရွံ့ ဟန်နဲ့ လာတာပေါ့၊ ဟုတ်လား၊ ငါ့အကြောင်းကို မင်းကောင်းကောင်းသိလျက်နဲ့"

မိန်းကလေး၏ နားမှာကပ်ပြီး တိုးတိုးလေးပြောလိုက်သည်။ ကိုယ်သင်းနံ့ကလေးသည် မည်သည့်မိန်းကလေး၏ ကိုယ်သင်းနံ့နှင့်မှ မတူအောင် သင်းပျံ့လျက်ရှိသည်။

"ကျွန်မကို ဒုက္ခမပေးပါနဲ့"

မိန်းကလေး၏ တစ်ကိုယ်လုံးရှိ အကြောအချဉ်တွေ ပျော့ပျောင်းသွားသည်။ ချက်ချင်းပင် မလှုပ်နိုင်၊ မရှားနိုင်ဖြစ်သွားခဲ့ရသည်။ သူမ၏နှုတ်မှ တဖွဖွဖြင့် ပြောနေဆဲရှိသည်က

"လွှတ် . . လွှတ်ပါတော့ရှင်"

သို့သော် သူကလေး၏ လက်နှစ်ဖက်ကတော့ သူ့ ပြန်ပြီးတော့ ဖက်တွယ်လာသည်။ သူ၏ ထူးခြားသော အထိအတွေ့ကို သာယာသလို ဖြစ်သွားခဲ့ရသည်။

"မာယာဒေဝီ . . မင်း . . ငါ့ဆီကို လာလိမ့်မယ်ဆိုတာ သိတယ်၊ ငါဟာ မင်းနှင့်ခုလို ပဋိပက္ခအခြေအနေမျိုးနဲ့ ခံ



www.burmeseclassic.com

www.burmeseclassic.com



တွေချင်တာမဟုတ်ဘူး၊ မင်းရဲ့နှလုံးသားကို ငါမြတ်မြတ်နိုးနိုးနဲ့ ရင်ထဲမှာသိမ်းပိုက်ထားချင်တာ၊ မင်းကို ငါချစ်တယ်"

"အို . . မဖြစ်ဘူး၊ မဖြစ်ဘူး၊ ကျွန်မရဲ့အဖေက ရှင့်ကို ရန်သူတစ်ယောက်လို့ သတ်မှတ်ထားတာ၊ ပြီးတော့ ဟိုပစ္စည်းတွေကိုလည်း သူက သိပ်ပြီးလိုချင်နေတာ၊ ရှင်ကလည်း မပေးဘူးဆိုတော့ အဖေက ရှင့်ကိုမတွေ့တွေ့အောင် ရှာခိုင်းတော့တာပေါ့၊ ရှင်ဘယ်လို ရုပ်ဖျက်ထား၊ ဖျက်ထား၊ ကျွန်မမှတ်မိတယ်၊ ဟွန်း"

သူမ၏ ရင်ခွင်ထဲမှနေ၍ မျက်စောင်းလေးခဲပြီးပြောလိုက်သည်။ မာယာဒေဝီသည် သွေးဆူလွယ်တတ်သော မိန်းကလေး၊ သို့မဟုတ် သူကပဲ ပီယသိဒ္ဓိပြီးနေသလားမသိ။ ချက်ချင်းပင် သဘောထားပျော့ပျောင်းသွားခဲ့သည်။ ထိုသူ့အပေါ်မှာ ရန်တုန့်ပြန်လိုသော အမူအရာမျိုးမရှိတော့။ ယုန်သူငယ်မလေးလို ပျော့ပျောင်းသွားသည်။

ထိုသူဆိုသည်က ကံရာဇာ။

ပန်ချာပီဂျေဆင်းအသွင် ရုပ်ဖျက်ထားသော ကံရာဇာ။ ကံရာဇာက မာယာဒေဝီ၏ နားနားသို့ကပ်ပြီး တိုးတိုးလေးကပ်ပြောလိုက်သည်မှာ။

"အဲဒီပစ္စည်းတွေက ဘယ်လိုမှ ပေးလို့မရလို့ပါကွာ၊





ခုအချိန်မှာ ဒါတွေကို ပြောမနေပါနဲ့တော့၊ မင်းရဲ့ မျက်နှာလေးကိုပဲ ငါကြည့်နေချင်တယ် မာယာဒေဝီ"

ပြောသည့်အတိုင်း မာယာဒေဝီ၏ မျက်နှာလေးကို သူစိုက်ကြည့်နေမိသည်။ မာယာဒေဝီကလည်း သူ့မျက်လုံးတွေကို မကြည့်ပဲမနေနိုင်။ မျက်လုံးချင်းဆုံမိကြသည်။ မာယာဒေဝီသည် တခဏအတွင်းမှာပင် မိန်းမောသွားခဲ့သည်။

ညသည် ပိုပြီးတော့ တိတ်ဆိတ်သွားခဲ့သည်။ မာယာဒေဝီ၏ တဟင်းဟင်းနဲ့ ဆွဲလည်းလှုတ်ခတ်သံလေးသာ တစ်ချက်တစ်ချက်မှာပေါ်လာသည်။ အဲသည့်နောက် လုံးဝတိတ်ဆိတ်သွားခဲ့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com





**အခန်း – (၁၀)**

မာယာဒေဝီနိုးလာတော့ ညဉ့်နှစ်နာရီလောက်ပဲ ရှိသေးမည်။ သူမသည် သမုဒ္ဒရာတစ်စင်းကို တစ်ညလုံးလက်ပင်ကူးခတ်ထားသူပမာ ခံစားနေရသည်။ ရင်ထဲမှာလည်း တလှုပ်လှုပ်နဲ့ဖြစ်နေသည်။

သို့သော် ကြည်နူးမှုလေးနှင့်အတူ ပြုံးမိလိုက်သည်။ ဘုရင်ဆင်း(သို့မဟုတ်)ကံရာဇာကတော့ သူမ၏ဘေးမှာ အသက်ငြိမ်မှန်မှန်ရှူရင်း အိပ်မောကျလျက်ရှိသည်။

မာယာဒေဝီသည် ခေါင်းလေးကိုငုံ့ကာ ကံရာဇာ၏ နဖူးပြင်ကို တစ်ချက်နမ်းလိုက်သည်။ ကံရာဇာသည် ရှင့်သူမ ဘတ်တော့။ ချစ်သူ. . .။ မိမိရဲ့ ချစ်သူဖြစ်သွားခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဗုံတီးသံထွက်ပေါ်လာသည်။ အဝေးကနေ လာနေသည်။ ဗုံတီးသံသဲ့သဲ့၊ မာယာဒေဝီ၏ ကိုယ်လုံးလေး သည် ဆတ်ကနဲဆို ဖြစ်သွားခဲ့ရသည်။

ထို့ကြောင့် ကုတင်ထက်မှ အလျင်စလိုဖြင့်ဆင်းကာ ကိုယ်ဝတ်လွှာများကို သေသပ်သွားအောင် ပြုပြင်လိုက်သည်။ ဗုံတီးသံကတော့ မှန်မှန်ထွက်ပေါ်နေဆဲ။ သူမကို အချက်ပေး ကာခေါ်နေသည်။

စားပွဲပေါ်မှာ စာရေးစက္ကူကဒ်နှင့်ပတ်ကားဖောင်တိန် တစ်ချောင်းကို အဆင်သင့်တွေ့လိုက်သည်နဲ့ စာတစ်စောင်ကို ဟိန္ဒီဘာသာဖြင့် အလျင်စလို ကောက်ရေးလိုက်သည်။ ထို့ နောက် စာရွက်ကို ဆုတ်ဖြဲကာ ကံရာဇာ၏ ရင်ဘတ်ပေါ်မှာ တင်ထားလိုက်သည်။

ထိုနောက် အခန်းထဲမှ အေးဆေးစွာဖြင့် ထွက်သွား ခဲ့သည်။ မိန်းကလေးဝင်လာသည်ကို မည်သူမှ မသိလိုက်ကြ သလို ခုလို ပြန်ထွက်သွားခဲ့သည်ကိုလည်း တစ်ဦးတစ်ယောက် မှ မတွေ့လိုက်ကြပါ။

× × × × ×





တကယ်တော့ ကံရာဇာသည် အိပ်ပျော်နေသူမဟုတ် ။ သူနိုးနေသည်မှာ ကြာခဲ့လေပြီ။ မာယာဒေဝီ၏ လှုပ်ရှား မှုများကို အစအဆုံးသူသိနေခဲ့သည်။

မာယာဒေဝီမှာ သူ့အနားမှ ထွက်သွားခဲ့သည်ကိုပင် သူမတားတော့။ သူမကို လာရောက်ခေါ်နေသူသည် တည်း ခိုဆောင်နဲ့ အတန်ငယ်ဝေးကွာသော နေရာမှာ စောင့်နေခဲ့ သည်ကို သူသိနေခဲ့သည်။

ကံရာဇာက အိပ်ယာထက်မှဆင်းလိုက်သည်။ အခန်း ဆောင့်တစ်နေရာတွင် ညဉ့်လယ်ပိုင်းက ရောက်လာခဲ့သော မြွေကြီးသည် စင်းစင်းကြီးလဲသေလျက်ရှိသည်။ ထိုကဲ့သို့သော မြွေမျိုးသည် ကိုယ်အထက်ပိုင်း လည်ပင်း၊ လည်ကုတ်လိုနေ ရာမျိုးကိုသာ ပေါက်တတ်သည်။ လေ့ကျင့်ထားသော မြွေမျိုး ဖြစ်သည်။ သခင်အတွက်တော့ လိမ္မာသည်။

ရန်သူအတွက်ကတော့ မကောင်း။ ငန်းပုပ်နှင့်မြွေဝါ မျိုးကို စပ်ထားခြင်းဖြစ်သည်။ အမိန့်ပေးပြီး စေခိုင်းလိုက်လျှင် ထိုသူဆီကိုရောက်အောင်သွားပြီး ထိထိမိမိပေါက်လေ့ရှိ၏။

သူ့အဆိပ်ပြင်းပုံက ကိုယ်ထဲသို့ အဆိပ်ရောက်သွား လျှင် ခြေလက်တွေ မသယ်ချင်အောင် ပြုတ်ကျသွားသည်။ စိတ်လည်းဗျော့သွားသည်။ ကြောက်စိတ်များလည်း ဝင်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အားအင်တွေ ကုန်ခမ်းသွားသလို ခံစားနေရသည်။ ထိုအခါ စိတ်ငယ်သွားသည့်သူကို စစ်ဆေးမေးချင်ရာမေး ကြောက်စိတ်ကို ဖုံးကွယ်မထားနိုင်တော့ပဲ အမှန်အတိုင်းဖြေလေတော့သည်။

ထိုမြွေရောက်လာတော့မည်ကို ကံရာဇာက ကြိုမြင်တော့သိနေသည်။ မြွေတွန်သံကြောင့်ပဲဖြစ်သည်။ ထို့အပြင် ဗုံတီးသံ။

ကုလားဗုံတီးသံကို မြွေက ကြိုက်နှစ်သက်သည်။ ဗုံသံသည် လျှို့ဝှက်ချက်များရှိသည်။ အသံ၏ အနိမ့်အမြင့်၊ သံတိုသံရှည်၊ အတိုးအကျယ်ပေါ်မူတည်ပြီး မြွေကို သွားစေလိုသော အရပ်ကို စေလွှတ်၍လည်းရသည်။

မာယာဒေဝီပြန်သွားစဉ်၌ ထွက်ပေါ်လာသော ဗုံသံသည် မြွေကို ပြန်ခေါ်ခြင်းပင်ဖြစ်သည်။ ကိစ္စပြီးဆုံးသွားပြီဟု ယူဆပြီး မြွေကိုပြန်လာရန် အချက်ပေးခြင်းပင်ဖြစ်သည်။ မြွေက ပြန်မသွားနိုင်တော့။ သေဆုံးခဲ့လေပြီ။ ထိုမြွေသည် ကံရာဇာ၏ လည်ပင်းကို ပေါက်လိုက်စဉ်၌ သတိကြီးစွာထားခဲ့ရ၏။ ကံရာဇာသည် စောင်ခြုံထဲမှ လက်ကို အဆင်သင့်ထုတ်ထားကာ မြွေ၏လည်ပင်းကို အချိန်မှီ ဖမ်းဆုပ်လိုက်နိုင်သည်။

ကံရာဇာ၏ လက်ခလယ်မှာ ဝတ်ဆင်ထားသောလက်





စွပ်မှာ ဆူးချွန်တစ်ခုထွက်လာပြီး မြွေ၏ လည်ပင်းထဲကို ထိုးဖောက်ပြီးဝင်သွားသည်။ ထိုဆူးချွန်မှာ ပါသွားသောအဆိပ်သည် မြွေဆိပ်များထက် ပို၍ပြင်းသည်။ ချက်ချင်းမသေပဲ စက္ကန့်ပိုင်းလောက်တော့ ခံသည်။ မြွေသည် အဆိပ်ဒဏ်အား ငြင်သာစွာ ခံစားရင်းက အခန်းထဲမှာပင် သေဆုံးသွားခဲ့၏။ လူးလူးလဲလဲဖြင့် ခံစားရခြင်းမျိုးမဟုတ်။ တစ်ကိုယ်လုံးမလှုပ်နိုင်မယှက်နိုင်ဖြစ်ကာ ငြိမ်သက်စွာဖြင့် သေဆုံးသွားတတ်၏။

မာယာဒေဝီသည် မြွေကြီးသေဆုံးသွားသည်ကို မသိခဲ့။ သူမ၏ အထင်က မြွေဆိပ်မိနေသော ကံရာဇာကို ပစ္စည်းများနဲ့ပတ်သက်၍ မရရအောင်မေးရန်ပင်။ သို့သော် မာယာဒေဝီကား ကံရာဇာနှင့်တွေ့မှ အချစ်များစူးသွားခဲ့လေပြီ။

ကံရာဇာသည် မာယာဒေဝီရေးခဲ့သောစာကို ကောက်ဖတ်လိုက်သည်။ ဟိန္ဒူဘာသာဖြင့်ရေးသားထားသည်က. . ။

xxxxx

ကံရာဇာ. . . ။

ကျွန်မ. . ရှင့်ဆီကို လာခဲ့ရတဲ့ ရည်ရွယ်ချက်က ရှင့်ဆီမှာရှိနေတဲ့ ပစ္စည်းနှစ်ခုကို ရအောင်ယူဖို့ပဲ၊ ဒါပေမယ့် ရှင်



www.burmeseclassic.com

www.burmeseclassic.com



က ကျွန်မကို ဖမ်းစားနိုင်ခဲ့တယ်၊ ခက်ထန်နေတဲ့ ကျွန်မရဲ့နှ လုံးသားကို ပျော့ပျောင်းသွားအောင် ရှင်စွမ်းဆောင်နိုင်ပါပေ တယ်၊ ရှင့်ကို ကျွန်မသိပ်ချစ်သွားပြီ တံရာဇာရယ်၊ ရှင်ဟာ ယောကျ်ားပီသတဲ့ လူတစ်ယောက်ပါ၊ ရှင့်မှာ သန့်ရှင်းတဲ့နှ လုံးသားရှိတယ်ဆိုရင် ကျွန်မကို လက်ထပ်ပါ၊ တာဝန်မကျေ ပွန်ခဲ့တဲ့အတွက် ကျွန်မမှာ အပြစ်ရှိနေတယ်၊ ဒါပေမယ့် အဲ ဒီအပြစ်ကို အတတ်နိုင်ဆုံး ဖုံးကွယ်ထားရပါလိမ့်မယ်၊ တစ် ချိန်ချိန်မှာတော့ ပြန်ဆုံရဦးမှာပါ၊ ဆုံဖြစ်လိမ့်မယ်လို့လည်း ထင်ပါတယ်၊ ကျွန်မကို သတိရနေပါနော်”

ချစ်တဲ့. . .

မာယာဒေဝီ

× × × × ×

ကံရာဇာသည် စာကို အစအဆုံးဖတ်ပြီး ပြုံးမိလိုက် သည်။ သူတစ်ခါမှ မပြုံးဖူးသော အချစ်နှင့်ပတ်သက်သည့် ကြည်နူးနှစ်သိမ့်ပြုံးပဲဖြစ်သည်။

“မင်းကို ငါမြတ်မြတ်နိုးနိုးနဲ့ ချစ်နေမှာပါ မာယာဒေ ဝီ၊ မင်းရဲ့ အကြောင်း မင်းရဲ့ နာမည်ကို ငါကြားဖူးကတည်းက





စိတ်ဝင်စားနေခဲ့တာပါ၊ စွဲလန်းနေမိတာပါ၊ ဒါပေမယ့် လက် ထပ်ဖို့ဆိုတာကတော့. . .”

ကံရာဇာသည် အမှောင်ထုထဲကို ငေးရီပြီး ကြည့်နေ မိသည်။ သက်ပြင်းတစ်ချက်ကို မသိမသာချမိလိုက်သည်။ မည် သူမဆို ကိုယ့်အကြောင်းနှင့်ကိုယ် သူ့အကြောင်းနှင့်သူရှိနေ သည်မဟုတ်ပါလား။

× × × × ×

ကျို့ဝှက်သော စခန်းတစ်နေရာ။ တောနက်ကြီးအ တွင်း တဖွဖွနင်းလာသော ခြေသံကို လွန်စွာမှနားပါးသော ဦး ကြက်တောက ကြားနေရသည်။

ရန်သူဖြစ်နိုင်သည်။ ဒူးလေးကို အသင့်ပြင်ထားသည်။ ညို့မှာ မြားကိုတင်မည်ပြုသည်။ သို့သော် နားကို ထပ်မံပြီး စွင့်ထားမိလိုက်ပြန်သည်။ သူသည် ဘယ်တော့မှ အလျင်စလို ဆုံးဖြတ်ခြင်းမပြုတတ်။

သူ. . ခြေသံရှင်ကို သိသွားသည်။ မသိမသာပြုံးမိ လိုက်သည်။ ဒူးလေးကို တင်းတင်းကိုင်ထားသည့်လက်ဆုပ် များသည် လျော့သွားသည်။ သူ့ရှေ့တူရူသို့ အေးဆေးစွာလာ



www.burmeseclassic.com

www.burmeseclassic.com



နေသူတစ်ယောက်။ သူကတော့ ကံရာဇာ. . ။ ဦးကြက်တော သည် သစ်ပင်အကွယ်မှ ထွက်လိုက်သည်

"ဦးကြက်တော. . ကျုပ်ခြေသံကို ကောင်းကောင်းမ ကျက်မိသေးဘူးထင်တယ်၊ နည်းနည်းတော့ သံသယဝင်သေး တယ်မဟုတ်လား"

လွှတ်ကနဲပြောလိုက်သော ကံရာဇာ၏အသံကြောင့် ဦးကြက်တောအံ့အားသင့်သွားခဲ့ရသည်။

"မောင်ရာဇာက ဘယ်လိုသိသလဲ၊ ကျုပ်သတိနည်း နည်းပိုသွားမိတယ်"

"ဦးရဲ့ မျက်နှာအမူအရာနဲ့ မျက်လုံးတွေကို ကြည့်ရင် သံသယဖြစ်သွားတာ၊ စိုးရိမ်သွားမိတာတွေက မဆိုစလောက် လေး ပေါ်လွင်နေတယ်လေ၊ ကဲ. . ဒါတွေကို ထားပါတော့ ယက္ခ၊ ဧရဲနှင့်ဂုမ္ဘာန်တို့ကော. . ."

"ဒီကောင်သုံးကောင်ကို ဂူထဲမှာပိတ်ပြီး လှောင်ထား ရတယ်၊ သိပ်ရဲတင်းလွန်းတဲ့ ကောင်တွေ၊ တောထဲလျှောက် သွားနေမှာစိုးလို့ ကျားတောင် ကြောက်ကြတဲ့ကောင်တွေ မ ဟုတ်ဘူး"

"ကောင်းတယ်၊ ကောင်းတယ်၊ သူတို့ကို ဒီလိုမယိမ်း လို့မဖြစ်ဘူး၊ ကျားရိုးကိုသွေးပြီး တိုက်ထားတာကိုး'ဗျ၊ ကျား





နဲ့ယဉ်ပါးနေတော့ သည်ကောင်တွေ ကျားလည်း ကြောက် ကြမှာမဟုတ်ပါဘူး"

"လာ. . မောင်ရာဇာ၊ ဂူထဲသွားကြရအောင်"

ကျောက်ဂူတစ်လုံးက တောင်ကုန်းကြီးနှစ်ခုကြားမှာ ရှိနေသည်။ တောင်ကုန်းကြီးတွေပေါ်မှာ နွယ်ပင်တွေ၊ သစ် ပျော့ပင်တွေကပေါက်ကာ ဖုံးလွှမ်းနေသည်။ ရုတ်တရက်ကြည့် လျှင်ပင် ဂူတစ်ခုရှိသည်ကို မသိနိုင်။

ဂူဝမှာပိတ်ထားသည့် ကျောက်ပြားတစ်ချပ်အား ဦး ကြက်တောက တွန်းပြီးဖွင့်လိုက်သည်။ လူတစ်ကိုယ်စာ ပင် နိုင်သော ဂူပေါက်မှ ဝင်လိုက်ကြသည်နှင့် ခွေးသုံးကောင်က ပြေးလာပြီး ကံရာဇာကို ကြိုဆိုကြသည်။ ကံရာဇာ၏ကိုယ်ပေါ် တက်ကြသည်။ သခင်ကို အရောတဝင်ဆက်ဆံကြသည်။

"ကဲ. . ကဲ၊ ဒီလောက်ဆို တော်လောက်ပြီ၊ မင်းတို့ သွားကြတော့"

ကံရာဇာက ခွေးသုံးကောင်ကို လက်နှင့်ပုတ်ပြီး ပြန် လွှတ်လိုက်သည်။ ခွေးလိမ္မာများသည် ဂူ၏အတွင်းပိုင်းဆီသို့ ဝင်သွားခဲ့ကြသည်။

"မောင်ရာဇာ. . အဆင်ပြေခဲ့ရဲ့လား"

"ပြေခဲ့ပါတယ်၊ ဒါပေမယ့် ရန်သူတွေကတော့ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



နောက်က လိုက်နေကြဆဲပဲ၊ သူတို့က ကျုပ်ကိုမီလည်း အသေ
မသတ်ရဲကြပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့လိုချင်တာ
ပစ္စည်းလေ၊ ဒီပစ္စည်းတွေ ဘယ်မှာရှိတယ်ဆိုတာ ကျုပ်
ပြောမှသိကြမှာကိုး"

"ဒါပေမယ့် ရန်သူကိုတော့ လျှော့ပေါ့ပြီး တွက်မထား
ပါနဲ့ မောင်ရာဇာ၊ သတိကတော့ မပြတ်ထားပါ၊ တြိသပွေ
ဂိုဏ်းသားတွေဟာ မောင်ရာဇာနောက်က သဲကြီးမဲကြီးလိုက်
နေကြတယ်နော်၊ သူတို့က ခြေရာခံကောင်းကြတယ်"

"ကျုပ် . . သူတို့နဲ့ ရင်ဆိုင်ခဲ့ပြီးပါပြီ . . ဦး"

"ဟင် . . ဟုတ်လား၊ မောင်ရာဇာ ဘာမှမဖြစ်ခဲ့ဘူး
ဟုတ်လား"

"ဒီလိုဗျ . . ."

ကံရာဇာက တည်းခိုခန်းတွင် ကြုံတွေ့ခဲ့ရသော အ
ဖြစ်အပျက် (မာယာဒေဝီနှင့်တွေ့ဆုံခဲ့သည်မှလွဲ၍)များအား
ပြောပြလိုက်သည်။ စက္ကဝိန္ဒနှင့်တွေ့ဆုံခဲ့သည့် အချက်များ
လည်း ချန်လှပ်ထားလိုက်သည်။ စက္ကဝိန္ဒနှင့်ပတ်သက်ပြီး ဦး
ကြက်တော ဘာမှမသိပေ။

"ဒီအထဲမှာ နယ်ခဲ့ လက်ပါးစေ ပုလိပ်တွေကတ
ချို့၊ ကျုပ်ကို အကြောင်းမဲ့ကြီး သက်သေမကင်းဖြစ်နေကြတယ်





ရာဇဝတ်ဝန်ကလေး ကိုသြဘာဆိုရင်လည်း ကျုပ်ဆီကိုခဏ
ခဏလာတယ်၊ ဘာထောက်အထားမှ မပြနိုင်တော့ အရေး
ယူလို့မရဘူးပေါ့ဗျာ၊ သူတို့က ထင်ကြမှာပဲ၊ ကျုပ်ထွက်ပြေး
သွားပြီလို့၊ အမှန်ကတော့ ကျုပ်အကြောင်းနဲ့ကျုပ်ပဲ"

"သူတို့က မောင်ရာဇာကို သက်သေမကင်း ဖြစ်နေကြ
တယ်၊ တြိသပွေဂိုဏ်းဝင်တွေ တစ်ချို့ သေဆုံးကုန်ကြတာကို
သူတို့တွေခဲ့ကြရင် ပိုပြီးတောင် သက်သေမကင်းဖြစ်နိုင်တယ်၊
မောင်ကံရာဇာခွင့်ပြုမယ်ဆိုရင် ဦးရန်ကုန်ကိုပြန်ပြီး ကွန္ဒြေမ
ပျက်နေချင်တယ်"

"ဟာ . . သိပ်ကောင်းတာပေါ့၊ သူတို့က စစ်လားဆေး
လား လုပ်ခဲ့ကြရင်တော့ ရှေးဟောင်းပစ္စည်းတစ်ခုအတွက် သံ
တင်းရလို့ သွားရှာတာလို့ပြော၊ ကျွန်တော်နေခဲ့တယ်လို့ပြော၊
စကားကို မတင်မကျပြောထားပေါ့၊ ဒီကောင်သုံးကောင်ကိုပါ
ခေါ်သွားဗျာ၊ ကျုပ်မကြာဘူး၊ လိုက်လာခဲ့မယ်"

"ကျုပ် . . ဒီလူတွေကို ဘယ်လိုပြောရမယ်ဆိုတာ သိ
ပါတယ် မောင်ရာဇာ၊ ရန်ကုန်ကို ပြန်သွားရတာက လွယ်ပါ
တယ်၊ ကျုပ်စိတ်မချတာက ဒီမှာ၊ မောင်ကံရာဇာတစ်ယောက်
တည်းကို ထားခဲ့ရမှာကိုပဲ"

ကံရာဇာက ဦးကြက်တောပခုံးကို ဆုပ်ကိုင်လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ဥပစ္စေဒကံနဲ့ မသေနိုင်ပါဘူးဗျာ၊ စိတ်ချပြီးသာ သွားပါ၊ ဟိုကောင်သုံးကောင်အတွက်ကတော့ လှောင်အိမ်ထဲသာ လုံလုံခြုံခြုံနဲ့ ထည့်သွားပေတော့ဗျို့"

ဦးကြက်တောသည် ကံရာဇာ၏ အလိုကျခေါင်းညိတ်လိုက်ရလေတော့သည်။

* * *



## အခန်း-(၁၁)

ဦးကြက်တော ရန်ကုန်အိမ်သို့ ပြန်ရောက်ပြီးမကြာမီမှာပင် ရာဇဝတ်ဝန်ကလေးကိုသြဘာရောက်လာခဲ့သည်။

တီ..တီ..တီ..။

ခြံတံခါးကို ပိတ်ထားသည်ဖြစ်၍ ကိုသြဘာက ဟွန်းကို ခပ်ဆတ်ဆတ်သုံးချက်တီးလိုက်သည်။

"ဝုတ်..ဝုတ်..ဝုတ်"

ယက္ခ၊ ငရဲ၊ ဂုမ္ဘာန်။

အယ်လ်ဇေးရှင်းခွေးကြီးသုံးကောင်က ဟောင်ရင်းမှ ပြေးထွက်လာကြသည်။ ခွေးကြီးများသည်လိုအပ်သည်ထက် ပင်ကြီးမား ထွားကျိုင်းလွန်းနေကြသည်။ ခြံတံခါးကို ပတပ်



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကာ ကုပ်တွယ်ပြီး သွားကြီးတွေဖြဲ၍ ထိုးဟောင်နေကြလေတော့သည်။

လူ၏ခါးစောင်းထက်မကမြင့်သော ခွေးကြီးသုံးကောင်၏ မာန်ဖီသံ၊ ဟောင်သံများသည် ကိုသြဘာ၏ ကိုယ်အရေပြားပေါ်မှ မွေးညှင်းများကိုပင် ထောင်တက်သွားစေခဲ့သည်။ ကျောချမ်းသွားသည်အထိ ခံစားလိုက်ရသည်။

ခွေးဟောင်သံများကြောင့် ဦးကြက်တောသည် တိုက်ထဲမှ ပြေးထွက်လာသည်။ ခြံရှေ့မှာရပ်ထားသော ကားလေးတစ်စီး၊ ကားပေါ်မှာ မလှုပ်မယှက်ထိုင်နေသူကတော့ ကိုသြဘာ။

"ဟာ. . ဆရာလေး၊ လာပြီ. . ဆရာ. . လာပြီ၊ ဖော့ကောင်တွေ၊ မင်းတို့ အိမ်ထဲကို ပြန်ဝင်ကြစမ်း"

ဦးကြက်တောက အမိန့်ပေးလိုက်သည်နဲ့ ခွေးကြီးသုံးကောင်သည် ချက်ချင်းပင်လှည့်ပြီး နောက်ကြောင်းဆီပြန်ဖြေးသွားခဲ့ကြသည်။ ဦးကြက်တောက တံခါးကို အေးဆေးစွာဖြင့်ဖွင့်ပေးလိုက်လေသည်။ ကိုသြဘာက မကျေမနပ်ဖြင့် ကားကို မောင်းပြီးဝင်လာခဲ့သည်။

ကားကို ပေါ်တီကိုအောက်မှာရပ်ပြီး ကားပေါ်မှဆင်းလိုက်သည်နှင့်. . . ။





"ခင်ဗျားတို့ ဆရာတပည့်တွေ ဘယ်ပျောက်သွားကြတာလဲဗျ၊ တစ်လလုံးလုံး သတင်းအစအနတောင် မရတော့ဘူး"

"မောင်ကံရာဇာက ရှေးဟောင်းပစ္စည်းတစ်ခုနောက်ကို လိုက်သွားတာပါ၊ ကျုပ်ကတော့ အဖော်ပေါ့ဗျာ"

"ခွေးသုံးကောင်ကိုပါ ခေါ်သွားတယ်ပေါ့"

"မခေါ်လို့ဖြစ်မလားဗျာ၊ သူတို့ကို ဘယ်သူတာဝန်ယူနိုင်မှာမို့လဲ"

ကိုသြဘာ၏ မျက်လုံးတွေက ဦးကြက်တောပြောနေသည်များကို မယုံကြည်သည့်လက္ခဏာ။

"ခင်ဗျားရဲ့ ဆရာဟာ ရှေးဟောင်းပစ္စည်းတွေကို ဒီလောက်တောင်ပဲ စိတ်ဝင်စားရသလား၊ ထမင်းမေ့ဟင်းမေ့တောင်ဖြစ်ဖူးတယ်လို့ ကိုကံရာဇာကိုယ်တိုင်ပြောဖူးတယ်"

"ဟုတ်တယ်၊ သူက လူငယ်တစ်ယောက်ပေမယ့် စိတ်ကူးကတော့ တခြားသူတွေနှင့်မတူဘူး၊ ဆန်းကြယ်တယ်၊ သူစိတ်ဝင်စားတာကတော့ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ရှေးဟောင်းပစ္စည်းတွေပဲ၊ ရသမျှလည်း စုဆောင်းတတ်တယ်"

"အေးဗျာ. . အဲဒီပစ္စည်းတွေကို ကျုပ်လည်းကြည့်ချင်တယ်၊ ကြည့်ခွင့်ရှိမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာလေး စိတ်ဝင်စားတယ်ဆိုရင်တော့ ကြည့်နိုင်ပါတယ်၊ မောင်ရာဇာကလည်း ကိုသြဘာလာရင် သူဆန္ဒရှိတာတွေ ဆောင်ရွက်ပေးလိုက်ပါလို့ အရင်ကတည်းက မှာထားဖူးပါတယ်"

ကိုသြဘာ၏ မျက်လုံးများသည် ခြံထဲကိုလည်း အကဲခတ်နေသည်။ ဩိသပွေါ်ဂိုဏ်းသားများနဲ့ ဖြစ်ပျက်ခဲ့သည်ကို သူတနည်းနည်းဖြင့် သိသွားနိုင်သည်။ သို့သော် ခြေရာလက်ရာ အစအနများကို ဖျောက်ထားပြီးသားမို့ သဲလွန်စရှာ၍ရမှာမဟုတ်။

သူတစ်ယောက်တည်းလာဝံ့သော သတ္တိက နည်းနည်းနောနော မဟုတ်။ ခိုးကျူးစရာ။ ဦးကြက်တောက ကိုသြဘာကို အိမ်ထဲသို့ ခေါ်သွားခဲ့လေသည်။

xxxxx

ဦးကြက်တောသည် တိုက်တံခါးကို သေသေချာချာပြန်ပြီးပိတ်လိုက်သည်။ ကိုယ်ကို ပြန်လှည့်လိုက်သောအခါ၌ မမျှော်လင့်မိသော အခြေအနေတစ်ရပ်နဲ့ ကြုံလိုက်ရသည်။ ကိုသြဘာက သူ့ကိုခြောက်လုံးပြူးနဲ့ ချိန်ထားသောကြောင့်ပါ





ပေ။

"တံခါးကို ဘာဖြစ်လို့ ပိတ်လိုက်ရတာလဲ၊ ခင်ဗျားက ဘာကိစ္စများမယ်တော့ မကြံနဲ့နော်"

သူ၏အသံသည် မသိမသာ တုန်ရီနေသည်။ မျက်လုံးတွေကလည်း ဂဏှာမငြိမ်သလိုဖြစ်နေသည်။

"ဆရာလေး . . ကျုပ်ကိုအကြောင်းမဲ့ကြီး မယုံတာကိုတော့ မကောင်းပါဘူး၊ စိတ်မကောင်းစရာပဲဗျာ၊ တံခါးကိုပြန်ပိတ်တာက သူခိုးသူဝှက်တွေ အလစ်ဝင်လာမှာစိုးလို့ပါ၊ ဒီမှာက အဖိုးတန်ရှေးဟောင်းပစ္စည်းတွေရှိတယ်လေ၊ တစ်ယောက်ယောက်က တစ်ခုတစ်လေကိုတောင်မသွားရင် မခက်ပါလား"

ကိုသြဘာသက်ပြင်းချလိုက်မိသည်။ သေနတ်ကို သူ့အင်္ကျီထဲ ပြန်ထည့်လိုက်သည်။

"ဆောရီးဗျာ . . ကျွန်တော်မှားသွားတယ်"

တောင်းပန်လိုက်သည်။ သူ့စိတ်သည် ဒီတိုက်ထဲကို ဝင်မလာမီကတည်းက မတည်မငြိမ်ဖြစ်နေသည်။ ထူးခြားလှသော အနံ့အသက်တစ်မျိုးကိုလည်း ရနေသည်။ ပန်းရနံ့တစ်မျိုးလား၊ အမွှေးတိုင်မှ ထွက်လာသော ရနံ့တစ်မျိုးလား၊ မခွဲခြားတတ်။

ဟိန္ဒူလူမျိုးများသုံးသည့် လော်ပန်အမွှေးရနံ့မျိုးလည်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ ထိုရန့်ကြောင့် စိတ်အားငယ်သွားသလို ဖြစ်ခဲ့ရသည် လား။ မပြောတတ်ပါ။

"မောင်ရာဇာက ဆရာလေးကို အလွတ်သဘောအရ ခင်ပါတယ်၊ ဆရာလေးနှင့်ပတ်သက်ပြီး သူ့မှာ ဘာအကောက်ကြံမှုမှ မရှိပါဘူး၊ သူဟာ စိတ်ဓာတ်ခွန်အားအပြည့်ရှိသူတစ်ယောက်ပါ"

"ခင်ဗျားက ကိုကံရာဇာကို ညွှန်းလှချည်လား၊ သူက ကျွန်တော့်ကို ဘာကြောင့်ခင်ရတာလဲ"

"ကိုယ့်လူမျိုး အချင်းချင်း ဖြစ်နေလို့ပေါ့ဗျာ၊ တစ်ချို့ မျက်နှာဖြူတွေက သူ့ရှေးဟောင်းပစ္စည်းတွေ စုဆောင်းတယ်ဆိုတာကို သိကြတယ်၊ ဒီအထဲဝင်ပြီး သိပ်ကြည့်ချင်ကြတယ် မောင်ရာဇာက လုံးဝကြည့်ခွင့်မပေးဘူးလေ"

ဦးကြက်တောသည် ကိုသြဘာကို အတွင်းဘက်ဆီသို့ ခေါ်သွားခဲ့သည်။ ကိုသြဘာက လိုက်သွားခဲ့သော်လည်း သတိကတော့ထားမြဲ။

အခန်းတစ်ခု၏ ရှေ့သို့ရောက်သောအခါ သော့ဖြင့်ဖွင့်လိုက်သည်။ အပြင်ဘက်နံရံမှ မီးခလုတ်များကိုလည်း ဖွင့်လိုက်သောအခါ အခန်းတစ်ခုလုံး လင်းလင်းချင်းချင်းဖြစ်သွားခဲ့ရသည်။





အခန်းထဲတွင် ရှေးဟောင်းပစ္စည်းမျိုးစုံကို တွေ့လိုက်သည်။ တစ်ချို့က မှန်ဘီရိုများထဲမှာ၊ တစ်ချို့က စင်ပေါ်၊ ကြမ်းပြင်မှာလည်း ရုပ်တုများကို ချထားလေသည်။ ကိုသြဘာသည် ရှေးဟောင်းပစ္စည်းများကို စိတ်ဝင်စားသူမဟုတ်။ သောလောက်ပဲကြည့်သည်။

"တော်လောက်ပါပြီဗျာ၊ ဒီပစ္စည်းတွေကို ကျွန်တော် ရသာခံပြီးတော့လည်း မကြည့်တတ်ပါဘူး"

အခန်းထဲမှ ပြန်ထွက်ကြသည်။ သော့ခလောက်ကြီးဖြင့် ခတ်ထားသော အခန်းတစ်ခုကို ကိုသြဘာစိတ်ဝင်စားသွားသည်။

"ဒီအခန်းကကော. . ."

ဦးကြက်တောက စကားတုန့်မပြန်ပဲ တံခါးသော့ကို ဖွင့်ပေးလိုက်သည်။ ကိုသြဘာဦးစွာတွေ့လိုက်ရသည်ကတော့ ဖယောင်းတိုင်ကြီးကြီးတစ်ခုပင်။ မီးထွန်းထားသည်။ စောစော က အမွှေးရနံ့သည် သူ၏နှာဝထဲသို့ တိုးဝင်လာခဲ့လေသည်။

ဖယောင်းတိုင်၏ ရှေ့တည့်တည့် နံရံပေါ်မှာ မင်းညီ မင်းသား အဝတ်အစားများနဲ့ လူငယ်တစ်ယောက်၏ ပန်းချီကားတစ်ခုက ချိတ်ဆွဲထားသည်။ လက်ထဲမှာ ဓားတစ်လက် ကိုင်ထားသည်။ ဘယ်လက်ကတော့ ဓားအိမ်ကို ကိုင်ထား



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဓားအိမ်မှာ ရေးထွင်းထားသည့်စာကတော့ ရန်ပယ်ရှင်း။ ပန်းချီကားချပ်ရဲ့ ဘေးမှာတော့ အစွယ်ပြူးပြူးနဲ့ ဘီလူးခေါင်းစွပ်ကြီးတစ်ခုကို ချိတ်ဆွဲထားသည်။ ဘီလူးခေါင်းသည် လက်ရာမြောက်လှသည်။ တစ်ကယ့်ကို အသက်ဝင်နေသလို ထင်ရသည်။

"ဒီလူ့ပုံကို ငါဘယ်မှာမြင်ဖူးပါလိမ့်၊ တစ်နေရာရာမှာ ငါမြင်ဖူးတာတော့အမှန်ပဲ"

"ဦးကြက်တော. . ဒီပုံက ဘယ်သူ့ပုံလဲ၊ ဒီဖယောင်းတိုင်ကြီးက ဘာဖြစ်လို့ ထွန်းထားရတာလဲ၊ ဘယ်အချိန်ကတည်းက ထွန်းထားတာလဲ၊ ဘာဖြစ်လို့ လျှပ်စစ်မီးမထွန်းတာလဲဗျ"

"ဒီရုပ်ပုံပိုင်ရှင်က တခြားသူမဟုတ်ဘူး ဆရာလေး၊ တပ်မှူးလေးသူရိယနန္ဒပဲ"

"တပ်မှူးလေးသူရိယနန္ဒ. . ဟုတ်လား"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ ဆရာလေး"

"ကျွန်တော်ဒီနာမည်ကို ကြားဖူးထားသလိုလို သိနေသလိုလိုပဲ"

"ဆရာလေးကြားဖူးထားတဲ့ နာမည်ဆိုတာလည်းဖြစ်





နိုင်ပါတယ်၊ အရှင်နှစ်ပါး ပါတော်မူခဲ့စဉ်က နယ်ချဲ့မျက်နှာမြူတွေကို မကျေနပ်ပဲ ဖြစ်တဲ့နည်းနဲ့ ဒုက္ခပေးခဲ့တာ တပ်မှူးလေးသူရိယနန္ဒပေါ့"

ကိုသြဘာ၏ မျက်လုံးအစုံသည် လင်းလက်သွား၏။

"သြ. . ဟုတ်ပြီ၊ သူ့အကြောင်းကို ကျွန်တော်ကြားဖူးထားတယ်၊ သခင်ကြီးတွေရဲ့ တပ်တွေ၊ လုပ်ငန်းတွေမှန်သမျှတစ်ကိုယ်တော်ဝင်ရောက်ဖျက်ဆီးတဲ့ သူရိယနန္ဒဆိုတဲ့ တပ်မှူးလေး"

"အဲဒီသခင်ကြီးဆိုတဲ့ အသုံးအနှုန်းကို သူရိယနန္ဒက လုံးဝမကြိုက်ပါဘူး၊ ဒီလိုလေသံနဲ့ အောက်ကျို့ပြီးခေါ်တဲ့သူတိုလည်း သူကရွံ့ချတတ်ပါတယ်"

ဦးကြက်တောဏ ချက်ချင်းပင် ပြန်ပြီးပြောလိုက်လေရာ ကိုသြဘာသည် မျက်နှာပျက်သွားခဲ့လေသည်။

"ကဲပါလေ၊ ကျွန်တော်စကားပြောမှားသွားခဲ့ပါတယ်၊ စောစောက ကျွန်တော်မေးခဲ့တဲ့ မေးခွန်းတွေထဲက တစ်ချို့ကို မဖြေသေးဘူးလေ"

"ဟုတ်ကဲ့၊ ကျုပ်ဖြေပါ့မယ်၊ ဒီဖယောင်းတိုင်ကို ထွန်းထားရတဲ့ အကြောင်းရင်းကတော့ တပ်မှူးလေးသူရိယနန္ဒကိုဂုဏ်ပြုတဲ့ အနေနဲ့ပါ။ တပ်မှူးလေးသူရိယနန္ဒဟာ နယ်ချဲ့ တွေ

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ လက်အောက်မှာ အမှောင်ကျနေတဲ့ တိုင်းရင်းသားညီအစ်ကိုတွေကို အလင်းရရှိအောင် အကူအညီပေးနေတဲ့သူဖြစ်ပါတယ်၊ ဒီဖယောင်းတိုင်ဟာ အမှောင်ကို ကိုယ်စားပြုပါတယ်၊ အိမ်ထဲမှာ လူရှိနေရင်တော့ တစ်တိုင်ပြီးတစ်တိုင် မပြတ်ထွန်းထားပေးပါတယ်. . ဆရာလေး"

"ဟောဒီဘီလူးခေါင်းကကော ..."

"ဒီအခန်းထဲကို မရိုးမသားနဲ့ အကောက်ကြံဖို့ ဝင်လာမယ့်သူကို အစွယ်ပြူးပြူးနဲ့ ဘီလူးကြီးက ဂုတ်ကိုချိုးပြီးစားပစ်လိမ့်မယ်၊ အထူးသဖြင့် နယ်ချဲ့ လက်ပါးစေတွေဆိုရင် ပိုဆိုးသဗျာ၊ တစ်ကိုယ်လုံးကုန်တဲ့အထိ ဝါးစားပစ်မှာ၊ ဟား. . ဟား ဟား. . ဟား"

ဦးကြွက်တောသည် ပြောပြီး အားပါးတရ ရယ်ပစ်လိုက်သည်။ နံရံမှာချိတ်ထားသည့် ဘီလူးခေါင်းကြီးကလည်း လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့သည်။ တပ်မှူးလေးသူရိယနန္ဒ၏ ရုပ်ပုံလွှာသည်လည်း ဓားကိုကိုင်ကာ အပြင်ကို ခုန်ထွက်လာတော့မလို ထင်လိုက်ရသည်။

ရာဇဝတ်ဝန်ကလေး ကိုဩဘာသည် တစ်ကိုယ်လုံးမွေးညှင်းများ ထောင်ထသွားသည်အထိ ကြောက်စိတ်များဝင်သွားခဲ့ရသည်။ ခုလို ကြောက်ရွံ့မှုမျိုး တစ်ကြိမ်တစ်ခါမှ





မဖြစ်ပေါ်ဖူးခဲ့ပေ။

ကိုဩဘာ၏ မျက်လုံးအစုံသည် တပ်မှူးလေးသူရိယနန္ဒ၏ မျက်နှာပေါ်မှ မခွာနိုင်အောင် ဖြစ်သွားခဲ့ရသည်။ အခန်းထဲမှ ချက်ချင်းလှည့်ထွက်သွားလိုသော်လည်း ခြေအစုံကခဲဆွဲထားသလိုဖြစ်နေသည်။

သူကြည့်နေရင်းမှပင် သူရိယနန္ဒသည် ကံရာဇာနှင့်တူလာသည်ဟု ထင်မိခဲ့သည်။ ခေါင်းထဲမှာ မူးဝေသလိုလိုဖြစ်သွားကာ ကိုယ်လုံးလည်း ယိုင်ထိုးသွားခဲ့ရလေသည်။

"ဆရာလေး. . ဆရာလေး. . ဘာဖြစ်သွားတာလဲ"

ဦးကြွက်တောက ကိုဩဘာ၏ လက်မောင်းကို ဆုပ်ကိုင်ကာ ထိန်းလိုက်သည်။

"ဘာမှမဖြစ်ပါဘူးဗျာ၊ ရုတ်တရက် အသက်ရှူကြပ်လာလို့"

"ဒီအခန်းထဲက လေလုံတော့ အသက်ရှူမဝဖြစ်သွားပါလိမ့်မယ်၊ လာ. . လာ. . ဆရာလေး၊ အပြင်ထွက်ကြမယ်"

ကိုဩဘာမှာ ဧည့်ခန်းထဲကို ပြန်ရောက်လာမှ သက်သာရသွားခဲ့သည်။ ထူးခြားသော ပန်းရနံ့(သို့မဟုတ်)ခရမွှေးရနံ့ကြောင့် စိတ်အာရုံပြောင်းလဲသွားသည်ဟု ထင်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုဩဘာသည် ဦးကြက်တောကို နှုတ်ဆက်ပြီး ကား ကို မောင်းထွက်လာခဲ့သည်။ ခြံထဲမှာ ခွေးသုံးကောင်သည် ကားထွက်သွားသည်ကို ဆောင့်ကြောင့်ထိုင်ပြီးကြည့်နေသည်။ လေကောင်းလေသန့်ကို ရှူလိုက်ရ၍ ခေါင်းထဲမှာ ကြည်လင် သွားခဲ့သည်။

သို့သော် တပ်မှူးလေးသူရိယနန္ဒ၏ ရုပ်ပုံလွှာသည် ဦးနှောက်ထဲမှာ စွဲပြီးတော့ ပါလာခဲ့သည်။

* * *



## အခန်း-(၁၂)

ကိုဩဘာသည် အိမ်ကို ပြန်ရောက်ခဲ့သော်လည်းပဲ ကျေနပ်မှုမရှိခဲ့။ တပ်မှူးလေးသူရိယနန္ဒ၏ ရုပ်ပုံလွှာသည်သာ သူ့ဦးနှောက်ထဲ မျက်လုံးထဲမှာ စွဲနစ်လျက်ရှိသည်။

“ တပ်မှူးလေးသူရိယနန္ဒဟာ ကံရာဇာနဲ့ ဘာကြောင့် တူနေရတာလဲ၊ စဉ်းစားစရာပဲ၊ သီပေါမင်းပါတော်မူသွားတဲ့ (၁၈၈၅)ခုနှစ်ကစပြီး အခု(၁၉၄၂)ခုနှစ်အထိ (၅၇)နှစ်ရှိခဲ့ပြီ”

မျက်နှာဖြူတွေအပေါ် မှာ မကျေမနပ်ဖြစ်ပြီး တကိုယ် တော်တိုက်ခိုက်ခဲ့တဲ့ တပ်မှူးလေးသူရိယနန္ဒဟာ အဲဒီတုန်းက အသက်(၂၅)ဝန်းကျင်လောက်ပဲ ရှိပါဦးမည်။ တကယ်လို့များ သူအခုရှိနေခဲ့ရင် အသက်(၈၀)ကျော်ပေါ့၊ ဟာ. . ဒါလည်းမ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ဘူး၊ တပ်မှူးလေးသူရိယနန္ဒဟာ ဟိမဝန္တာတောင်ခြေရဲ့ တောတွင်းတစ်နေရာမှာ သေဆုံးသွားခဲ့ပြီလို့ပြောတယ်။

ကိုဩဘာသည် ကံရာဇာနှင့်တပ်မှူးလေးသူရိယနန္ဒကို ဘယ်လိုမှ ယှဉ်ကြည့်လို့မရချေ။ အဖြေမပေါ်ခဲ့ချေ။

“တပ်မှူးလေးသူရိယနန္ဒဟာ ခုထက်ထိ အသက်ထင်ရှားရှိနေဆဲပဲလား၊ ကံရာဇာက မျက်နှာဖြူတွေကို မသိမသာ ဒုက္ခပေးနေတာ၊ သူရိယနန္ဒရဲ့ လုပ်ရပ်၊ အပြုအမူတွေနှင့်မခြားဘူး၊ တော်တော်လေးကို ဆင်နေတယ်၊ အို. . မဟုတ်သေးပါဘူး၊ ငါမဖြစ်နိုင်တာကို တွေးနေတယ်၊ သူရိယနန္ဒကတစ်ခြား ကံရာဇာက တစ်ခြား၊ သူတို့နှစ်ယောက်ဟာ တစ်ယောက်တည်းတော့ မဖြစ်နိုင်ပါဘူး၊ တစ်ယောက်တည်းဖြစ်ခဲ့ရင်လည်း ကံရာဇာဟာ သူရိယနန္ဒရဲ့ အသက်နဲ့နှိုင်းယှဉ်ရင် ခုလောက်ဆို အဖိုးကြီးဖြစ်နေပြီ”

ကိုဩဘာသည် ခေါင်းကိုခါရမ်းလိုက်သည်။

“ကံရာဇာဆိုတဲ့လူဟာ လျှို့ဝှက်ချက်တွေနဲ့ ပြည့်နေတဲ့သူပဲ၊ သူ့တိုက်ခန်းကို ရောက်သွားတဲ့အချိန်မှာ ငါ့စိတ်ဓာတ်တွေဟာ ပြောင်းလဲသွားတယ်၊ ဒါ. . ဟိုအမွှေးနံ့ကြောင့်ပဲ၊ စိတ်အားငယ်သွားသလို ခံစားခဲ့ရတယ်၊ တြိသပ္ပေါဂိုဏ်းသားတွေ ဝင်ပြီးနှောင့်ယှက်သွားခဲ့တဲ့ သဲလွန်စတွေကိုတော့ မတွေ့





ခဲ့ရဘူး၊ ဒါပေမယ့် လမ်းပေါ်မှာ သေဆုံးနေတဲ့ တြိသပ္ပေါဂိုဏ်းသားအချို့ဟာ ကံရာဇာရဲ့ လက်ချက်များလား”

ထိုညတွင် ကိုဩဘာသည် တွေး၍မဆုံးတော့ပေ။

x x x x x

လွန်စွာမှ ကြီးမားကျယ်ဝန်းသော ကျောက်ဂူကြီးထဲ၌ လူတစ်စုသည် ငြိမ်သက်စွာဖြင့် ရပ်နေကြသည်။ ကြီးမားသော ခန္ဓာကိုယ်ကြီးဖြင့် ကျောက်တိုင်ကြီးတစ်ခုပမာ မလှုပ်မယှက်ဖြင့် ရပ်နေသူကတော့ တြိသပ္ပေါဂိုဏ်းခေါင်းဆောင်ကြီး ဂါဒီစွ။

ဆံပင်ရှည်ကြီးကို ငယ်ထိပ်တည့်တည့်မှ စုပြီးထုံးထားသည်။ ထူထဲသော ပါးမြိုင်းမွှေး၊ မုတ်ဆိတ်မွှေးများသည် နက်မှောင်နေသည်။ ဂါဒီစွ၏ မျက်လုံးတွေကတော့ စိန်ရောင် ဖျတ်ဖျတ်နဲ့ ခတ်နေသလို စူးလက်နေသည်။

“မာယာဒေဝီ”

သူ၏ လေသံသည် ပါးခြုပ်ထဲမှ ပါးပျဉ်းထောင်ပြီး ဒေါသနှင့်ခေါင်းထောင်လိုက်သော မြွေပမာ။ မာယာဒေဝီတို့သာမဟုတ်။ အားလုံးကို အထိတ်တလန့်ဖြစ်သွားစေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ နှလုံးသားထဲကို မြွေတစ်ကောင်လို ပေါက်ထည့်လိုက်သည်။

"ရှင်. . ဆရာကြီး"

မာယာဒေဝီက ကိုယ့်ကိုယ်ကို သတိပေးလိုက်ပြီး လေသံမှန်မှန်ဖြင့် ပြန်ထူးလိုက်သည်။

"ငါခိုင်းတဲ့အလုပ်ကို နင်အောင်မြင်အောင် မလုပ်နိုင်ဘူးမဟုတ်လား"

မာယာဒေဝီက ဘာမှပြန်မပြော။ ခေါင်းငုံ့နေသည်။

"မြွေသမားက ငါ့ကိုပြန်ပြောတယ်၊ သူလွှတ်လိုက်တဲ့ မြွေပြန်မလာဘူးတဲ့၊ နင်သာ ပြန်ရောက်လာတယ်တဲ့၊ ဒီမြွေဟာ ကံရာဇာကိုပေါက်ပြီး အဆိပ်ကြောင့် မေ့မျောစေဖို့ နင်က သူ့ကို မာယာနှင့်ဖြားယောင်းပြီး သိမ်းသွင်းဖို့၊ တစ်ခုမှတစ်ခုဖြစ်အောင် ငါစီစဉ်ပြီး လွှတ်ပေးလိုက်တာ ငါ့ကိုမှန်မှန်ပြောစမ်း၊ ကံရာဇာဘာဖြစ်သွားသလဲ"

"ကျွန်. . ကျွန်မ. . သူ့ကို မတွေ့ခဲ့ရပါဘူး ဆရာကြီး"

မာယာဒေဝီသည် ဂါဒီစွဲကို ပြောင်လိမ်လိုက်သည်။ ဂါဒီစွဲမျက်မှောင်ကျုံ့သွားသည်။ သူ၏ မုတ်ဆိတ်မွေးရှည်ကြီးကို လက်ဖြင့်သပ်ချနေသည်။ မြွေတစ်ကောင်လို စဉ်းလဲစူးလက်သော မျက်လုံးများက မာယာဒေဝီ၏ အတွင်းမနောကို





ဖော်ထုတ်နေသည်။ ဆန်းစစ်နေသည်။

အားလုံးက သူတို့နှစ်ဦးကို ရင်တမမဖြစ်နေကြသည်။ မာယာဒေဝီသာ တကယ်လိမ်ညာခဲ့ရင် အဆုံးစွန်ဆုံးအပြစ်ကို ရယူရမှာကျိန်းသေသည်။ ထိုအပြစ်သည်သေဒဏ်။ ကြိသပွေါ်ဂိုဏ်း၏ စည်းမျဉ်းဥပဒေအရ အဆုံးစီရင်ခံရခြင်းမှလွဲ၍ အခြားမရှိ။

"နင်လိမ်တယ်၊ နင. . ကံရာဇာနှင့် တွေ့လာခဲ့ပြီးပြီ၊ မြွေကြီးကို နင်သတ်လိုက်တယ်၊ သူ့ကို လွတ်မြောက်ခွင့်ပေးခဲ့တယ်၊ ကံရာဇာဟာ ပီယသိဒ္ဓိပြီးတဲ့ သူတစ်ယောက်။ မကျမ်းကျေတယ်၊ ကျားမာယာနဲ့ နင့်ကို ဖြားယောင်းသွေးဆောင်ခဲ့တယ်၊ နင်. . သူ့ရင်ခွင်ထဲကိုရောက်. . . "

"ဆရာကြီး. . ဒီလို တစ်ဖက်သတ်မစွပ်စွဲပါနဲ့၊ ဆရာကြီးထင်တာတွေ တစ်ခုမှမဟုတ်ဘူး၊ ကျွန်မ. . သူနှင့်လုံးဝမဆုံခဲ့ဘူး၊ မပတ်သက်ခဲ့ဘူး၊ သူလို ပရိယာယ်များတဲ့ လူတစ်ယောက်ကို ဘယ်သူကမှ မိမိရရမဖမ်းဆီးနိုင်ဘူး၊ မျက်နှာကြက်အစိုးရလည်း ဘယ်လိုပုဒ်မမျိုးနဲ့မှ တပ်ပြီး မဖမ်းဆီးနိုင်ဘူး၊ ကျွန်မလို မိန်းကလေးတစ်ယောက်က သူ့ကိုဖမ်းဖို့က တတ်နိုင်မယ်တဲ့လား၊ သူဟာ ကျွန်မတို့ရဲ့ နယ်မြေထဲကို ဝင်လာတယ်ဆိုရင် အင်မတန်သတ္တိကောင်းတဲ့ ဗမာတစ်ယောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက ကျွန်မကိုမှ ရွေးပြီးတာဝန်ပေးရသလား၊ လူတွေ
ဒီလောက်အများကြီးရှိနေတာ၊ သူတို့တွေကို တာဝန်ပေး
လား"

"တော်. . တိတ်စမ်း၊ နင်. . ငါ့ကို ဘယ်တုန်းက ဒီလို
စကားမျိုးနဲ့ ပြန်ပြောခဲ့လို့လဲ၊ ဒီကိစ္စ ငါသေသေချာချာစုံစမ်း
မယ်၊ နင့်ရဲ့ ပေါ့လျော့မှုသာ ဖြစ်ခဲ့ရင်တော့ လုံးဝမညှာဘူး
မှတ်"

ထိုစဉ် ဂါဒိစ္စ၏ သားဖြစ်သူ သုနရောက. . .။

"အဖေ. . မာယာဒေဝီကို ဘယ်မှမသွားပါစေနဲ့၊ သူ
ဟာ ဟိုကောင်ကံရာဇာနဲ့ ပတ်သက်လာခဲ့ပြီးပြီလို့ သားထင်
တယ်၊ မာယာဒေဝီကို ဟိုကောင်က သွေးဆောင်ထားတယ်"

"အရေးထဲမှာ မင်းကလည်းတမျိုး၊ မာယာဒေဝီကို
ငါခိုင်းစရာတွေရှိတယ်၊ သူဘယ်နေရာကိုပဲသွားသွား၊ ငါ့ဆီကို
ပြန်ကိုလာရမယ်၊ ပြန်မလာပဲနဲ့ကို မနေနိုင်ဘူး"

သုနရောသည် မာယာဒေဝီ၏ အချစ်ကို လိုလားနေ
သူဖြစ်သည်။ မာယာဒေဝီက သူ့ကို လုံးဝမျက်နှာသာမပေး
ချေ။

"ကဲ. . မာယာဒေဝီ၊ မင်းလှုတ်လှုတ်လပ်လပ်နေပြီ
နောက်တစ်ခါ ငါဘယ်တာဝန်ပဲပေးပေး သတိမလစ်ဟင်း





နဲ့စေနဲ့"

မာယာဒေဝီ လှည့်ထွက်သွားသည်။ နှုတ်ခမ်းထောင့်
လေးက မသိမသာ ကွေးညွတ်သွားသည်။ မာယာတွေထည့်
ထားသည့်အပြုံး။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း-(၁၃)

/43

"တောက်! သုနရောက ငါ့ကို သူ့အဖေအားကိုးနဲ့ ဇ
မြူချင်တယ်၊ ဘယ်လိုအစွမ်းအစမှ မရှိတဲ့ကောင်က ငါ့အ
နဲ့ ငါ့ရဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်နိုင်ဖို့ဆိုတာ ဖြစ်နိုင်မတဲ့လား၊
ားစမ်းပါ. . သုနရောရယ်၊ နင့်ကို ငါဘယ်တုန်းကမှ မျက်
မပေးခဲ့တာ၊ ရာရာစစ ငါ့နှလုံးသားကို ဆွတ်ယူချင်သေး
ယ်"

မာယာဒေဝီသည် မဲ့ပြုံးလေးပြုံးမိလိုက်သည်။ ထိုအ
သည် ဥပက္ခာအပြုံး။ မထီတရီအပြုံးပဲဖြစ်သည်။ ထိုနောက်
စောက မြွေဟောက်မလေးလို ခက်ထန်သည့် ကြေးကါစ
အပြုံးလေးသည် ပြန်ပြီးတော့ ကြည်လင်လာခဲ့ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကံရာဇာသည် သူမ၏ အတွေးထဲ၊ ဦးနှောက်ထဲကို ရောက်လာ၍ဖြစ်သည်။

"မောင်"

မာယာဒေဝီ၏ နှုတ်ဖျားမှ တိုးတိုးညင်ညင်လေးထွက်သွားသည်။ ယခုအချိန်ထိ ဘယ်လို ယောကျ်ားလေးတွေကိုမှ မနှစ်သက်ခဲ့ဖူးပါ၊ မချစ်မိခဲ့ပါ၊ ကံရာဇာနဲ့တွေ့မှ ဒေဝီ့နှလုံးသားလည်း အရည်ပျော်ခဲ့ရတာပါမောင်ရယ်။

မောင်ဟာ ပီယသိဒ္ဓိပြီးစတယ်ပဲပြောပြော၊ မကျမ်းကျေတယ်လို့ပဲပြောပြော၊ အို. . ဘယ်လိုသိဒ္ဓိမျိုးတွေနဲ့ ပြည့်စုံနေတဲ့သူပဲဖြစ်ဖြစ်၊ မာယာကတော့ ဒေဝီကတော့လေ ချစ်နေမှာပဲ။

မောင့်ကို ဒေဝီ့အချစ်တွေ စုံပုံပြီးပေးခဲ့ရတာ အားရသေးပါဘူး၊ တစ်ညတည်းနဲ့ မောင့်ကို စွဲမက်ခဲ့ရတာ၊ ဒေဝီ့ကိုယ်ဒေဝီ အံ့ဩလို့ မဆုံးပါဘူးရှင်၊ မောင်ဟာ တကယ့်ကိုပဲ ယောကျ်ားကောင်းတစ်ယောက်ပီသတဲ့သူ၊ မြတ်နိုးစရာကောင်းတဲ့သူဆိုတာ ဒေဝီကောင်းကောင်းနားလည်ခဲ့ရပါပြီရှင်ရယ်။

မာယာဒေဝီသည် ကြေးမုံမှန်ရှေ့မှာရပ်ကာ သူမ၏ တစ်ကိုယ်လုံးကို လှည့်ပတ်ပြီး ကြည့်မိလိုက်သည်။ (၃၂)ကောဋ္ဌာနအစုအဝေးဖြင့် တည်ဆောက်ထားသော ခန္ဓာကိုယ်ပဋ္ဋက





ပေမယ့် လောကရှိ အရာအားလုံးကို သူမတစ်ယောက်တည်း ပိုင်ဆိုင်ထားသလိုပဲ။

မာယာဒေဝီသည် မိမိကိုယ်မိမိ ကျေနပ်နေမိသည်။ နောက်ဆုံးမှာတော့ မိမိပိုင်ဆိုင်သော အလှတို့သည် ကံရာဇာ၏ ရင်ခွင်ထဲမှာ နစ်မျောသွားခဲ့ရသည်။

"မောင်ရယ်. . ဒေဝီနှင့်မောင်တို့ဟာ အရင်ဘဝက နီးနွယ်မှုရှိခဲ့ကြမှာပါ၊ အကြင်လင်မယားတွေ ဖြစ်ခဲ့ကြမှာပါ၊ ဘဝတွေခြားခဲ့ပေမယ့်လည်း သံယောဇဉ်တွေကတော့ မခြားခဲ့ပါဘူး၊ ရုပ်တွေပြောင်းခဲ့ကြပေမယ့် အချစ်တွေကတော့ မပြောင်းခဲ့ကြပါဘူး၊ ဒါကြောင့်မို့ ဒေဝီက မောင့်ကို မြင်မြင်ချင်း ချစ်သွားမိတာပေါ့၊ ခိုက်သွားတာပေါ့နော်၊ အဟင်း. . ဟင်း"

မာယာဒေဝီသည် တစ်ကိုယ်တည်း ကျေနပ်စွာဖြင့် တိုးတိုးလေးပြောနေမိသည်။ သူမအတွက် သီးခြားပေးထားသော အိမ်ကလေးထဲမှာ မည်သည့်အနှောက်အယှက်မှ မရှိနိုင်ပါ။ တစ်ဦးတည်း လွတ်လွတ်လပ်လပ် နေချင်သလိုနေနိုင်သည်။

ထိုစဉ် ကြေးမုံပြင်မှာ ပုံရိပ်တစ်ခုက ပေါ်လာခဲ့သည်။ သူမသည် ပါးစပ်အဟောင်းသားလေးဖြစ်သွား၏။ ထိုသူသည် သူမကို ပြုံးကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒေဝီ"

မာယာဒေဝီသည် ချက်ချင်းလှည့်ကြည့်လိုက်သည်။

"ဟင်. . . မောင်"

မာယာဒေဝီသည် ကံရာဇာ၏ ကျောပြင်အား တင်းတင်းဖက်ထားလိုက်ပြီး မျက်နှာကိုလည်း ရင်ပြင်မှာ အပ်ထားလိုက်မိသည်။ တစ်ဖန် အတန်ကြာမှ ချစ်ရသူကို မော့ကြည့်မိလိုက်သည်။

"အတင့်ရလိုက်တာ မောင်ရယ်၊ မောင့်ကို သူတို့က ဘယ်လို နည်းနဲ့ပဲဖြစ်ဖြစ် လိုချင်နေကြတာ၊ မောင်ဘယ်လို နည်းနဲ့ ဒေဝီ့အခန်းထဲကို ရောက်နေတာလဲဟင်၊ အစောင့်တွေကကော မောင်လာတာကို မတွေ့ကြဘူးတဲ့လား"

"အစောင့်တွေလား၊ အိပ်ငိုက်နေကြတယ်ထင်တယ်၊ တကယ်လို့ အိပ်ငိုက်မနေကြဘူးဆိုရင်လည်း ခြံထဲကို ခွေးတင်ကောင်မြင်သွားတယ်လို့ပဲ မြင်ကြမှာပေါ့"

"မောင်ရယ်. . ဘယ်လိုပဲဖြစ်ဖြစ် မောင့်ကို ဒေဝီစိုးရိမ်တယ်၊ မောင်. . သူတို့ရဲ့ လက်ထဲကို ရောက်သွားလို့မဖြစ်ဘူးမောင်၊ မောင့်ကို သူတို့က ဟိုပစ္စည်းတွေနဲ့ ပတ်သက်ပြီး သိပ်ကိုလိုချင်နေကြတယ်၊ မောင်အမိခံလိုက်ရင် သက်သာမှာ မဟုတ်ဘူးနော်"





မာယာဒေဝီက ကံရာဇာကို ဖက်တွယ်ပြီး စိုးရိမ်ကြီးစွာဖြင့် ပြောလိုက်မိသည်။

"ဒေဝီ! မောင်. . ဒေဝီ့ဆီကိုလာတာ အဲဒီပစ္စည်းတွေနဲ့ပတ်သက်ပြီး ရှင်းပြချင်လို့ပဲ၊ မောင်က မတရားသက်သက် လုယူခဲ့တာမဟုတ်ဘူး၊ မူလပိုင်ရှင်ရှိတယ်၊ သူတို့တာ ဒီအရပ်မှာ မနေကြဘူး၊ ဟိုး. . ဟိမဝန္တာမှာနေကြတဲ့ သူတော်စင်တွေ သူတို့ကို ပြန်ပေးရမယ်"

"ဘာပဲဖြစ်ဖြစ် ဒေဝီ. . မောင့်ကိုယုံပါတယ်၊ ယုံပြီးသားပါ၊ ဒီအကြောင်းတွေနဲ့ ပတ်သက်ပြီး ဒေဝီ့ကို ရှင်းပြနေရော မလိုပါဘူးမောင်ရယ်"

"မောင်ကတော့ ရှင်းပြချင်တယ်ဒေဝီ၊ ဒါမှ ဒေဝီသဘောပေါက်ပြီး နားလည်သွားမှာ"

"ကဲ. . ဒီလောက်တောင် ပြောချင်လှဆိုရင်လည်း သဘောရှိပြောပေတော့၊ လာ. . ဟိုအတွင်းခန်းကို သွားကြမယ် အစောင့်တွေက အိမ်ပေါ်ကို တက်ချင်တက်လာကြမှာ နံရံမှာ နားတွေကပ်ပြီး နားမထောင်ကြဘူးလို့ မပြောနိုင်ဘူးလေ"

မာယာဒေဝီသည် ကံရာဇာကို ဦးဆောင်ပြီး ခေါ်သွားသည်။ အိမ်ဆိုပေမယ့် နံရံများသည် ကျောက်တုံးကြီးများဖြင့် တည်ဆောက်ထားသည်။ အမိုးသည် အုတ်ကြွပ်ဖြစ်သည်။

www.burmeseclassic.com



ခိုင်ခန့်သည်။ သူမသဘောမတူဘဲ မည်သူမှ အိမ်ထဲမဝင်နိုင်ကြ။

သို့သော် ကံရာဇာကတော့ မည်သို့ဝင်ရောက်လာ သလဲဆိုတာ မသိရ။ မြွေတစ်ကောင်လို လျှောတိုက်ပြီး ဝ လာနိုင်သည့် အပေါက်ဆိုတာကလည်းမရှိ။ တံခါးသော့ ချက်တွေကို လျှို့ဝှက်စွာဖွင့်နိုင်သည့် နည်းရှိလျှင်တော့..

မာယာဒေဝီကတော့ ကံရာဇာကို ပိုပြီးအထင်ကြီးသွား သည်။ ဂါဒီစွပင် သူ့အခန်းထဲကိုမဝင်နိုင်။ ကံရာဇာက မ အောင်ဝင်လာနိုင်သည်ကိုက သူ့အရည်အချင်းပဲလေ။

မာယာဒေဝီသည် နံရံတစ်နေရာကို လက်ချောင်း လေးများဖြင့်ဖိကာ လှုပ်ရှားလိုက်သည်နှင့် နံရံမှာ လေးထော သဏ္ဌာန်ကွက်တစ်ခု ရွှေ့လျားသွားသည်။ သုံးပေအကျယ် ငါးပေအမြင့်ရှိ တံခါးပေါက်တစ်ခု ဖြစ်ပေါ်လာသည်။

သူမသည် ကံရာဇာကို လက်ဆွဲခေါ်သွားခဲ့ပါသည် တံခါးသည် အလိုအလျောက် ပြန်ပိတ်သွားသည်။ အထော အတန့်ကျယ်ဝန်းသော အခန်းတစ်ခုထဲကို ကံရာဇာရော သွားခဲ့ရသည်။

"ကဲ..မောင့်ကို မိပြီ၊ ဘာတတ်နိုင်သေးလဲ"

မာယာဒေဝီသည် ကံရာဇာကို ကျောဘက်မှနေ





ဖက်ထားလိုက်သည်။

"ဒီလိုသဘောထားရင်လည်း ဒေဝီပြုသမျှ နူးရတော့မှာပေါ့လေ"

သူမသည် ကံရာဇာကို လက်မောင်းရင်းမှဆွဲကိုင်ပြီး ဆွဲလှည့်လိုက်သည်။

"မျက်နှာကို သေသေချာချာကြည့်ထား၊ ဒေဝီက ဒီ ဆိုမိန်းမစားလားလို့ မောင့်ကို သူတို့က လိုက်ပြီးဖမ်းတာတောင် ဒေဝီက အသေခံပြီး ကာကွယ်ပေးဦးမှာ"

"ယုံပြီးသားပါ၊ ဒေဝီ့မျက်လုံးတွေက အမှန်တရားကို ဆိုလားတယ်၊ မကောက်ကျစ်ဘူး၊ မစဉ်းလဲဘူး၊ ဒါပေမယ့်"

"ဒါပေမယ့်ဆိုတာ ဘာလဲဟင်..မောင်"

"တြိသပ္ပေါဂိုဏ်းထဲကို ဒေဝီရောက်နေတာ အံ့ဩမိတယ်၊ လိုလည်းမလိုလားဘူး၊ ပြီးတော့ ဂိုဏ်းဝင်တစ်ချို့ကို ဒေဝီမြွေတွင်းထဲပစ်ချပြီး ရှင်းပစ်လိုက်တာ ရက်စက်လွန်းတယ်ထင်တယ်"

ကံရာဇာက ထိုသို့ပြောလိုက်သော်လည်း မာယာဒေဝီသည် အပြုံးပျက်မသွား။ သူမ၏လက်နှစ်ဖက်က ကံရာဇာ၏ ခါးဘတ်ကိုတွန်းပြီး ကုတင်ထက်မှာ လဲလျောင်းစေလိုက်သည်။ အညင်ဆီခွက်ရှိ မီးရောင်သည် သူတို့နှစ်ယောက်၏ကိုယ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



ကို သင့်တင့်စွာ ကျရောက်လျက်ရှိသည်။ မာယာဒေဝီသည် ကံရာဇာကို အပေါ်စီးမှ မှိုးပြီးကြည့်နေသည်။

"ဒီမှာ. . မောင်၊ ဒေဝီက တြိသပွေါ်ကိုဏ်းမှာ ကိုယ့်သဘောနဲ့ကိုယ် နေချင်တယ်လို့များ ထင်နေလို့လား၊ ဒေဝီ့မိဘတွေက ငယ်ငယ်လေးကတည်းက ဆုံးသွားခဲ့ကြတယ်လေ ဒေဝီအရွယ်ရောက်စပြုချိန်မှာ မိဘတွေဘယ်လိုသေခဲ့ရတယ် ဆိုတာ သိခဲ့ရတယ်၊ ဓားပြတိုက်ခံခဲ့ရတယ်၊ ပစ္စည်းတွေ အလု ခံခဲ့ရတယ်၊ ဓားပြခေါင်းဆောင်ဟာ မျက်နှာသိဖြစ်နေတာကို မတော်တဆ သိသွားခဲ့ရတဲ့အတွက် သူတို့က သတ်ပစ်ခဲ့ကြ တယ်"

"အဲဒီဓားပြခေါင်းဆောင်ဟာ ဘယ်သူလဲသိလား၊ အခြားသူမဟုတ်ဘူး၊ ဂါဒိစ္စပဲ"

"ဟင်. . ဟုတ်လား၊ ကိုယ့်မိဘတွေကို သတ်တဲ့သူကိုမှ ဒေဝီက ပြန်ပြီး. . ."

မာယာဒေဝီ၏ လက်ချောင်းလေးများသည် ကံရာဇာ၏ နှုတ်ခမ်းကို ဖိကပ်သွားခဲ့သည်။

"ဒေဝီ့စကားမဆုံးသေးဘူးမောင်၊ ဆက်ပြီးနားထောင်ဦး၊ ဒေဝီဟာ မောင်ထင်သလို မမိုက်မဲဘူး၊ ကိုယ့်မိဘတွေကို သတ်တဲ့သူကို ချစ်ခင်ရင်းနှီးစွာနဲ့ ဆက်ဆံပါ့မလား၊ တြိသပွေ





ဂိုဏ်းထဲကိုဝင်ခဲ့တာ အကြံအစည်နဲ့ပါ။ မိဘတွေရဲ့ ကိုယ်စား လက်စားချေဖို့ပါ"

ဒေဝီရဲ့ ဖခင်ဟာ မြွေအလမ္ပာယ် ဆရာကြီးတစ်ဦးပါ။ သူဟာ ဒေဝီ့ကို မြွေအလမ္ပာယ်ပြုနည်းတွေကိုလည်း သင်ပေး ခဲ့ဖူးတယ်၊ မြွေနှင့်ပတ်သက်လာရင် နိုင်နှင်းတဲ့ ဒေဝီ့ကို ဂါဒိစ္စ က ဘယ်လက်လွှတ်ခံပါ့မလဲ၊ ဒေဝီ့ကို ဂိုဏ်းဝင်တစ်ဦးအဖြစ် လက်ခံလိုက်တာပေါ့"

"သြော်. . ဒီလိုကိုး၊ ဒါပေမယ့် ဒေဝီတြိသပွေါထဲကို ဝင်လိုက်တာ အန္တရာယ်များလှပါတယ်ကွယ်"

"မတတ်နိုင်ဘူး မောင်၊ ဒေဝီကတော့ တစ်နေ့နေ့မှာ ဂါဒိစ္စကို လက်စားချေရမှာပဲ၊ ဒေဝီ့အကြံအစည်ကိုတော့ လုံး ဝအပျက်မခံနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com





## အခန်း — (၁၆)

မာယာဒေဝီသည် အိပ်ယာထက်မှာ တတောင်နှစ်ဖက်ကိုထောက်ပြီး က်ရာဇာကို ခပ်ပြုံးပြုံးလေးကြည့်လိုက်၏။ သူမ၏ စူးလက်တောက်ပနေသော မျက်ဝန်းတစ်စုံသည် ချစ်သူအတွက် မြတ်နိုးခြင်းတစ်ဝင်၊ ရန်သူအတွက် ရက်စက်ခြင်းတစ်ပိုင်း။

"ကဲ. . ဒေဝီနှင့်ပတ်သက်ခဲ့တဲ့ သူတွေရဲ့ အကြောင်း ဒေဝီ့အကြောင်းကိုတော့ မောင့်ကိုပြောပြီးပြီ၊ မောင်နှင့်ပတ်သက်တဲ့ အကြောင်းကိုလည်း ပြောပြမယ်ဆို၊ ပြောလေ. ."

"ဒီလိုပါ. . ဒေဝီ၊ တြိသပွေါဂိုဏ်းက လိုချင်နေကြတဲ့ ဆေးကျမ်းနဲ့ပစ္စည်းဆိုတာ အမှန်တော့ သူတို့နဲ့သာမှမဆိုင်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ သူတို့ပိုင်ပစ္စည်းလည်းမဟုတ်ဘူးကွာ၊ ဆေးကျမ်းကို ဗြိ သပွေါဂိုဏ်းက ဂိုဏ်းချုပ်ကြီးသုဂါမက ဟိမဝန္တာအရပ်ကနေ သူခိုးယူလာခဲ့တာ၊ သူတော်စင်တွေရဲ့ လက်ထဲကနေ လုယူလာခဲ့တာ"

"ဟင်. . ဟုတ်လား"

"ဟုတ်တယ်. . ဒေဝီ၊ ရာဇာဓိရာဇာကပ္ပ ဆေးကျမ်းကြီးနဲ့ ရန်ပယ်ရှင်းဓားကြီးဟာ သူတို့နဲ့ ဘာမှမပတ်သက်ဘူး ဒီဓားကြီးကိုလည်း တပ်မှူးလေးသူရိယနန္ဒပိုင်ဆိုင်ခဲ့တာ"

"တပ်မှူးလေးသူရိယနန္ဒ ဟုတ်လား၊ သူက ဘယ်သူလဲဟင်"

ကံရာဇာသည် သူရိယနန္ဒအကြောင်းကို မယုတ်မလွန်ပြောပြလိုက်သည်။

"ဆေးကျမ်းကို သုဂါမက သိမဝန္တာက ခိုးယူလာတယ် အဲဒီအချိန်မှာ တပ်မှူးလေးသူရိယနန္ဒကသိသွားပြီး သုဂါမရဲ့ နောက်ကိုလိုက်တော့တာပေါ့"

"သူရိယနန္ဒနဲ့ ဘာဆိုင်လို့လဲ မောင်"

"သူရိယနန္ဒဟာ မကောင်းမှုကို နည်းနည်းလေးကိုမှ လက်မခံဘူးလေ၊ ကိုယ့်တိုင်းပြည်ကို မျက်နှာဖြူတွေက မတရားအုပ်ချုပ်နေတာကိုလည်း မကြိုက်ဘူး၊ တိုတိုပြောရရင် သုဂါမရဲ့ စခန်းကို သူရိယနန္ဒဖောက်ဝင်သွားတယ်၊

သုဂါမနှင့်ဗြိသပွေါတွေဟာ သူရိယနန္ဒကို ဝိုင်းပြီး တိုက်ခိုက်ကြတယ်၊ ဒါပေမယ့် သူရိယနန္ဒရဲ့ ရန်ပယ်ရှင်းဓားကြီးဟာ သုဂါမရဲ့ အသက်ကိုရော ဗြိသပွေါဂိုဏ်းသားတွေရဲ့ အသက်ကိုပါ ခြွေယူသွားခဲ့တယ်လေ"

"ဒီအဖြစ်အပျက်ဟာ နှစ်ပေါင်းလေးဆယ်ကျော်ခဲ့ပြီ ဒီဆေးကျမ်းကြီးဟာ သူရိယနန္ဒလက်ထဲကနေပြီး မောင့်ဆီကို ဘယ်လိုနည်းနဲ့ ရောက်နေတာလဲ"

"မောင့်ဆီမှာ ရှိနေတယ်လို့ ဒေဝီ့ကို ဘယ်သူကပြောသလဲ"

"ဂါဒိစ္စက ပြောတာပေါ့"

"သူ့အထင်နဲ့ သူပြောနေတာ၊ ဂါဒိစ္စဟာ လူသတ်၊ ဓားပြတိုက်၊ မလိုတဲ့သူတွေကို မြွေနှင့်တိုက်သတ်နေတဲ့သူပါ၊ မျက်နှာဖြူတွေနဲ့ပေါင်းပြီး ဒီပစ္စည်းတွေကို ရောင်းစားမလို့ကြံစည်နေတာ"

"ဒီပစ္စည်းတွေ မောင့်ဆီမှာရှိရှိ၊ မရှိရှိ၊ ဒေဝီစိတ်မဝင်စားဘူး၊ ဒေဝီ့ကို ဂါဒိစ္စယုံကြည်အောင် သူ့လူတွေကို သင်ခန်းစာပေးခဲ့တာ၊ ဒါပေမယ့် မောင့်ဆီကို လွှတ်လိုက်တဲ့ကိစ္စမှာ မအောင်မြင်ခဲ့လို့ ဒေဝီ့အပေါ်မှာ အထင်လွဲသွားခဲ့တယ်လေ၊




မြဟိဓာလေး

www.burmeseclassic.com



ဂါဒိစ္စကို သတိထားရမယ်”

မာယာဒေဝီ၏ မျက်နှာလေးသည် ရယ်ရွှင်သည့်အ သွင်သို့ ပြောင်းလဲသွားခဲ့သည်။

“ကဲပါ၊ ဒေဝီနှင့်မောင်နဲ့ အပြန်အလှန် ဆွေးနွေးပြီး ပြီ၊ နားလည်မှုတွေလည်း ရပြီးကြပြီ၊ ခုလို ဒေဝီနှင့်ဆုံတွေ့ ခိုက်မှာ ရင်မောစရာတွေကို မတွေးပါနဲ့ ဆက်ပြီးမပြောကြစ တမ်း၊ နော်. . . မောင်”

သူမသည် ကံရာဇာ၏ ရင်ခွင်ထဲကို တိုးဝင်လာခဲ့၏။ တကယ်တော့ မာယာဒေဝီသည် ကံရာဇာကိုမြတ်နိုးမက်မော စွာ တွယ်တာလျက်ရှိနေကြောင်းကို သိနေသည်။ လွန်လေခဲ့ ပြီးသောဘဝက သူတို့နှစ်ဦး၏ သံယောဇဉ်သည် မည်မျှခိုင် မာခဲ့သည်ကို သိသာလောက်သည်။ အချစ်ဆိုသည်မှာ ဆန်း ကြယ်လှပါကလား။

“မောင်ဘယ်ဘဝကိုပဲရောက်ရောက်၊ ဒေဝီဒီလိုပဲချစ် နေနိုင်ပါ့မလား”

“မောင်ဘာကြီးပဲ ဖြစ်နေပါစေ၊ မောင့်အသက်နှင့် မောင့်ခန္ဓာကိုယ်ကို ဒေဝီစွဲစွဲမြဲမြဲနဲ့ ချစ်နေပါ့မယ်ရှင်”

“တစ်ချိန်ကျရင် ဒေဝီ့သဘောထားက မောင့်အပေါ် မှာ မှန်မမှန်သိလာရမှာပါ”





“မောင်ကလည်းလေ၊ ဒေဝီကို အထင်သေးလိုက်တာ၊ စောင့်ကြည့်ပေါ့၊ ဒေဝီကလေ မောင့်ကို ချစ်သူလိုလည်းချစ် တယ်၊ ကိုယ့်ယောကျ်ားတစ်ယောက်လိုလည်းချစ်တယ်၊ ကိုယ့် ကျောက်တောင်ကြီးကို လေတိုက်လို့ လှုပ်ချင်လှုပ်သွားမယ်၊ မောင်ကိုချစ်မိလို့ သူများတကာက ဘယ်လိုပဲမရှုစိမ့်စကားတွေ ပြောပြော၊ တုန်လှုပ်သွားမှာမဟုတ်ဘူး”

“ကိုယ်ကလည်း ဒေဝီ့ကို ချစ်သူလိုလည်းချစ်တယ်၊ ဇနီးမယားလိုလည်းချစ်တယ်၊ နောင်တစ်ချိန်မှာ မောင့်ဘက် က ချို့ယွင်းချက်တစ်ခုခုရှိခဲ့ရင် ဒေဝီစွန့်လွှတ်သွားခဲ့ရင်လည်း ခွင့်လွှတ်တယ်”

“မောင်က ဒေဝီ့ကို စိန်ခေါ်ပြန်ပြီ၊ ဟင်း. . ဟင်း”

သူမ၏ အသံလေးက တဖြည်းဖြည်းနဲ့ တိမ်ဝင်လာခဲ့ သည်။ တိတ်ဆိတ်လျက်ရှိသော အခန်းလေးသည် ပိုပြီးတော့ တိတ်ဆိတ်သွားခဲ့သည်။ မာယာဒေဝီ၏ ကိုယ်လုံးလေးသည် ဆတ်ကနဲဆို ဖြစ်သွားခဲ့ရသည်။ ရင်ခွင်ထဲမှ တိုးထွက်ပြီးထိုင် လိုက်သည်။

“ဒေဝီ. . ဘာဖြစ်သွားတာလဲ”

“သူတို့လာနေကြပြီ”

လေသံတိုးတိုးလေးဖြင့် ပြောလိုက်သည်။ သူမမျက်

www.burmeseclassic.com

လုံးအစုံသည် ပိုဖြီးစူးလက်သွားသည်။

"ဘယ်သူတွေ လာနေကြတာလဲ. . ဒေဝီ"

"သူရရောလေ၊ ဂါဒိစ္စရဲ့ သား၊ သူက ဒေဝီ့ကို သိမ်းပိုက်မလို့ ကြံစည်နေတယ်၊ ဒါပေမယ့် ဒေဝီက သူ့ကိုဘယ်လိုမှ လက်မခံပါဘူး၊ သူက တဇောက်ကန်း၊ ကဲ. . မောင်ရှောင်တိမ်းဖို့ ဒေဝီစီစဉ်ပေးမယ်. . လာ"

"ဒေဝီ. . မောင်က ဘယ်ကို. . ."

"လာပါမောင်ရယ်၊ ခုအချိန်မှာ မောင် သူတို့နဲ့ ရင်မဆိုင်သင့်သေးပါဘူး"

ကံရာဇာကို မာယာဒေဝီဆွဲထူလိုက်သည်။ သူနရောတို့ ရောက်လာတော့မည်ကို မာယာဒေဝီက မည်သို့. . . ခဲ့သည်လည်းမသိ။

မာယာဒေဝီသည် နံရံမှ အဖုလေးတစ်ခုကို နှိပ်. . .ိုက်သည်နှင့် ငါးပေအကွာရှိ နံရံမှ လျှို့ဝှက်တံခါးတစ်ခုက ဘေးတိုက်ရွှေ့လျှားသွားခဲ့သည်။

မာယာဒေဝီက ကံရာဇာကို လက်ဆွဲပြီး ထိုအပေါက်ထဲမှ ခေါ်သွားသည်။ စကြံန်လမ်းကြီးတစ်ခုဖြစ်သည်။ လေးပေသာသာခန့်ကျယ်ပြီး အမြင့်ခြောက်ပေရှိသည်။ မှောင်နှင့်မည်းမည်းမို့ ဘာကိုမှမမြင်ရ။ မာယာဒေဝီကတော့ လမ်းကို





မြင်နေရသည့်အလား။ ခြေလှမ်းသွက်သွက်နဲ့ ကောက်လျှောက်ကြီးသွားနေသည်။

ကံရာဇာသည် မာယာဒေဝီ၏ ကိုယ်လုံးလေးနဲ့ မကြာခဏဝင်ပြီးတိုက်မိသည်။ နူးညံ့သော ကိုယ်လုံးလေး၏ အထိအတွေ့ကို သူယဉ်ပါးခဲ့ပြီးပေမယ့် စွဲမက်စရာကောင်းနေလျက်ပင်။

မကြာမီ လမ်းအဆုံးကိုရောက်လာခဲ့သည်။ ကျောက်တံခါးတစ်ချပ်သည် ရှေ့တည့်တ. . . ဘေးတိုက်ရွှေ့လျှားသွားပြန်သည်။ မာယာဒေဝီ၏ လှု. . .းမှုကြောင့်ပဲဖြစ်ပါလိမ့်မည်။ တံခါးပွင့်သွား၍ ပြင်ပလေက တဟူးဟူးနဲ့ တိုးဝင်လာခဲ့သည်။

"ကဲ. . မောင်၊ ဟောဒီတံခါးပေါက်ကနေ ထွက်သွားပေတော့၊ သူတို့က ဒီနေရာကိုတော့ ရောက်လာကြမှာမဟုတ်ပါဘူး"

မာယာဒေဝီသည် ရုတ်တရက်ဆိုသလို ကံရာဇာ၏ သည်ပင်းကို သိုင်းဖက်လိုက်ကာ ပါးပြင်ကို တရှုံ့ရှုံ့နမ်းလိုက်လေသည်။

"နောက်ထပ်ဆုံခွင့်ရဦးမှာပါ မောင်ရယ်၊ မောင်နှင့် ဆပ်ပြီး ဆုံရဦးမယ်ဆိုတာ ဒေဝီအသေအချာ သိနေပါတယ်၊


www.burmeseclassic.com

www.burmeseclassic.com



ကဲ . . သွားတော့လေ မောင်"

ကံရာဇာသည် မာယာဒေဝီ၏ နူးညံ့သော ပါးပြင်လေး
ကို လက်ဝါးနဲ့ ခပ်ဖွဖွလေးပွတ်လိုက်ပြီး . . . ။

"မောင်လည်း ဒေဝီနဲ့ဆုံခွင့်ရအောင် ကြိုးစားမှာပါ
ကဲ . . သွားပြီ ဒေဝီ"

ကံရာဇာသည် မှောင်ရိပ်ထဲမှာတိုးဝင်ပြီး ပျောက်ကွယ်
သွားသည်။ သူမ၏ ရှေ့မှောက်မှ ကံရာဇာပျောက်သွားသော
မှ ကျောက်တံခါးကို ပြန်ပိတ်လိုက်လေသည်။

* * *



အခန်း−(၁၅)

သုနရောသည် တံခါးကို တဘုန်းဘုန်းနဲ့ ထုလိုက်ပါ
သည်။

"ဒေဝီ . . ဒေဝီ . . တံခါးဖွင့်စမ်း"

သုနရော၏အသံက ဒေါသသံပါနေသည်။ တအောင့်
အကြာတွင် ကျွန်းတံခါးချပ်က ပွင့်သွားခဲ့သည်။ မာယာဒေဝီ
သည် တံခါးဝမှာ ရပ်လာသည်။ သုနရောနဲ့ လူသုံးယောက်
တို့ ဓားကောက်ရှေ့ ကိုယ်စီနဲ့ တွေ့လိုက်ရသည်။

"သုနရော . . ရှင်ဘယ်လိုဖြစ်လာတာလဲ၊ ညကြီးအ
ချိန်မတော် ကျွန်မအိပ်နေတာကို ခုလို လာနှောင့်ယှက်တာမ
ကောင်းပါဘူး"



www.burmeseclassic.com

www.burmeseclassic.com


"ဒေဝီ. . ဟောဒီပတ်ဝန်းကျင်မှာ လူရိုင်းတွေတယ်လို့ အကြောင်းကြားတာနဲ့ နင့်ကိုစိတ်မချဖြစ်ပြီး ငါတို့လာခဲ့တာ"

"အဲဒါတော့ ကျွန်မမသိဘူး၊ မသက်ာစရာတွေခဲ့ရင်လည်း တခြားမှာ သွားပြီးရှာကြပေါ့"

"ငါတော့ နင့်အိမ်ထဲကို ဝင်ပြီးရှာချင်တယ်၊ ဖယ်ပေး"

"အံမယ်. . ဒါဘာသဘောလဲ၊ ကျွန်မရဲ့ အိမ်ထဲကို ဘယ်သူမှ မဝင်မခံဘူး"

"နင်က ဒီလိုလား၊ နင်ဟာ ငါ့လက်ခုပ်ထဲက ရေဆိုတာ မမေ့နဲ့"

သုနရောက သူမကို တွန်းတိုက်ပြီး ဝင်သွားသည်။ မာယာဒေဝီသည် ထောင်းကနဲဆို ဒေါသထွက်သွားခဲ့လေ၏။ နံရံမှာချိတ်ထားသည့် ကြာပွတ်ကိုယူကာ သုနရောကို လှမ်းပြီး ရိုက်ထည့်လိုက်လေသည်။

ရွှမ်း!

အား!

သုနရောက အော်လိုက်သည်။ လည်ပင်းမှာ နီရဲနေသော အစင်းကြောင်းကြီးတစ်ခု ဖြစ်သွားခဲ့လေသည်။

"နင်. . နင်က ငါ့ကို ကိုယ်ထိလက်ရောက် စော်ကားဘတ်လား၊ ဟေ့ကောင်တွေ. . သူ့ကိုချုပ်ပြီး ခေါ်လာခဲ့ . . . . . ဲ့ ဒီကောင်မကို ငါကောင်းကောင်း ဆုံးမရမယ်၊ တွေ့ကြသေးတာပေါ့ကွာ"

မားကောက်ကိုင် အဖော်သုံးယောက်သည် သုနရော . . အမိန့်ကို နာခံကြသည်။ မာယာဒေဝီဆီကို ပြေးဝင်သွားကြသည်။ မာယာဒေဝီက လက်ထဲမှာ ကိုင်ထားသည့် ကြာ . . . တ်ကို ခပ်သွက်သွက်လေး လှုပ်ရှားပစ်လိုက်သည်။

ရွှမ်း!

ရွှမ်း!

အား!

အား!

သူတို့၏လက်ထဲမှာ ကိုင်ဆောင်ထားကြသည့် မား . . ကောက်များသည် ကြာပွတ်နှင့်အတူ ပါသွားခဲ့ကြလေသည်။ . . သူသုံးယော[illegible]သည် မာယာဒေဝီကို လက်ချည်းသက်သက် . . ဝင်ပြီးဖမ်း[illegible]ဟန်ပြင်လိုက်ကြသည်နဲ့ မြွေများသည် ခေါင် . . ထက်မှ တစ်ကောင်ပြီးတစ်ကောင် ပြုတ်ကျလာခဲ့ကြသည်။

ဘုတ်!

ဘုတ်!

မြွေခြောက်ကောင်သည် မာယာဒေဝီနှင့်သူတို့ကြား . . စည်းခြားထားလိုက်သည်။ လက်မောင်းလုံးခန့်ပုတ်သော

www.burmeseclassic.com



မြွေဟောက်ခြောက်ကောင်သည် ပါးပျဉ်းကြီးတွေထောင်ကာ တရှဲရှဲနဲ့ မာန်ဖီနေကြသည်။

"နင်တို့ ဒီမြွေခြောက်ကောင်ကိုကျော်ပြီး ငါ့ဆီလာနိုင်ရင် လာခဲ့ကြစမ်း"

သုနရောနဲ့ သူ့တပည့်သုံးယောက်တို့သည် မာယာဒေဝီကို လက်ရဖမ်းဖို့ နေနေသာသာ ပါးပျဉ်းကြီးတွေထောင်ကာ ရန်စောင်နေကြသော မြွေဟောက်ကြီးများကိုကြည့်ပြီး နောက်ကို တဖြည်းဖြည်းနဲ့ ဆုတ်သွားခဲ့ကြသည်။

မာယာဒေဝီက ဒူးတစ်ဖက်ထောင်၊ ဒူးတစ်ဖက်ကို ချလိုက်ကာ ထိုင်လိုက်ပြီး မြွေဟောက်တစ်ကောင်ကို ဖမ်းယူလိုက်သည်။ ထို့နောက် မြွေဟောက်နဲ့ နှုတ်ခမ်းချင်းတေ့လိုက်ပြီး. . . ။

"ငါ့ကို မထီမဲ့မြင် ပြုတဲ့သူတွေကို ခွင့်လွှတ်လိုက်ပါတယ်၊ အဆိပ်ကို ချိုတယ်မှတ်ပြီး မြည်းစမ်းကြည့်ချင်တယ်ဆိုရင်တော့ နမူနာလောက်တော့ ပေးလိုက်ပေါ့"

"ဒေဝီ. . နင်စော်ကားလှချည်လား၊ ငါ့ကို ဘာများမှတ်နေလဲ"

သုနရောက ဒေါသကြီးစွာဖြင့် ပြောလိုက်သည်။

"ရှင်က ရုန့်ရင်းကြမ်းတမ်းတဲ့ အသွင်နဲ့ ကျွန်မဆီကို



လာတယ်၊ ယုတ်မာချင်တယ်၊ အဲဒီတော့ ရှင့်အကျင့်နဲ့ထိုက်တန်တဲ့ တုန့်ပြန်မှုမျိုးကို ရရှိမှာပဲ"

သုနရောသည် သူ့ကိုယုတ်မာသည်ဆို၍ မခံချင်ဖြစ်သွားခဲ့ရသည်။ မာယာဒေဝီအလစ်မှာ ဓားကောက်ကြီးဖြင့် ပစ်ပေါက်ထည့်လိုက်သည်။

ဝှစ်!

မြွေဟောက်ကြီးသည် သုနရော၏ ကိုယ်ပေါ်ကိုကျသွားသည်။ လက်ကောက်ဝတ်ကို ပေါက်မိသွားသည်။

(တကယ်တော့ အစွယ်နဲ့ ခြစ်သွားရုံသာ)

"မင်း. . မင်း. . ငါ့အသက်ကိုရန်ရှာတယ်ပေါ့၊ သေကြောင်းကြံတယ်"

သုနရောသည် တစ်ချိုးတည်း လှည့်ပြေးသွားသည်။ သူ့လ[illegible]ယောက်သည်လည်း ပေးလိုက်သွားကြသည်။ မာယာ[illegible]သည် သူတို့ထွက်ပြေးသွားခဲ့ကြသည်နဲ့ တံခါးကို အသံမြည်အောင် ပိတ်ချလိုက်လေသည်။

ဂျိမ်း!

x x x x x

www.burmeseclassic.com



မာယာဒေဝီထံမှ ထွက်လာခဲ့သော ကံရာဇာမှာကား

"ဒေဝီမှာ အန္တရာယ်ရှိနေတယ်၊ ငါကိုယ်လွတ်ရုန်းပြီး ထွက်သွားလို့မဖြစ်ဘူး"

ကံရာဇာသည် နောက်ကြောင်းကိုပြန်လှည့်ပြီး မှောင်ရိပ်ကိုခိုကာ လျှောက်လာခဲ့သည်။ မာယာဒေဝီ၏ ခြံဝင်းထဲကို လူလေးယောက်ဝင်သွားခဲ့သည်ကို တွေ့လိုက်ရလေသည်။ သုနရောသည် မာယာဒေဝီ၏ ခြံနားမှာ သူ၏လူနှစ်ယောက်ကိုအစောင့်ချထားခဲ့သည်။

ထိုအစောင့်နှစ်ယောက်သည် (မျက်စိမှုန်နေကြ၍ပဲလား။ ညအချိန်မို့ မြင်ကွင်းက မသဲကွဲလို့လား မပြောတတ်) ကံရာဇာဝင်သွားစဉ်ကလည်း မသိလိုက်။ ခွေးတစ်ကောင်ဝင်သွားသည်ကိုသာ တွေ့လိုက်ကြရသည်။

ယခုလည်း သုနရောတို့ ဝင်သွားသည်ကိုသာ တွေ့ကြသည်။ သုနရောက ဂါဒိစ္စ၏သားမို့ ကိုယ့်ဘက်သားများဖြစ်နေသည်။ ယခုတဖန် ကံရာဇာဝင်သွားသည်ကို မမြင်လိုက်ကြပြန်။ သူတို့တွေ့လိုက်ကြသည်က ခွေးနက်ကြီးတစ်ကောင်ပင်။

ကံရာဇာသည် မှောင်ရိပ်ခိုကာ မာယာဒေဝီနဲ့ သုနရောတို့၏ အခြေအနေကိုအကဲခတ်နေသည်။ မာယာဒေဝီ၏





တိုက်ခိုက်မှုများကို သူမြင်တွေ့ရသည်။

"ဒေဝီဟာ တစ်ကယ်မြွေနိုင်တဲ့သူပါလား၊ သုနရောဟာ ဒေဝီကို ဘယ်လိုမှ ပြန်ပြီး မတိုက်ခိုက်နိုင်ဘူး၊ တော်ပါသေးရဲ့"


နောက်ဆုံး သုနရောနှင့်သူ့လူများသည် မာယာဒေဝီ၏အိမ်မှ ပြန်ထွက်သွားကြသည်အထိ မာယာဒေဝီက အိမ်တံခါးကို ပိတ်လိုက်သည်အထိ စောင့်ကြည့်ပြီးမှ စိတ်ချလက်ချနဲ့ ပြန်ထွက်လာခဲ့လေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com





## အခန်း-(၁၆)

ဂါဒိစ္စသည် ညကြီးအချိန်မတော် အပြေးအလွှားဖြင့် ရောက်ရှိလာခဲ့ကြသော သားဖြစ်သူ သုနရောနှင့်သူ့လူသုံးယောက်။ မာယာဒေဝီ၏ အိမ်နဲ့မလှမ်းအကမ်းမှာ အစောင့်ချထားခဲ့သူနှစ်ဦးကို စမေးလျက်ရှိကြသည်။

"ဘာ. . ဒေဝီက သူ့အိမ်ထဲကို ဝင်ပြီး အရှာမခံဘူး၊ ဟုတ်လား"

"ဟုတ်တယ် အဖေ၊ အရှာမခံတဲ့အပြင် မြွေနဲ့တောင် တိုက်လွှတ်သေးတယ်၊ တစ်ယောက်က မြွေကိုက်ခံလိုက်ရတယ်၊ တော်သေးတာပေါ့၊ မြွေဟောက်အစွယ်နဲ့ ခြင်္သေ့ရိုးလေးမို့၊ ကျွန်တော်ဖြေဆေးထည့်ပေးလိုက်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"သူအရှာမခံတာ အကြောင်းရှိလိမ့်မယ်၊ ဟိုကောင် ကံရာဇာဟာ ဒေဝီနှင့်ပတ်သက်နေပြီ၊ ခုရက်ပိုင်းမှာ ငါတို့နယ်ထဲကို သူစိမ်းတစ်ယောက် ရောက်နေတယ်လို့ သပေါ့ါဂိုဏ်းသားတွေက သတင်းပို့ထားကြတယ်၊ အဲဒီလူဟာ ဒီကောင်ပဲ ဖြစ်လိမ့်မယ်လို့ ငါထင်တယ်၊ ဒီကောင် ဒေဝီ့ဆီကိုရောက်နေပြီ၊ ဒေဝီနဲ့ အဆက်အသွယ်ရှိနေပြီ"

ဂါဒိစ္စ၏ မျက်လုံးအစုံသည် အစောင့်နှစ်ယောက်ဆီကို ရောက်သွားသည်။

"မင်းတို့ကို ဒေဝီ့ခြံထဲ အကဲခတ်ဖို့ ငါတာဝန်ပေးထားတယ်၊ ကောင်းပြီ. . ငါမေးမယ်၊ သူနာရောကလွဲပြီး ခြံထဲဝင်သွားတာ၊ ထွက်လာခဲ့တာ တခြားဘယ်သူများ ရှိကြသေးလဲ"

"လူဆိုလို့ မတွေ့ပါဘူး၊ ခွေးနက်ကြီးတစ်ကောင်ကတော့ ဝင်လိုက်ထွက်နဲ့လုပ်နေတာ တွေ့ခဲ့ရပါတယ်"

"ဘာ. . ခွေးနက်ကြီးဟုတ်လား၊ သူ့ခြံနားမှာ ဘယ်ခွေးနက်ကြီးမှ မရှိဘူးကွ၊ မင်းတို့ပဲ မျက်စိမှားကြတာလား"

"မမှားပါဘူး ဆရာကြီး၊ ခွေးနက်ကြီးမှ တကယ့်ခွေးနက်ကြီးပါ၊ ကျွန်တော်တို့တောင် ကြောက်လို့ငြိမ်နေရပါတယ်၊ အကောင်ကလည်း အကြီးကြီးပဲ၊ လူကြီးခါးစောင်းလောက်ကို ရှိမယ်"





ဒုန်း!

စားပွဲကို လက်သီးဆုပ်ဖြင့် ထုလိုက်သောအသံသည် ကျယ်လောင်စွာဖြင့် ထွက်ပေါ်လာသည်။ အားလုံး အထိတ်တလန့်ဖြစ်သွားရသည်။

"ကံရာဇာ. . ကံရာဇာ. . . မင်းရဲ့ ပဉ္စလက်ပညာတို့ ကောင်းကောင်းအသုံးချသွားခဲ့တာပေါ့ကွာ၊ ဒီကောင်က ဘယ်သူ့ကိုမှ မကြောက်တတ်ဘူးကွ၊ ငါ့ရဲ့ နယ်မြေထဲကို [illegible] တည်းကျော်ပြီး ဝင်လာခဲ့တာကိုသာကြည့်၊ ကံရာဇာ. . [illegible] ဇာ ခုလည်း ဒီကောင်ဟာ ဒီအနီးတဝိုက်မှာပဲ ရှိနေ[illegible] အသက်အန္တရာယ်ကို ဒီကောင်ရန်ရှာနိုင်တယ်၊ ဒီ[illegible] မိုင်ပတ်လည်အတွင်းမှာ ရှိကိုရှိနေရမယ်၊ ခုညတွင်း[illegible] ဒီကောင် ငါ့လက်ထဲကို ရောက်လာစေရမယ်"

တအောင့်အကြာတွင် ဂါဒိစ္စ၏ ခြံကျယ်[illegible] တီးသံသဲ့သဲ့ ထွက်ပေါ်လာသည်။

ဗုံ. . ဗုံ. . ဗုံ. . ဗုံ။

ဗုံသံသည် ပတ်ဝန်းကျင်အနီးအဝေးကို [illegible] ဆင့်ပျံ့နှံ့ရိုက်ခတ်သွားသည်။ တခဏအကြာတွင် [illegible] မှ ပြန်လည်ပြီး တီးခတ်လိုက်သော ဗုံသံသဲ့သဲ့[illegible] ကြရသည်။ ထိုနောက် အရှေ့၊ အနောက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



စသည်တို့မှာ လွင့်မြောစီးဝင်လာသော ဗုံသံများ။

ဤကား ဂါဒိစ္စသည် တြိသပ္ပေါ်ဂိုဏ်းသားများကို အချက်ပေးလိုက်ခြင်းပင်ဖြစ်သည်။ အနီးအနားမှာ ရှိနေကြသော တြိသပ္ပေါ်ဂိုဏ်းသားများကလည်း ဗုံသံဖြင့် ပြန်ပြီးတုန့်ပြန်နေခြင်းပင်ဖြစ်လေသည်။

တြိသပ္ပေါ်ဂိုဏ်းသားများသည် သူတို့ရောက်ရှိနေကြသည့် နေရာများမှ ဝတ်စုံများကို ဝတ်ဆင်ကာ လက်နက်များကို ကိုင်ဆောင်၍ တစ်ယောက်ပြီးတစ်ယောက် ထွက်လာခဲ့ကြသည်။

တောအုပ်ကြီးကို စက်ဝိုင်းသဏ္ဍာန် ဝိုင်းပတ်ကာ တဖြည်းဖြည်းနဲ့ လျှောက်လာခဲ့ကြသည်။ စက်ဝိုင်း၏ အချင်းကို ကျဉ်းသထက်ကျဉ်းအောင် လျှောက်လာခဲ့ကြခြင်းပင် ဖြစ်ကြသည်။ သို့မှသာ ရန်သူကို ပိတ်မိပြီးသားဖြစ်နိုင်သည်။ ရန်သူသည် သူတို့၏ လက်ထဲက ပြေးမလွတ်တော့။

ထိုအချိန်တွင် ကံရာဇာသည် တောထဲမှာ ရှိနေသည်။ တြိသပ္ပေါ်တို့၏ စက်ဝိုင်းထဲမှာ ကျရောက်နေသည်။ သို့သော် ကံရာဇာကတော့ ခပ်အေးအေးပင်။ သူသည် အပြန်အလှန်တီးခတ်နေကြသော ဗုံသံကို မကြားမဟုတ်။ ကြားနေရသည်။ ဗုံသံအတိုအရှည်သည် ကြေးနန်းရိုက်သလို အဝေးမှ အချက်





ပေးစကားပြောနေခြင်းပင်ဖြစ်သည်။

ကံရာဇာသည် သူ၏ ဘောင်းဘီအိတ်ထဲမှ ပုဝါဖြူဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ်ကို ယူလိုက်သည်။ အထုပ်ထဲမှ သစ်မြစ်သုံးခုကို ထုတ်ယူလိုက်သည်။

ထိုသစ်မြစ်များကို သေသေချာချာကြည့်လျှင် နဂါးအမောက်နဲ့တူသည်။ နဂါးမောက်မြစ်ဟုခေါ်ကြ၏။ အိန္ဒိယရှိ မျက်လှည့်ဆရာများသည် ထိုနဂါးမောက်မြစ်ကို ရံဖန်ရံခါ သုံးကြသည်။ လူတွေ၏ အာရုံကို လှည့်စား၍ရသည်။

(ယခု နဂါးမောက်ဖြစ်သည်။ ရှားပါးသွားခဲ့လေပြီ။ သို့မဟုတ် အခြားအမည်ဖြင့် ပြောင်းပြီးခေါ်ချင်လည်း ခေါ်နိုင်သည်။ ကျွန်ုပ်ငယ်စဉ်က အိန္ဒိယသားတစ်ဦး၏ မျက်လှည့်ပွဲကို ကြည့်ဖူးခဲ့သည်။ မျက်လှည့်ဆရာကြီးသည် ကျွန်ုပ်ကိုခင်မင်သောကြောင့် ထိုနဂါးမောက်မြစ်နဲ့ အကျိုးသက်ရောက်ပုံတို ပြောပြဖူးခဲ့လေသည်။) စာရေးသူ။

ကံရာဇာသည် ခြောက်သွေ့နေသော နဂါးမောက်မြစ်များကို မီးခြစ်ဖြင့်ခြစ်ကာ မီးရှို့လိုက်သည်။ မီးစွဲကာ အငွေ့များ ထွက်လာသည်ဆိုသည်နဲ့ အောက်မှာ ချထားလိုက်သည်။

ထိုနေရာမှ အေးဆေးစွာဖြင့် ထွက်လာခဲ့လေသည်။ နဂါးမောက်မြစ်မှ အငွေ့များသည် ပတ်ဝန်းကျင်ကို ပျံ့လွင့်



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ကြသည်။

ကံရာဇာသည် လေအောက်မှာမနေပဲ လေအထက်မှာ နေသည်။ ဤကဲ့သို့ လေညာမှာနေခြင်းဖြင့် ထိုအငွေ့များကို ရှူရှိုက်ခြင်းမှ ကင်းဝေးစေမည်ဖြစ်သည်။

× × × × ×

ယင်းဒေသသည် ကိုးကွယ်မှုအမျိုးမျိုး စုံလင်လှသည်။ ဘာသာရေးအရ တယူသန်ဂိုဏ်းဂဏများ ပေါများလှသည်။ ထို့ကြောင့် သတိကြီးစွာထားရသည်။

မကြာမီ လှုပ်ရှားမှုတစ်ချို့ ဖြစ်ပေါ်လာခဲ့ကြသည့် မည်းမည်းသဏ္ဌာန်များသည် စောစောက ကံရာဇာရှိနေသေ နေရာကို ရောက်လာခဲ့ကြသည်။ သူတို့၏ နှာခေါင်းဒပါက်ပ ထဲသို့ ထူးခြားသော အနံ့အသက်တစ်ခု မသိမသာ ဝင်ရောက်လာခဲ့ကြသည်ကို သတိမပြုမိကြကြ။ ရန်သူကိုသာ မဲပြီးရှာနေကြသည်။

ဤသပွေ့ ဂိုဏ်းသားသုံးယောက်သည် ထိုနေရာမှာပင် ချာချာလည်လျက်ရှိကြသည်။ ထိုစဉ် လူတစ်ယောက်က သစ်ပင်အကွယ်မှ အခြားသစ်ပင်ကြီး တစ်ပင်ဆီသို့ ကူးပြေး





သွားသည်။

"ဟိုမှာ . . ဟိုမှာ . . လိုက်ကြ"

သူတို့သည် ဓားရှည်၊ ဓားကောက်ကိုယ်စီဖြင့် ပြေးလိုက်သွားခဲ့ကြသည်။

ဝေါင်း!

အဘား!

ကျားကြီးတစ်ကောင်က ဟိန်းဟောက်သံပေးပြီး ရုတ်တရက် ခုန်ထွက်လာသည်။ သူတို့လန့်ပြီး အော်လိုက်ကြ၏။

"ဟော့ကောင်တွေ"

ကျားကြီးသည် ရုတ်တရက် ဘယ်ပျောက်သွားမှန်းမသိ။ ကျားကြီးနေရာမှာ ကံရာဇာရောက်နေသည်။

"ဟင် . . ဟိုကောင်"

သူတို့သုံးယောက် ကံရာဇာကို ဓားများဖြင့် ဝင်ပိုင်းသည်။ ကံရာဇာ၏ လက်ထဲသို့ ဓားအိမ်ပါသော ဓားတစ်ချောင်းက ရောက်လာခဲ့သည်။

ဝှစ်!

ဓားအိမ်ထဲမှ ဓားသည် လေဟာနယ်ထဲသို့ လှစ်ကနဲ ရောက်သွားခဲ့သည်။ ကြယ်ရောင်၊ လရောင်အောက်ထဲမှာ ဖျတ်ကနဲဆို ဖြစ်သွားခဲ့သည်။ ထိုဓားသည် ရန်ပယ်နှင်းဓား



www.burmeseclassic.com

www.burmeseclassic.com



ရန်သူသုံးယောက်သည် ကံရာဇာဆီကို ကျွံပြီးဝင်လာသည်နဲ့ သုံးယောက်ညှပ်ပြီး တိုက်ခိုက်ကြသည်။

ထန်. . ထန်. . ထန်။

ကံရာဇာ၏လက်မှဓားသည် လေထဲမှာ တရစပ်မွှေခတ်သွားသည်။ ကံရာဇာတိုက်ခိုက်ပုံက ခပ်ပေါ့ပေါ့လေးဖြစ်သော်လည်း ဓားချက်ချင်း မိသောအခါ ရန်သူသုံးယောက်မှာ မဟန်နိုင်ပဲ ဖြစ်သွားခဲ့ရသည်။ သူတို့၏ ခန္ဓာကိုယ်များသည် ကျင်စက်မိသလို တွန့်လိမ်သွားခဲ့ကြသည်။ မိမိတို့ရင်ဆိုင်လိုက်ရသောဓားသည် မည်သို့သော ဓားများပါလိမ့်။

နဂါးမောက်မြစ်မှထွက်သော အခိုးအငွေ့များကို ရှူရှိုက်မိကြပြီးဖြစ်၍ အာရုံကြောများသည် အပြောင်းအလဲဖြစ်သွားကြဟန်တူသည်။ ကံရာဇာသည် သူတို့ရှေ့မှာ ပျောက်သွားလိုက်၊ ပေါ်လာလိုက်နဲ့ ဖြစ်နေသည်။

"ဟား. . ဟား. . ဟား. . ငါ့ကိုမိအောင်ဖမ်းကြလေကွာ"

ကံရာဇာသည် သစ်ပင်အကွယ်မှ ရုတ်တရက်ထွက်လာသည်။ ရယ်မောသံကြီးဖြင့် အော်ပြောလိုက်သည်။ ရန်သူသုံးယောက်၊ ကံရာဇာဆီကို ပြေးဝင်သွားခဲ့ကြသည်။

"သေပေတော့"





ရန်သူသုံးယောက်က သွေးရူးသွေးတန်းဖြင့် အော်ပြီးပြေးဝင်သွားခဲ့ကြခြင်းဖြစ်သည်။ ကံရာဇာ၏ လက်ထဲမှ ဓားသည် ရှေ့ကိုတန်းပြီး သိမ်မွေ့စွာဖြင့် လှုပ်ခတ်သွားသည်။

"ဝှစ်. . ဝှစ်. . ဝှစ်"

အား!

အူး!

အဘား!

ဂိုဏ်းသားသုံးယောက် နာကျည်းစွာဖြင့် အော်ဟစ်လိုက်ကြပြီး အရုပ်ကြိုးပြတ် လဲကျသွားခဲ့သည်။ ဓားချက်သည် တန့်မနေပဲ အနီးရှိ သစ်ပင်တစ်ပင်ကို မာန်သွင်းပြီး ခုတ်ပိုင်းလိုက်ရာ. . .။

"ဝှစ်. . ဝှစ်"

သစ်ပင်သည် ပင်စည်မှ ပြတ်ထွက်သွားပြီး တစ်ဖက်သို့ လဲကျသွားခဲ့သည်။

ဘုံး!

အား!

အား!

သစ်ပင်သည် ခိုးကြောင်ခိုးဝှက်နဲ့ ဝင်လာကြသော ရန်သူသုံးယောက်၏ ကိုယ်ပေါ်သို့ ပိကျသွားခဲ့သည်။ ဂိုဏ်း



www.burmeseclassic.com

www.burmeseclassic.com

သားများသည် အမြင်မှားမှုများ ဖြစ်ပေါ်လာခဲ့ကြသည်။ အချင်းချင်းကိုပင်လျှင် အထင်မှားပြီး တိုက်ခိုက်လာကြသည်။

"ဟာ. . ဟိုမှာ မိစ္ဆာကောင်ကြီး၊ သေဟ"

ဝုန်!

အား!

"ဟင်. . ကျ. . ကျား. . ကျားကြီး၊ သေဟ"

ဝုန်!

အား!

တကယ်တော့ မိစ္ဆာကောင်ကြီးလည်းမဟုတ်။ ကျားကြီးလည်းမဟုတ်။ ထင်ယောင်ထင်မှားဖြစ်ပြီး အချင်းချင်း တိုက်ခိုက်ကြခြင်းသား။ တောထဲမှာ ဓားချင်းထိခိုက်ကြဆဲ၊ သံသံချင်းထိခတ်ကြသံ၊ အော်ဟစ်ညည်းညူသံများက ဆူညံလျက်ရှိသည်။ ထိုအသံများသည် ဂိုဏ်းသားများ အချင်းချင်းတိုက်ခိုက်ကြသော အသံများပင်တည်း။

* * *



အခန်း – (၁၇)

၁၇၉

ဂါဒိစ္စသည် အချိန်အတော်ကြာလာသည့်တိုင် ဂိုဏ်းသားများထံမှ သတင်းရောက်မလာသဖြင့် မြင်းစီးကာ ထွက်ခဲ့လာလေသည်။ တောထဲသို့ရောက်သောအခါ ဂါဒိစ္စ၏ မျက်လုံးများသည် နေ့မှာကဲ့သို့ပင် ထင်ရှားစွာမြင်ရလေသည်။ ကြောင်ကဲ့သို့ ထူးခြားသော မျက်လုံးများကြောင့် တောထဲမှာ အမှောင်မရွေး သွားလာနိုင်သည်။

သူသည် မြင်းစီးလျက်နဲ့ လက်တစ်ဖက်ကလည်း ဓားကို ဆုပ်ကိုင်ထားသည်။ သူ့မျက်လုံးအစုံသည် လဲကျနေသော လူသုံးလေးဦးကို တွေ့လိုက်ရသည်။

"ဟင်. . ငါ့လူတွေပါလား"


www.burmeseclassic.com

www.burmeseclassic.com



မှန်သည်။ တြိသပွေါ်ဂိုဏ်းသားများပင် ဖြစ်ကြသည်။ သူက မြင်းကို တောလမ်းကြားထဲမှာ ဆက်ပြီးတော့ နှင်သွားသည်။ လူတွေ. . လူတွေ အချို့မှာ ဦးစိုက်လျက်။ အချို့က အားလုံး အသွင်အမျိုးမျိုးဖြင့် ပိုးစိုးပက်စက် သေဆုံးနေကြသည်။

"ဘယ်လိုဖြစ်ကုန်ကြတာလဲ၊ လူတစ်ယောက်တည်းကို ဝိုင်းပြီးတိုက်ခိုက်တာ ဒီလောက်အများကြီး သေကုန်ကြသလား"

ဂါဒိစ္စမှာ ဇောချွေးများပင် ပျံလာခဲ့သည်။ သူသည် ဓားကို မြဲမြဲစွာဆုပ်ကိုင်ကာ မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။ သည်လိုအနံ့မျိုး တစ်ခါမှမရှူဖူးကြောင်း သူသတိထားမိလိုက်သည်။ ပတ်ဝန်းကျင်သည် ထူးဆန်းစွာ တိတ်ဆိတ်ငြိမ်သက်နေသည်။

ဖျောက်. . ဖျောက်. . ။

နောက်ကွယ်မှ ထွက်ပေါ်လာသော အသံကြောင့် ချက်ချင်းလှည့်ကြည့်လိုက်သည်။ တစ်ဆက်တည်းမှာပင် ဓားကိုပြင်ပြီးသား။

ဖျောက်. . ဖျောက်. . ။

သစ်ရွက်ခြောက်များကို နင်းလာသော အသံဟုယူဆ





ရသည်။ ဂါဒိစ္စသည် ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း ခန္ဓာကိုယ်ကို တစ်ပတ်ပတ်ကာ အထိတ်တလန့်ဖြင့် လှည့်၍ ကြည့်မိသည်။

ဖျောက်. . ဖျောက်. . ။

တဖျောက်ဖျောက်အသံများကတော့ မှန်မှန်ပင် ထွက်ပေါ်နေဆဲ။ သူ့အနားကို မည်သူမှ ရောက်မလာ။ သူတကယ်ကြားနေရသည့်အသံလား။ စိတ်ထဲက ထင်နေတာလားဆိုတာ ခွဲခြား၍ မရတော့။ ဂါဒိစ္စသည် သတိကို ထိန်းထားပါသော်လည်း မရ။ လွှတ်. . လွှတ်ထွက်သွားတတ်သည်။

ဝူး!

ဖလပ်. . ဖလပ်. . ဖလပ်. . ။

အား!

ကြီးမားသော လင်းနို့ကြီးတစ်ကောင်က ဂါဒိစ္စကိုဝင်တိုက်ချသွားသည်။ သူသည် သတိလက်လွတ်ဖြင့် တစ်ချက်တော့ လန့်အော်လိုက်ပြီး လင်းနို့ကြီးကို ဓားဖြင့်ဝှေ့ရမ်းတိုက်ခိုက်ပစ်လိုက်သည်။ သို့သော် လင်းနို့ကြီးကို မတွေ့ရတော့။ ဘယ်ရောက်သွားမှန်းမသိပေ။

ထိုစဉ် သူ့ရှေ့တည့်တည့်ရှိ သစ်ပင်ကြီးပေါ်မှနေ၍ မျောက်ကြီးတစ်ကောင် ခုန်ဆင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝုန်း!

ဟင်!

သူသည် မျောက်ကြီးကို ဓားဖြင့်လိုက်ခုတ်လေသည်။ မျောက်ကြီးက သစ်ပင်ကြိုသစ်ပင်ကြား ပတ်ပြေးနေသည်။ ဂါဒိစ္စကလိုက်သည်။ လိုက်ရင်းလိုက်ရင်းနဲ့ မျောက်ကြီးပျောက် သွားသည်။

"ဟင်. . . "

ဂါဒိစ္စသည် ပိုပြီးတော့ ချောက်ချားလာသည်။ သူ. . ခုလိုမျိုး တစ်ခါမှ မဖြစ်ဖူးခဲ့ပါ။ သူလူတွေ သေဆုံးကုန်ကြတာ ကို ရုတ်တရက်မြင်လိုက်ရတော့ စိတ်ဖောက်သွားခဲ့တာလား။ ကြောက်ရွံ့ တုန်လှုပ်စိတ်ကြောင့် ရူးနှမ်းနှမ်း လူတစ်ယောက် လိုမျိုး ဖြစ်သွားခဲ့ရတာလား။ မာန်လည်းကျသွားခဲ့သည်။ သွေး လည်း ကြောင်သွားခဲ့သည်။ သူတစ်ခါမှ ဒီလိုမဖြစ်ဖူးပါ။

(နဂါးမောက်အရွက်မှ ထွက်ပေါ်လာသော အနံ့က လူ၏ အာရုံကြောများကို လွဲမှားစွာ ပြောင်းလဲစေနိုင်သောအ သိ။ မရှိကိုအရှိ။ အရှိကိုမရှိ။ သေးသည်ကိုကြီးခြင်း။ ကြီးသည် ကိုသေးခြင်း။ စသည်တို့ ပြောင်းလဲဖြစ်ပေါ်စေသည့် မူးယစ် ဆေးငွေ့များပေလား။)

ဂါဒိစ္စသည် ရှေ့ကိုဆက်မသွားတော့ပဲ နောက်သို့ပဲ





တရွေ့ ရွေ့ ဆုတ်လာခဲ့သည်။

"ခင်ဗျားက ဒီလောက်တောင် ကြောက်နေရသလား ။"

ကျောဘက်မှ ရုတ်တရက်ထွက်ပေါ်လာသော အသံ ကြောင့် ဂါဒိစ္စတစ်ကိုယ်လုံး ဆတ်ဆတ်တုန်သွားရသည်။

ဟင်!

ဆတ်ကနဲဆို နောက်သို့ ရုတ်တရက်လှည့်ကြည့်လိုက် သည်။ သူ့လက်ထဲက ဓားကြီးသည်လည်း ရန်သူကိုတိုက်ခိုက် ရန် အသင့်ပြင်ထားပြီးဖြစ်သည်။

လူတစ်ယောက်သည် သစ်ပင်ကို ကျောမှီပြီးရပ်နေ သည်။ ဂါဒိစ္စက အမှောင်ကို ကျင့်သားရနေသော မျက်လုံး ပိုင်ရှင်ဖြစ်သော်လည်း ထိုသူကို သဲကွဲစွာမမြင်ရ။ သစ်ရွက် များထူထပ်သော အပင်ကြီးအောက်မှာ ထိုသူရောက်နေသော ကြောင့်ဖြစ်သည်။

သို့သော် ထိုသူသည် မည်သူလဲဆိုတာကိုတော့ ချက် ချင်းပင် သိသွားခဲ့လေသည်။

"မင်း. . မင်း. . ကံရာဇာ"

ဂါဒိစ္စ၏ လေသံသည် ခြောက်သွေ့နေသည်။ သူရှာ နေသော ရန်သူကို တွေ့လိုက်ရပါပြီ။ ထိုကြောင့် ဓားရိုးကို

www.burmeseclassic.com

www.burmeseclassic.com



ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိလိုက်သည်။

"ခင်ဗျားမှာ ကျုပ်ကို တိုက်ခိုက်နိုင်တဲ့ အင်အားတွေ ရှိသေးလို့လား. . ဂါဒိစ္စ"

ကံရာဇာက မေးလိုက်သည်။ တကယ်တော့ ဂါဒိစ္စမှာ ခွန်အားတွေ အလိုလို ယုတ်လျော့နေသည်။ ကံရာဇာကို သူ အသေအကြေ တိုက်ခိုက်ရပေလိမ့်မည်။ ဒီအတွက် သူအား တင်းနေရသည်။ နဂိုသတ္တိမျိုး ပြန်ပြီးဝင်လာစေရန် မိမိကိုယ် ကိုမိမိ အမိန့်ပေးနေမိသည်။

"ကံရာဇာ. . မင်းရဲ့ လက်ထဲမှာ ရာဇာဓိရာဇာကဒ္ဒ ဆေးကျမ်းကြီးနှင့်ရန်ပယ်ရှင်းသံသေတ္တာရှိနေတယ်၊ ငါ့လက် ထဲကို အပ်လိုက်ပါ၊ မင်းမအပ်ရင် အသေဆိုးနဲ့ သေရလိမ့် မယ်၊ ဒီနေရာဟာ ငါ့ရဲ့နယ်ပယ်ပဲ၊ မင်း. . ငါ့လက်ထဲက ဖြေ လို့မလွတ်ဘူး"

"ဟား. . ဟား. . ဟား. . ဟား"

ကံရာဇာသည် အားပါးတရ ရယ်မောပစ်လိုက်သည်။ ရယ်သံသည် တလောကလုံးကို လွှမ်းသွားခဲ့သည်။ ဂါဒိစ္စ၏ နားထဲမှာ ဘီလူးတစ်ကောင်၏ ရယ်သံမျိုးဖြစ်၍ ကျယ်လောင် မြည်ဟီးသွားခဲ့ရသည်။

"ဂါဒိစ္စ. . ကိုယ်နှင့်မဆိုင်တဲ့ ပစ္စည်းတွေကို လောဘ





ကြက်တက်ပြီး မလိုချင်စမ်းပါနဲ့၊ ရန်ပယ်ရှင်းမားလည်း ကျုပ် နိုင်ဘူး၊ ကျုပ်ရဲ့ လက်ထဲမှာလည်း မရှိဘူး၊ ပြီးတော့ ခင်ဗျား လည်း မပတ်သက်ဘူး၊ ဒီပစ္စည်းတွေဟာ ပိုင်ရှင်ရှိနေတယ်"

"ဒီမှာ. . ကံရာဇာ၊ မင်း. . ငါ့ကိုညာလို့မရဘူး၊ မာလို့ လည်းမရဘူး၊ လွန်ခဲ့တဲ့ အနှစ်လေးဆယ်ကျော်လောက်တုန်း က ငါတို့ရဲ့ ဂိုဏ်းဆရာကြီး သုဂါမဟာ ဒီပစ္စည်းတွေအတွက် အသက်ဆုံးရှုံးခဲ့ရတယ်၊ သူရိယနန္ဒဟာ သုဂါမကို သတ်ပြီးမှ ဆေးကျမ်းကို လုယူသွားခဲ့တယ်၊ ဒုတိယ. . တတိယဂိုဏ်းချုပ် တွေ လက်ထက်မှာလည်း ဒီဆေးကျမ်းပြန်ရဖို့ ဘယ်လိုပဲလိုက် ရှာပေမယ့်လည်း မအောင်မြင်ခဲ့ဘူး၊ မင်းရဲ့ လက်ထဲမှာ ရှိနေ တယ်ဆိုတာ ငါတို့သိထားပြီးပြီ"

"ကျုပ်ပြောပြီးပါပကော မရှိပါဘူးလို့ဆို"

"ကံရာဇာ၊ မင်းနှင့်ငါအပေးအယူလုပ်ကြမယ်၊ ဒီဆေး ကျမ်းကြီးကို ငါဝယ်မယ်၊ ဟိုဟာကိုလည်းဝယ်မယ်၊ မင်းဘယ် လောက်တောင်းတောင်း ငါပေးမယ်ကွာ"

"ခင်ဗျားဟာ ပြောလေကဲလေ၊ မန်းလေပြလေပါလား၊ ဒီပစ္စည်းတွေဟာ ကျုပ်ရဲ့ လက်ထဲမှာ တကယ်ကိုမရှိတာ လည်း ခင်ဗျားကို မရောင်းနိုင်ဘူး၊ ခင်ဗျားကတဆင့် မျက် ဖြူတွေဆီကို ရောက်သွားမှာ ကျိန်းသေတယ်"

www.burmeseclassic.com



မလိုအပ်တဲ့ သူတွေဆီကို ရောက်သွားခဲ့ရင် ကိုယ် ကျိုးနည်းကုန်ကြလိမ့်မယ်၊ ရန်ပယ်ရှင်းဓားကိုလည်း သံသေ ဓားဆိုပြီး ယူဆနေကြတယ်၊ အမှန်ကတော့ မဟုတ်ဘူး၊ သံ ကောင်းနဲ့လုပ်ထားတဲ့ သာမာန်ဓားတစ်လက်ပဲ၊ ဒီဓားကို ကိုင် ဆောင်တဲ့သူဟာ ရန်အပေါင်းကို အောင်နိုင်တယ်ဆိုပြီး အား လုံးက ယူဆထားကြတယ်၊ ခက်တော့တာပဲ”

“မခက်နဲ့. . ကံရာဇာ၊ မင်းက ဘယ်လိုပဲ စကားကို ရှောင်ပြီးပြောပြော၊ ငါမသိတာမှမဟုတ်ပဲ၊ မင်းဆီက ဒီပစ္စည်း တွေကို ငါရမှဖြစ်မယ်၊ အဲဒီတော့ ဒီပစ္စည်းတွေ ဘယ်မှာထား သလဲဆိုတာ ငါ့ကိုပြော၊ မပြောရင်. . .”

ဂါဒိစ္စသည် မိုက်ရူးရဲဆန်စွာဖြင့် ဓားကောက်ကြီးကို ထုတ်လိုက်သည်။

“ဂါဒိစ္စ. . ခင်ဗျားဟာ အရူးပဲ၊ မျက်နှာဖြူတွေရဲ့ လက် ပါးစေပီပီ သူတို့စေခိုင်းသမျှ တရားတယ်၊ မတရားဘူးမစဉ်း စားတော့ပဲ၊ ကိုယ်ထင်ရာ ကိုယ်လုပ်တော့မှာလား၊ ခင်ဗျားရဲ့ လူတွေ ဘာဖြစ်ကုန်ကြပြီလဲဆိုတာ တဆိတ်လောက် ရှုစား လိုက်ပါဦး”

“သူတို့ဘာဖြစ်ကုန်ကြလဲဆိုတာ ငါသိပြီးပြီ၊ ဒါပေမယ့် ငါစိတ်မဝင်စားဘူး”



“ဩော်. . ကိုယ့်လူတွေ အချင်းချင်းတိုက်ခိုက်ကြပြီး ကွေရောက်ကုန်ကြတာကိုတောင် စိတ်မဝင်စားဘူးဆိုတော့ တော်တော် အကြင်နာမဲ့တဲ့သူပဲ၊ ခင်ဗျားဟာ သူခိုးဓားပြစိတ် ရှိတယ်”

“မင်း ငါ့ကို စော်ကားလှချည်လားကွ၊ သေပေတော့”

ဂါဒိစ္စသည် သူရဲဘောကြောင်သောစိတ်ဖြင့် ကံရာဇာ ကို ဓားဖြင့်ပြေးခုတ်လိုက်သည်။

ကံရာဇာ၏ ကျောမှာ ဝှက်ထားသော ဓားသည် မျက် လှည့်ပြလိုက်သလို လက်ထဲကို ချက်ချင်းရောက်လာခဲ့သည်။ ဂါဒိစ္စ၏ဓားက ကံရာဇာ၏ ကိုယ်ပေါ်ကို ကျလာခဲ့သည်နှင့်။

ထန်!

ထောက်!

ဂါဒိစ္စ၏ဓားသည် အလယ်မှ ပြတ်ထွက်သွားခဲ့သည်။

“ဟင်! ငါ့ဓားကျိုးသွားပြီ၊ ဒီဓားဟာ သံသေဓား၊ ရန် ပယ်ရှင်းဓား၊ ပေးစမ်း. . ငါ့ကိုပေးစမ်း၊ အပ်စမ်း. . ငါ့လက် ထဲကိုအပ်စမ်း”

ဂါဒိစ္စသည် ရုတ်တရက် ရူးသွပ်သွားသလို ဖြစ်သွား ခဲ့ပြီး ဓားကျိုးကြီးကိုကိုင်ကာ ကံရာဇာဆီသို့ ပြေးဝင်လာခဲ့ သည်။ ကံရာဇာသည် ဂါဒိစ္စ၏ တိုက်ကွက်ကို ရှောင်တိမ်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး မားရိုးဖြင့် ငယ်ထိပ်ကို ထုချလိုက်လေသည်။

ဒုတ်!

အား!

ဂါဒိစ္စမှာ ပျော့ခွေလဲပြီး မြေပြင်ထက်မှာ တရေးအိပ်စက်သွားခဲ့သည်။

"ခင်ဗျားကို ကျုပ်လက်လွန်ခြေလွန် မလုပ်ခဲ့ပါဘူး ဂါဒိစ္စ၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားကို ရန်ကြွေးဆပ်မယ့်သူက ရှိနေသေးတယ်၊ သူ့အတွက်ထားခဲ့တယ်"

ကံရာဇာသည် ဂါဒိစ္စစီးလာသည့် မြင်းပေါ်ကို ခုန်တက်လိုက်သည်။ ထို့နောက် ယင်းနေရာမှ ချက်ချင်းပင်ထွက်လာခဲ့သည်။

ထိုအချိန်တွင် ဂါဒိစ္စ၏သား သုနရောသည် သူ့တပည့်နှစ်ယောက်နှင့်အတူ ရောက်လာခဲ့သည်။ သစ်ပင်ကြိုသစ်ပင်ကြားမှာ မြင်းများနှင့်အတူ လိုက်လံရှာဖွေလျက်ရှိ၏၊ သေဆုံးနေသော တြိသပ္ပေါ်ဂိုဏ်းသားများအား တွေ့လိုက်ရသည်။

"ဟင်. . ငါ့လူတွေ. . ငါ့လူတွေ ဘယ်လိုများဖြစ်ကုန်ကြပါလိမ့်"

သုနရောသည် အထိတ်တလန့်ဖြင့် သူ့ဖခင်ဂါဒိစ္စကို





လိုက်လံရှာဖွေလျက်ရှိရာ မကြာမီ မြေပြင်ထက်မှာ လဲကျနေလျက်ရှိသော ဂါဒိစ္စကို တွေ့လိုက်ရလေတော့သည်။

"ဟင်! အဖေ. . အဖေ"


မြင်းပေါ်မှ လျှင်မြန်စွာဆင်းလိုက်ကာ ဂါဒိစ္စကို ပွေ့ထူလိုက်လေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com





## အခန်း-(၁၈)

ဂါဒိစ္စသည် မကြာမီမှာပင် သတိရလာခဲ့သည်။

"တောက်! ဒီကောင်. . ငါ့လက်ထဲကို ရောက်ကာနီး လွတ်ထွက်သွားတာ နာသကွာ၊ မိလို့ကတော့ ညဥ်းပမ်းပြီး းလိုက်ရင် ဒီပစ္စည်းတွေကို ငါတို့ရမှာကွ"

သူ့သားသုနရောရှေ့မှာ ကြိမ်းဝါးလိုက်သည်။

"ဒီပစ္စည်းတွေကိုသာ ရလိုက်ရင် သခင်ကြီးတွေက ငွေတွေကောင်းကောင်းပေးမှာ အဖေ၊ ကံရာဇာရဲ့လက်ထဲ ာ ရှိနေတယ်ဆိုတာ သေချာရဲ့လား"

"သိပ်သေချာတာပေါ့ကွ၊ သူ့အပိုင်စီးထားတာ၊ သည် းစ္စည်းတွေကြောင့် ငါတို့ဂိုဏ်းချုပ်ကြီးသုဂါမ အသက်ပေးခဲ့

မြဝတီစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရတာ၊ ဒီကောင့်ဆီက မရရအောင် ပြန်ယူမှဖြစ်မယ်"

သုနရောသည် ဆိတ်သားရေ အလိပ်တစ်ခုကို ယူလာခဲ့သည်။ ထိုအလိပ်ကို ဖြည်လိုက်ပြီး လက်ထဲမှာကိုင်ကာ ထောင်ပြလိုက်သည်။

"ဒီပုံကို သေသေချာချာကြည့်စမ်း အဖေ၊ ဘယ်သူနှင့်တူသလဲလို့"

ပြောပြီး တဆက်တည်းမှာ သားရေလိပ်အား ဖြည်လိုက်သည်။ သားရေလိပ်ပြေသွားသည်နှင့် ထဲမှာ ဂန္ဓာလရောင်ပြည်ဖြစ် ပိုးသားနှင့်ပြုလုပ်ထားသော ပိုးစတစ်ခုက ထွက်ပေါ်လာသည်။ ပိုးစပေါ်မှာ လူတစ်ယောက်ပုံကို လက်ရာမြောက်စွာဖြင့် ရေးဆွဲထားသည်။

ထိုပုံသည် တပ်မှူးလေးသူရိယနန္ဒ၏ ပုံတူပန်းချီလက်ရာတစ်ခုပင်၊ သူရိယနန္ဒသည် ရန်ပယ်ရှင်းဓားကြီးကို မာန်ပါပါ မြှောက်ကိုင်ထားသည်။ တပ်မှူးလေး၏ မျက်နှာသည် တင်းမာခက်ထန်လျက်ရှိပြီး ဇာတိမာန်အပြည့်ရှိနေလျက် စူးလက်တောက်ပြောင်သော မျက်လုံးအစုံသည် ရဲရင့်မှုပြောင်မြောက်သော သတ္တိရှိမှု၊ မဟုတ်မခံစိတ်ရှိမှုတို့ဖြင့် ပေါင်းစပ်ထားသည့် သင်္ကေတများကို ပြသနေသည်။

ဂါဒိစ္စသည်ပင် ထိုမျက်လုံးတွေကို မကြည့်ရဲလောက်





အောင် ဖြစ်သွားခဲ့ရသည်။ ထိုအေးစက်မာကျောသော မျက်လုံးများသည် သူ့ရင်ကိုဖောက်ကာ အသည်းနှလုံးများကို စူးရှသွားစေခဲ့ရသည်။

"ဒီပုံဟာ ကံရာဇာနဲ့ တော်တော်လေးကို တူပါလား"

ဂါဒိစ္စ၏အသံသည် တုန်ရီနေသည်။ သည့်နောက် ထိုပုံကို သုနရောထံ ပြန်ပေးလိုက်သည်။

"တပ်မှူးလေးသူရိယနန္ဒဟာ မြန်မာတွေအတွက်ကတော့ သူရဲကောင်းတစ်ဦးပဲ၊ မျက်နှာဖြူသခင်ကြီးတွေကို သူတစ်ကိုယ်တည်းတွန်းလှန်ခဲ့တာ၊ သခင်ကြီးတွေကလည်း သူရိယနန္ဒဆိုရင် အသေရရအရှင်ရရပဲ အဖေ"

"ဒါတွေဟာ နောက်မှာနှစ်ပေါင်းများစွာ ကြာခဲ့ပြီပဲ၊ သူရိယနန္ဒသေဆုံးသွားခဲ့တာ နှစ်ပေါင်းခြောက်ဆယ်ပဲ ပြည့်တော့မယ်၊ သူ့ကို ဖမ်းဆီးဖို့ ကြိုးပမ်းခဲ့ကြတဲ့ သခင်ကြီးတွေလည်း မရှိကြတော့ဘူး"

ဂါဒိစ္စက ခေါင်းကိုခါရမ်းပြီး ဘယ်လိုမှ နားမလည်နိုင်သော အမူအရာဖြင့် ပြန်ပြောလိုက်သည်။

"သူရိယနန္ဒ တကယ်သေဆုံးသွားခဲ့ပြီလို့ အဖေတစ်ထစ်ချ ယူဆထားသလား"

သုနရော၏ အမေးက ဂါဒိစ္စ၏ မျက်လုံးများကို ပြူး



www.burmeseclassic.com

www.burmeseclassic.com

ကျယ်သွားစေခဲ့သည်။ မျက်နှာကြီးလည်း အကျည်းတန်စွာ ရှုံ့မဲ့သွားခဲ့သည်။

"မင်းဘယ်လိုပြောလိုက်တယ် ငါ့သား၊ သူရိယနန္ဒက အကွယ်သေဆုံးသွားခဲ့ပြီလို့ တစ်ထစ်ချယူဆထားသလား. . ဟုတ်စ၊ ဒါဆိုရင် မင်းရဲ့ ယူဆချက်က တပ်မှူးလေးသူရိယနန္ဒ ဟာ မသေသေးဘူးပေါ့ ဟုတ်လား၊ ဒီလိုဆိုလိုတာလား"

"ဟုတ်တယ်. . အဖေ၊ ကျွန်တော်ဒီလိုပဲ ထင်နေမိတယ်"

"မဖြစ်နိုင်တာကွာ၊ သူမသေပဲ တကယ်ရှိနေခဲ့မယ်ဆိုရင်တောင် အသက်ရှစ်ဆယ် ကျော်နေပြီကွ၊ ဒီအရွယ်ကြီးနဲ့ ဘာလုပ်လို့ရမှာလဲ၊ ဘယ်သူ့ကိုမှလည်း ဒုက္ခမပေးနိုင်တော့ဘူး၊ ဓားတစ်ချောင်းတောင် နိုင်မှာမဟုတ်တော့ဘူး၊ ကောင်းပြီ၊ သူရိယနန္ဒမသေသေးဘူး၊ ရှိနေတယ်ပဲထား၊ သူအခုဘယ်မှာလဲ၊ ဘယ်ရောက်နေလဲ"

"သူရှိနေတယ် အဖေ၊ တကယ်ကိုရှိနေတယ်၊ ကျွန်တော်တို့နဲ့ မလှမ်းမကမ်းမှာရှိနေတယ်"

"ငါလည်း မသိပါလား၊ မင်းက ဘယ်လိုသိနေတာလဲ"

"အဖေက မြင်ပြီးမသိတာပါ"

"သူနရော. . ငါစိတ်မရှည်တော့ဘူး၊ ငါ့ကို ပဟေဠိ





လုပ်မနေနဲ့၊ ပြောရင် ပြတ်ပြတ်သားသားပြော"

"အဲဒီလူဟာ ကံရာဇာပဲ အဖေ"

"ဘာကွ၊ ကံရာဇာ. . ဟုတ်လား၊ မင်းကွာ ရူးသွားပြီလား၊ အသက်ရှစ်ဆယ်ကျော်အဘိုးကြီးသူရိယနန္ဒနဲ့ အသက်အစိတ်လောက်ပဲရှိသေးတဲ့ လူငယ်လေးတစ်ယောက်ကို ဘယ်လိုနှိုင်းယှဉ်မှာလဲ၊ ဘာလဲ. . မင်းက ကံရာဇာဟာ သူရိယနန္ဒနဲ့ တူတယ်ဆိုတာကို အကြောင်းပြုပြီး ထင်ချင်ရာထင်လိုက်တာပဲ မဟုတ်လား"

"ဒီမှာ အဖေ၊ သူရိယနန္ဒဟာ အဲဒီအချိန်က ဟိမဝန္တာဘက်ကို ရှောင်တိမ်းသွားခဲ့တယ်မဟုတ်လား၊ ဟိုမှာ သူတော်စင်ကြီးတွေနဲ့တွေ့ပြီး ယောဂကျင့်စဉ်၊ စိတ်ပိုျကိုယ်နှုကျင့်စဉ်တွေကို သူကျင့်ပြီး မိမိခန္ဓာကိုယ်ကို ထိန်းထားနိုင်ခဲ့မှာပဲ၊ သူ ရုပ်ရည်မကျအောင် ကျင့်စဉ်နည်းလမ်းတွေ ရှိခဲ့မှာပဲ၊ ဒါမှမဟုတ် ဂိုဏ်းချုပ်ကြီးသုဂါမရဲ့ လက်ထဲက လုယူသွားခဲ့တဲ့ ရာဇာမိရာဇာကံပွဲဆေးကျမ်းကြီးထဲက ဆေးနည်းတွေကို သူဖော်စပ်ပြီး မမှီဝဲခဲ့ဘူးလို့ အဖေပြောနိုင်သလား၊ အဲဒီဆေးကျမ်းကြီးထဲမှာ မိမိရဲ့ အသက်ဇီဝကို ကန့်သတ်ထားနိုင်တဲ့ နည်းလမ်းတွေ ပါမှာပဲ၊ ဟိမဝန္တာမှာဆိုရင် တစ်ချို့ ဆာဒူးကြီးတွေက အသက်ထောင်ချီပြီး နေနေကြတယ်၊ သူတို့မှာ လျို့ဝှက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ နည်းလမ်းတွေ ရှိနေကြတယ်လေ"

"ဒီမှာ . . ငါ့သား၊ အဲဒီလို အသက်ထောင်ချီပြီးရှည်အောင် နှစ်ပေါင်းများစွာ ကျင့်ကြံအားထုတ်မှ အောင်မြင်တာကွ၊ လူသာမာန်တွေ ကျင့်ကြံဖို့ဆိုတာ မလွယ်တဲ့ကိစ္စ၊ ဒီမှာ မင်းကို ငါပြောမယ်၊ ဟော်ဒီပုံဟာ ကံရာဇာနှင့်တူအောင်ဆွဲပြီး လူတွေကို ထင်ယောင်ထင်မှားဖြစ်အောင် လုပ်ထားတာ သူရိယနန္ဒကို မြင်ဖူးခဲ့ပါတယ်ဆိုတဲ့ လူတွေကလည်း မရှိကြတော့ဘူး၊ ကောင်းပြီ . . အသက်ရှည်ရှည်နဲ့ ရှိနေကြသေးတဲ့ ရှေးဘိုးဘွားတွေကို တစ်ယောက်စီလိုက်မေးမယ်လေ၊ သူတို့ကကော တပ်မှုးလေးသူရိယနန္ဒကို မြင်ဖူးခဲ့ကြသလား၊ ဘယ်သူမှ မသိကြတော့ဘူး၊ ဖြေနိုင်ကြမှာလဲ မဟုတ်ဘူး၊ ကံရာဇာက ကံရာဇာ၊ သူရိယနန္ဒက သူရိယနန္ဒပဲ၊ သပ်သပ်စီ ဘာမှမဆိုင်ဘူး"

သူနရောသည် ဖခင်နှင့်ဆက်ပြီး အငြင်းအခုန်မလုပ်ချင်တော့၍ . . . ။

"တော်ပြီ အဖေ၊ သက်သေပြဖို့ မလွယ်တဲ့ ကိစ္စတွေကို ထင်ကြေးနဲ့ တစ်ယောက်တစ်မျိုးစီ ပြောနေကြရင် ဆုံးတော့မှာ မဟုတ်တော့ဘူး၊ ကျွန်တော်တို့ ရှေ့ဆက်ဘယ်လိုလုပ်ကြရင်ကောင်းမလဲ"





"ဒီကောင့်လက်ထဲက ဆေးကျမ်းနဲ့ဓားကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ရအောင်ယူဖို့ပဲ"

"အဖေ့ရှေ့မှာ သူရောက်နေခဲ့တာတောင် မိအောင်မဖမ်းနိုင်ပဲနဲ့၊ ခုဘယ်လိုလုပ်ပြီး ကြိုးစားဦးမှာလဲ"

"မင်းမပူပါနဲ့၊ ငါ့အညာကိုကိုင်မယ်၊ ကံရာဇာဆိုတဲ့ကောင်၊ ငါ့လက်ထဲ ရောက်လာစေရမယ်"

သူနရောသည် ဖခင်ဂါဒီစ္စ၏ စကားကို မယုံတဝက်၊ ယုံတဝက်နဲ့ ရှိနေသည်။

"ကျွန်တော်တို့ ဂိုဏ်းသားတွေ တော်တော်များများလည်း တစ်ယောက်နှင့်တစ်ယောက် အထင်အမြင်မှား တိုက်ခိုက်ကြလို့ တော်တော်များများ သေကုန်ကြပြီ၊ ခုတစ်ခါတော့ ကျွန်တော်တို့ ကံရာဇာကို သင်ခန်းစာပေးမှ ဖြစ်တော့မယ်၊ ဒီကောင်ဟာ ကျွန်တော်တို့ရဲ့ အင်အားကို တမင်ယုတ်လျော့အောင် လုပ်လိုက်တာပဲ၊ ဒီကောင့်ကို ကျွန်တော်အခဲမကျေဘူး အဖေ"

သူနရောသည် ကံရာဇာအပေါ်မှာ အခဲမကျေဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း-(၁၉)

မာယာဒေဝီသည် ဂါဒိစွက အခေါ်လွှတ်လိုက်သည့်အတွက် ချက်ချင်းလိုလို ရောက်လာခဲ့သည်။

"ဆရာကြီးက ခေါ်တယ်ဆိုလို့ လာခဲ့တာပါ"

"ထိုင်ဦး. . မာယာဒေဝီ၊ နင့်ကို ငါပြောစရာရှိလို့ခေါ်ခိုင်းလိုက်တာ၊ နင့်လူကံရာဇာဟာ ငါတို့ရဲ့ တြိသံပွေါ်ဂိုဏ်းသားတော်တော်များများကို မရဏာလမ်းပို့လိုက်ပြီ၊ သူ. . ငါ့လက်ထဲကလည်း လွတ်သွားခဲ့တယ်"

ဂါဒိစွက နင့်လူဆိုသည့် အသုံးအနှုန်းကို သုံးလိုက်သည့်အတွက် မာယာဒေဝီ အလိုမကျဖြစ်သွားခဲ့ရသည်။

"ဆရာကြီး. . ကံရာဇာဟာ ကျွန်မနဲ့ ဘာမှမပတ်သက်

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ စကားအသုံးအနှုန်းကို ဆင်ခြင်ပြီးမှပြောပါ"

"ဟား . . ဟား . . ဟား၊ မာယာဒေဝီ . . မာယာဒေ
နင်ဟာ ငါ့တပည့်ပါ၊ နင့်ခြေလှမ်းတွေ ဘယ်လိုရှိလဲဆိုတာ
ငါမသိပဲ နေပါ့မလား"

"နင်ဟာ ငါအလိုရှိနေတဲ့ ပစ္စည်းတွေကို ကြားထဲ
ဖြတ်ခုတ်ချင်တဲ့ အကြံနဲ့ ကံရာဇာကို မာယာနှောပြီး သွေး
ဆောင်လိုက်တာပဲ မဟုတ်လား"

မာယာဒေဝီသည် အောက်နှုတ်ခမ်းကို သွေးထွက်
တတ် ကိုက်ထားလိုက်မိသည်။ ကံရာဇာကို ပစ္စည်းအတွက်
ဖျားယောင်းသွေးဆောင်ခြင်း မဟုတ်ကြောင်းကို သူမရှင်း
သင့်သလား။ မာယာဒေဝီ၏နှုတ်မှ ငြင်းဆိုချက်ပြုလိုက်ပြေ
ပြုစဉ် စိတ်ကူးတစ်ခု ရသွားခဲ့သည်။

"ဒီမှာ ဆရာကြီး၊ ကျွန်မဟာ ဒီပစ္စည်းတွေကို လုံး
မက်မောတဲ့သူ မဟုတ်ဘူးဆိုတာ ဆရာကြီးသိစေချင်တယ်
တြိသပွေါဂိုဏ်းထဲကို ဝင်လာခဲ့တာဟာ စွန့်စားရမယ့်အလု
သနာပါလို့ပဲ၊ ကျွန်မက တကယ်လို့ ကံရာဇာကို သွေး
ဆောင်ဖျားယောင်းခဲ့ပါပြီတဲ့၊ သူဟာ ကျွန်မရဲ့ မာယာထော
ကွင်းထဲကို မိသွားခဲ့ပါပြီတဲ့၊ ဆရာကြီးအတွက် ဒီပစ္စည်းတွေ
ကို ရအောင်ယူပေးနိုင်တယ်၊ ဆရာကြီးက ဒီလိုမတွေးပဲ ကျွ





မအပေါ်မှာ မကောင်းပဲ ထင်နေတော့တာကိုး"

မာယာဒေဝီစကားကြောင့် ဂါဒိစ္စတွေဝေသွားခဲ့ရ၏။
ပြန်စဉ်းစားမိသည်။ တြိသပွေါဂိုဏ်းသည် လူသတ်၊ ပစ္စည်းလု
ကြေးစားဂိုဏ်းကြီးတစ်ခုဖြစ်သည်။ မိမိတို့ ဒုစရိုက်လုပ်ငန်း
များကို ကျူးလွန်၍ ရရှိခဲ့သည့် ပစ္စည်းများအတွက် ဂိုဏ်းသား
များကို ဝေငှပေးရာတွင် မာယာဒေဝီသည် သူမအတွက် မ
ယူခဲ့ပေ။ မာယာဒေဝီသည် ဂါဒိစ္စ၏ အားကိုးရသော လက်
ယောက်ခေါင်းဆောင်တစ်ဦးဖြစ်သည်။

"အင်း . . မာယာဒေဝီဟာ လျှို့ဝှက်တယ်၊ ဉာဏ်နီ
ဉာဏ်နက်များတယ်၊ ရက်စက်တယ်၊ ဒါပေမယ့် ပစ္စည်းမမက်
ဘူး၊ လောဘမရှိဘူး၊ တော်တော်အသိရခက်တဲ့ မိန်းကလေး
ပါလား၊ သူပြောတာတွေဟာ မှန်များမှန်နေသလား"

"ဆရာကြီး . . ကျွန်မအတွက် သိပ်ပြီးစဉ်းစားမနေပါ
နဲ့၊ တွေဝေမနေပါနဲ့၊ တကယ်သက်သေမကင်းဖြစ်ခဲ့ရင် ကြိုက်သ
လို အရေးယူနိုင်ပါတယ်"

ထိုစဉ် သုနရောသည် မာယာဒေဝီ၏ အနားရောက်
လာပြီး လက်ညှိုးငေါက်ငေါက်ထိုးက . . .။

"ဒီမှာ . . ဒေဝီ၊ နင်ဟာ ငါ့အဖေကို မဆိုမသွင်းနဲ့၊
အဖေကတော့ နင့်စကားကို ယုံချင်ယုံမယ်၊ ငါကတော့ ဘယ်



www.burmeseclassic.com

တော့မှမယုံဘူး"

"သုနရော. . နင်က ငါ့ကို မယုံဘူးဆိုတာ ဘာအ ကြောင်းကြောင့်လဲ၊ ခိုင်မာတဲ့ အကြောင်းပြချက်တစ်ခုခုတော့ ပြမှပေါ့"

သုနရောသည် အကျည်းတန်စွာ ပြုံးလိုက်ပြီး. . .

"အဖေဟာ ကံရာဇာကို ဖမ်းဆီးဖို့ မြွေလိမ်မှာကြီးတင် ကောင်ကို လွှတ်လိုက်တယ်၊ ပြန်ရောက်မလာဘူး၊ နင်လည်း ဒီကောင့်ဆီရောက်သွားပြီးမှ အကျိုးမထူးခဲ့ဘူး၊ အဲဒီကောင်ကို နင်ကဖမ်းပြီး ခေါ်လာခဲ့ရင် ငါတို့ နှိပ်စက်ညည်းပန်းမှာကို စိုးရိမ်တယ်မဟုတ်လား၊ နင်ဟာ ရန်သူကို သက်သက်မဲ့လွှတ်ပေးလိုက်တယ် ဒေဝီ၊ နင်. . သူ့အပေါ် တိမ်းညွတ်နေလို့ ငါတို့ကို ဆန့်ကျင်နေတာအမှန်ပဲ၊ ခုလည်း ငါတို့အဖွဲ့သားတွေ ဒီကောင့်လက်ချက်ကြောင့် တော်တော်များများ သေကုန်ကြပြီ၊ ပြီးတော့ နင်လည်း ငါတို့လူတွေ အပြစ်ရှိလာခဲ့ရင် သေဒဏ်စီရင်ပစ်တယ်၊ ဒါဟာ ငါတို့ဂိုဏ်းသားတွေ လျော့သွားအောင် အင်အားနည်းသွားအောင် တမင်လုပ်နေတာမဟုတ်လား"

မာယာဒေဝီသည် သုနရောကို ပြုံးထေ့ထေ့နဲ့ကြည့်လိုက်သည်။ ထိုအကြည့်သည် မြွေဟောက်မတစ်ကောင်၏





အကြည့်မျိုးပဲဖြစ်သည်။

"ရှင့်ရဲ့ စွပ်စွဲချက်တွေက များလှချည်လား သုနရော၊ ဒါပဲလား၊ နောက်ထပ် ဘာကျန်သေးလဲ"

"အေး. . . ကျန်သေးတယ်၊ ငါမေးချင်တာကတော့ နင့်ကောင်ဘယ်မှာလဲ၊ ဒါကိုပဲ သိချင်တယ်"

"ငါမသိဘူးလေ၊ နင်တို့အစွမ်းအစနဲ့ နင်တို့ရှာကြပေါ့၊ ဟင်း. . ဟင်း. . ဟင်း"

မာယာဒေဝီသည် သုနရော၏ မျက်ဝန်းထဲမှာ ဂါဒိစွ၏ အရိပ်သဏ္ဍာန်တစ်ခုကို တွေ့လိုက်ရ၏။ နောက်ကို ချက်ချင်းလှည့်ကြည့်လိုက်သည်။ နောက်ကျသွားခဲ့လေပြီ။ ဂါဒိစွ၏လက်ညိုးက သူမ၏ ကျောပြင်တစ်နေရာကို ထောက်လိုက်သည်နှင့်။ မာယာဒေဝီသည် ပျော့ခွေပြီး လဲကျသွားလေသည်။

"သား. . အဖေလည်း သူ့ကိုမယုံဘူး၊ သူပြောတာတွေဟာ လုံးဝယုတ္တိမရှိဘူး၊ အချုပ်ခန်းထဲထည့်ထားလိုက်"

သုနရောသည် သူ၏မေးစေ့ကို လက်ညိုးလက်မဖြင့်ပွတ်ကာ သတိလစ်နေသော မာယာဒေဝီကို ပြုံး၍ကြည့်နေလေသည်။

× × × × ×

www.burmeseclassic.com



ကျောက်ဂူကြီးတစ်ခုအတွင်းဝယ် ကံရာဇာသည် ထ
မြင်ခွေ အနေအထားဖြင့် ငြိမ်သက်စွာ ထိုင်လျက်ရှိသည်။
မျက်လုံးအစုံကို မှိတ်ထားပြီး အသက်ကို မှန်မှန်ရှူနေသည်။

လက်ခုံနှစ်ခုကို တင်ပြင်ခွေကြားထဲမှာ ပက်လက်လှန်ပြီး ထပ်ထားသည်။ သူ၏ ခန္ဓာကိုယ်သည် ငြိမ်သက်လွန်းနေ၍ ကျောက်ဆစ်ရုပ်ထုပမာ ဖြစ်နေသည်။ သမထအလုပ်ကို လုပ်လျက်ရှိသော အဝင်ဇောဆိုက်နေလေသည်။ မျက်ခွံတွေကို ပိတ်ထားသော်လည်း ကြာလာသောအခါ မိမိအနားမှာ ရောက်ရှိနေသော ထူးခြားမှုတစ်ခုက အာရုံကို ဖျတ်ကနဲဝင်လာခဲ့သည်။

သူ၏မျက်လုံးတွေကိုဖွင့်လိုက်သည်။ ကံရာဇာ၏ ရှေ့တည့်တည့်မှာ ထိုင်နေကြသော ပုဂ္ဂိုလ်နှစ်ဦးကို တွေ့လိုက်ရသည်။

ဆရာကြီးစက္ကဝိန္ဒ။

နောက်တစ်ယောက်က ဆံပင်တွေကို တစ်ခေါင်းလုံး ကျစ်ဆံမြီးပမာကျစ်ထားပြီး အညိုရောင်လား၊ အဝါရောင်လေလား၊ မူလအရောင်အသွေး မပီပြင်တော့သည့် ညစ်ထပ်ထပ် ကိုယ်ဝတ်လွှာကြီးကို ဝတ်ထားသောသူ၊ ထိုပုဂ္ဂိုလ်၏အသက်သည် မည်၍မည်မျှရှိပြီကို ခန့်မှန်းရမလွယ်ကူပါ။





မုတ်ဆိတ်နီကြီးသည် ချက်အထိရောက်နေပြီ။ ပါးသိုင်းမွေးနီကြီးများကလည်း ပါးစပ်ပေါက်နေရာကိုပင် ဖုံးလွှမ်းနေသည်။ ထိုပုဂ္ဂိုလ်၏ အရပ်ကြီးကလည်း မြင့်မားလှသည်။ ခန္ဓာကိုယ်ကြီးကလည်း တုတ်ခိုင်လှသည်။

"ဆရာကြီးစက္ကဝိန္ဒ"

ကံရာဇာက တိုးတိုးလေးခေါ်လိုက်သည်။

"ကံရာဇာ . . ဒီဂုရုကြီးဟာ ဟိမဝန္တာအရပ်က လိုက်လာခဲ့တာ၊ ကံရာဇာနဲ့ တွေ့ချင်လို့တဲ့"

ကံရာဇာက ထိုပုဂ္ဂိုလ်ကြီးကိုကြည့်ပြီး ခေါင်းညိတ်လိုက်သည်။ နေရာပြင်ထိုင်ကာ ရှိသေစွာလက်အုပ်ချီပြီးတော့လည်း ကန်တော့လိုက်လေသည်။

ထိုပုဂ္ဂိုလ်ကြီးသည် စူးလက်သော မျက်လုံးအစုံဖြင့် ကံရာဇာကို သိမ်မွေ့စွာဖြင့် ကြည့်လိုက်ပြီး . . .။

"ငါ့သား! ဖခင်ဟာ လူလေးဆီကို ဘာကြောင့်ရောက်လာရသလဲဆိုတာ ရိပ်မိရဲ့လား"

"ကျွန်တော်သိပါတယ် . . ဖခင်"

"ရာဇာဓိရာဇာကပ္ပ ဆေးကျမ်းကြီးကို သူ့နေရာကို ရောက်အောင် လူလေးပြန်ပို့ဖို့ အချိန်တန်ပြီလေ၊ လောဘ ဒေါသ၊ မောဟတရားတွေ ဖုံးလွှမ်းနေတဲ့ နယ်မြေမှာ ကြာ



www.burmeseclassic.com

www.burmeseclassic.com



ကြာထားလို့ မကောင်းဘူး၊ တစ်နေ့နေ့မှာ မသမာသူတွေရဲ့ လက်ထဲကို ရောက်သွားခဲ့ရင် ခက်ကုန်လိမ့်မယ်၊ ဒီဆေးကျမ်းကို အကြောင်းပြုပြီး မတရားမှုတွေ ဖြစ်ပေါ်လာကြလိမ့်မယ်၊ လက်ပြောင်းလက်လွှဲလုပ်ကြပြီး ရောင်းချကြလိမ့်မယ်. . ငါ့သား"

"ခုလည်း ဒီဆေးကျမ်းကြီးကို လိုချင်နေကြတဲ့ သူတွေဟာ ငါ့သားရဲ့ နောက်ကို ထပ်ချပ်မကွာ လိုက်နေကြတယ်မဟုတ်လား"

"မှန်ပါတယ်. . ဖခင်၊ သားဟာ ဒီဆေးကျမ်းကြီးကို ဟောဒီက ဆရာကြီးစက္ကပိန္ဒရဲ့ အကူအညီနဲ့ လုံခြုံတဲ့နေရာမှာ သိမ်းဆည်းထားပါတယ်၊ ဆရာသခင်တွေရှိတဲ့ ဟိမဝန္တာအရပ်ကို ကိုယ်တိုင်သွားပေးဖို့လည်း စီစဉ်ပြီးသားပါ"

"ဟိမဝန္တာအရပ်ကလွဲပြီး ဘယ်နေရာမှ မလုံခြုံဘူး ငါ့သား၊ ဟိုမှာက ဒီဆေးကျမ်းကြီးကို နှစ်ပေါင်းထောင်ချီပြီး စောင့်ရှောက်လာခဲ့ကြတာ၊ သုဂါမဆိုတဲ့လူက ဘိတ်တဆိတ်ခိုးယူသွားခဲ့တယ်၊ ဖခင်တို့က သူရိယနန္ဒကို စေလွှတ်ပြီး ယူခိုင်းခဲ့တယ်လေ"

စကားက ထိုနေရာသို့အရောက်တွင် ကံရာဇာကို စေ့စေ့ကြည့်ပြီး ပြောသည်ဖြစ်ရာ ကံရာဇာသည် မျက်နှာကို သိ



သာစွာ လွှဲဖယ်လိုက်မိသည်။

"သူရိယနန္ဒဟာ သုဂါမကို သုတ်သင်ပြီးမှ ဒီဆေးကျမ်းကို ရသွားခဲ့တယ်၊ ဒါပေမယ့် သူဟာ မသူတော်တွေ ဝိုင်းရံနေလို့ လမ်းခရီးမှာ စိတ်မချရတာနဲ့ ဆေးကျမ်းကို ဆက်လက်ပြီး သိမ်းဆည်းထားခဲ့တယ်၊ ဟုတ်တယ်မဟုတ်လား. . သား"

ကံရာဇာက စကားမတုန့်ပြန်။ ငြိမ်သက်စွာဖြင့် နာခံနေသည်။

"ဒါပေမယ့် ဆေးကျမ်းထဲက လျှို့ဝှက်တဲ့ ဆေးနည်းတွေကို အသုံးပြုခဲ့ရင်း ဒီနေ့အထိ. . "

"ဖခင်. . တော်ပါတော့၊ သားမှာ အပြစ်ရှိပါတယ်၊ ဖခင်ကြိုက်သလို စီရင်ပါ၊ အပြစ်ဒဏ်ပေးပါ၊ သားခံယူပါ့မယ်"

ကံရာဇာသည် တုန်ရီသော လေသံဖြင့် ပြောလိုက်ပါသည်။ ဂုရုကြီးက ကံရာဇာ၏ခေါင်းပေါ်ကို လက်ချောင်းငါးချောင်းဖြင့် ထိထားလိုက်ပြီး. . ။

"ငါ့သားကို ဟိမဝန္တာက ဆရာသခင်တွေက လောကီလောကုတ္တရာ ပညာရပ်တွေကို စုံအောင်သင်ကြားပေးခဲ့ကြတယ်၊ ဒါနဲ့များ ဘာဖြစ်လို့ အသက်နဲ့ပတ်သက်ပြီး လောဘကြီးခဲ့ရတာလဲ. . ငါ့သားရယ်"

"ဖခင်. . ကျွန်တော့်တိုင်းပြည်ကို မကာရောက်ကျော်

www.burmeseclassic.com

www.burmeseclassic.com



နယ်ချဲ့လာကြတဲ့ ကုလားဖြူတွေကို တွန်းလှန်ဖို့အတွက် အသက်ရှည်ရှည်နေချင်ပါတယ်၊ သင်းတို့ထွက်သွားတော့မှ သားသေချင်လည်း သေပါစေတော့"

ကံရာဇာသည် တုန်ယင်လှိုက်မောသော လေသံဖြင့် ပြောလိုက်သည်။ သူတော်စင်ဂုရုကြီးက ခေါင်းတညိတ်ညိတ်နဲ့ ရှိနေပြီးမှ. . .။

"အမျိုး၊ ဘာသာ၊ သာသနာအတွက်ကတော့ ကောင်းပါတယ်၊ ဒါပေမယ့် သဘာဝကို မဆန့်ကျင်နဲ့ ငါ့သား၊ လူ့ဘဝရဲ့ ဖြစ်စဉ်ကြီးကို ရေစီးအတိုင်းသွားပါစေ၊ ရေဆန်ကို ရုန်းကန်ပြီး မတက်ချင်ပါနဲ့၊ ပင်ပန်းပါတယ်"

"သားသဘောပေါက်ပါပြီဖခင်၊ ဒီကနေ့ကစပြီး နေ့ကျမ်းကြီးကို သားကိုယ်တိုင် သွားအပ်ပါတော့မယ်၊ ကတိပါတယ်၊ ဖခင်. . စိတ်ချလက်ချသာပြန်ပါ"

ဂုရုကြီးလည်း ကံရာဇာ၏ ခေါင်းထက်မှ လက်ကို ပယ်ရှားလိုက်ပြီး. . .။

"ကောင်းလေစွ. . ကောင်းလေစွ၊ ငါ့သားဟာ ကတိတည်တဲ့ ယောကျ်ားကောင်းတစ်ယောက်ပါ၊ ပေးအပ်တဲ့ တာဝန်ကိုလည်း ကျေပွန်စွာ ထမ်းဆောင်နိုင်တဲ့ သစ္စာသမာဓိကို ဦးထိပ်ထားတတ်သော ဟိမဝန္တာစေတမန်တစ်ဦးဖြစ်ပါစေ"



ဂုရုကြီးသည် နေရာမှ ထလိုက်သည်။ စက္ကဝိန္ဒလည်း နေရာမှ ထလိုက်လေရာ ဆရာသခင်ဂုရုကြီးက လက်ကာပြီး တားဆီးလိုက်သည်။

"နေခဲ့တော့. . စက္ကဝိန္ဒ၊ လိုက်မပို့နဲ့တော့၊ ကျုပ်သား ကံရာဇာကိုသာ ဘေးမသီရန်မခပဲ စောင့်ရှောက်ကျန်ရစ်ပေးပါ၊ ခင်ဗျားလည်းပဲ အာယုကပ်ပတ်လုံး အသက်ရှည်နိုင်မယ့် နည်းလမ်းတွေကို ကျင့်စဉ်တွေနဲ့ လက်တွေ့ကျင့်ကြံပြီး အချိန်မဖြုန်းနဲ့၊ လောကရဲ့ အကျိုးကို တစ်တောင့်တစ်နေရာကနေ ဆောင်ရွက်နိုင်ဖို့ ကြိုးစားပါ၊ ခင်ဗျားနှင့်ကျွန်တော်ဟာ နောက်ဆပ် ဆုံတွေ့နိုင်မယ့် အခွင့်အလမ်းတွေ ရှိပါသေးတယ်"

ဂုရုကြီးသည် နှစ်ဦးစလုံးကို စူးလက်သော မျက်လုံးများဖြင့် တစ်ချက်စိုက်ကြည့်ပြီး ကျောက်ဂူကြီးထဲမှ ထွက်သွားခဲ့လေ၏။ စက္ကဝိန္ဒသည် ဂုရုကြီးကို စကားပြန်မပြောနိုင်ပဲနဲ့ တွေဝေစွာ ကျန်ရစ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com





## အခန်း−(၂၈)

မာယာဒေဝီသည် အခန်းတစ်ခု၏ အိပ်ယာထက်မှာ ငြိမ်သက်စွာဖြင့် လဲလျောင်းလျက်ရှိသည်။ တကယ်တော့ သူသည် ဂါဒီစ္စ၏လက်ချက်ကြောင့် မေ့နေခြင်းပင်ဖြစ်သည်။ ဂါဒီစ္စသည် မေ့ဆေးကို ကိုင်တွယ်ရာ၌ ကျွမ်းကျင်သူတစ်ဦးဖြစ်သည်။

အလုံပိတ်ထားသော အခန်းကြီးတစ်ခုဖြစ်၍ သူမ၏ အစွမ်းအစဖြင့် လွတ်မြောက်ရန် မလွယ်ကူပါ။ သူမသည် သတိမေ့လျော့နေပေမယ့် မှတ်ဉာဏ်ထဲမှာတော့ လွန်လေခဲ့ပြီးသော အဖြစ်ပေါ်င်းတစ်ခုက ကြီးစိုးကာ ဝင်ရောက်လာခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော သုံးနှစ်လောက်က အဖြစ်အပျက်များသည် အိပ်မက်ပမာ အမှတ်ထင်ထင် ဝင်ရောက်လာခဲ့သည်။

ထိုစဉ်က မာယာဒေဝီသည် အသက်(၁၇)နှစ်မျှသာ ရှိသေးသည်။ ထိုနေ့က မာယာဒေဝီသည် မိဘများခိုင်းစေ၍ ဆွေမျိုးများရှိရာ ရွာတစ်ရွာကို ထွက်သွားခဲ့သည်။ အိမ်မှာ မိဘနှစ်ပါးသာ ကျန်ရစ်ခဲ့သည်။ မာယာဒေဝီ အိမ်မှထွက်သွားပြီး သိပ်မကြာလိုက်ပါ။

မျက်နှာကို ခေါင်းစွပ်အနက်များ စွပ်ထားကြသော တြိသပွေါဂိုဏ်းသားများသည် ရောက်လာကြသည်။ ထိပ်ဆုံးက ခေါင်းဆောင်သည် လက်ထဲမှာ ဓားရှည်ကြီးတစ်လက်ကို ကိုင်ထားသည်။ ဓားပြားပေါ်မှာ မြွေသုံးကောင်လိမ်ယှက်နေသည့် အမှတ်အသားပါသည်။

မာယာဒေဝီ၏ မိဘများဖြစ်ကြသော သုပန္နနှင့်ပြာရီတို့သည် နှစ်ခြိုက်စွာဖြင့် အိပ်မောကျနေကြသည်။ အိမ်ထဲသို့ ဝင်လာကြသည့် ခြေသံများကို သုပန္နက အိပ်ပျော်နေစဉ်မှာပင် ကြားနေရသည်။ ထို့ကြောင့် နိုးသွားသည်နှင့် ဘေးမှာအိပ်နေသော ဇနီးဖြစ်သူကို လက်ကုပ်ပြီးတော့ နှိုးလိုက်သည်။

ပြာရီသည် ရုတ်တရက် လန့်နိုးသွားခဲ့ပြီး ထိတ်ထိတ်ပြာပြာလည်း ဖြစ်သွားခဲ့လေရာ သုပန္နက လေသံဖြင့် . . .



"ရှူး! အသံမထွက်နဲ့၊ အိမ်ထဲကို လူတစ်စုဝင်လာခဲ့တယ်၊ ငြိမ်ငြိမ်နေ"

ထိုသို့ပြောနေစဉ်မှာပင် တြိသပွေါဂိုဏ်းသားများက အခန်းထဲကို ရုတ်တရက် ဝင်လာခဲ့ကြသည်။

သုပန္နသည် ကြိုတင်ပြင်ဆင်ထားသည့်အတိုင်း အိပ်ယာအောက်မှ ဓားကို ရုတ်တရက် ဆွဲထုတ်လိုက်ကာ ရှေ့ဆုံးမှ ဝင်လာသည့် ခေါင်းစွပ်နှင့်လူကို ဓားဦးအောက်ကိုစိုက်ချပြီး တ်ဆွဲလိုက်သည်။

အား!

ထိုသူသည် အသံနက်ကြီးဖြင့် အော်လိုက်ပြီး လည်ပင်းကို လက်နှစ်ဖက်ဖြင့်အုပ်ကာ အခန်းအပြင်သို့ သွေးရူးသွေးတန်းဖြင့် ပြေးထွက်သွားခဲ့သည်။

"ဒီကောင်ခုခံတယ်၊ အရှင်မထားနဲ့၊ အသေသတ်"

ခေါင်းဆောင်လုပ်သူက အမိန့်ပေးလိုက်၏။ သုပန္နသည် အခန်းအပြင်ကို ခုန်ထွက်သွားခဲ့လေသည်။ သပွေါသုံးယောက်သည် သုပန္နကို ဝိုင်းပြီးတိုက်ခိုက်ကြသည်။ သုပန္နက မြွေအလမ္ဗာယ်ဆရာဆိုပေမယ့် ဓားရေးလည်းမညံ့လှ။ မှောင်ရိပ်ထဲမှာ သပွေါသုံးယောက်က အလူးအလဲ တိုက်ခိုက်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com

သုပန္န၏ ပြင်းထန်သော ဓားချက်များကြောင့် နောက်ဆုတ်၊ နောက်ဆုတ်နဲ့ ခုခံတိုက်ခိုက်ကြရင်း အိမ်အပြင်ဘက်ကို ရောက်သွားခဲ့ကြသည်။ ခေါင်းဆောင်ဖြစ်သူသည် အခန်းထဲကို ဝင်သွားခဲ့ရာ ပြာရီကို ထိတ်လန့်တုန်လှုပ်သော မျက်နှာဖြင့် တွေ့လိုက်ရသည်။

"ဟား. . ဟား. . ဟား၊ သုပန္နရဲ့ မဟေသီလေးက ဒီလောက်တောင် ကြောက်ရသလား"

ခေါင်းဆောင်ဖြစ်သူသည် ပြာရီ၏ ပခုံးနှစ်ဘက်အား လက်ဖြင့်ဆုပ်ကိုင်လိုက်သည်။

"ရှင်. . ရှင်. . ကျွန်မကို. . ကျွန်မကို. . ."

ပြာရီသည် ထိတ်လန့်တုန်လှုပ်နေ၍ အသံပင်မထွက်ရှာ။ ခေါင်းစွပ်ထဲမှ မျက်လုံးတစ်စုံသည် ရာဂခိုးတွေဝေလျက်ရှိသည်။ ဆက်ဆံကိုင်တွယ်မှုတွေက ဘီလူးစီး၊ သရဲစီးသည့်ပမာ၊ ပြာရီသည် ဘီလူးတစ်ကောင်၏လက်မှ အင်အားရှိသမျှ ရုန်းကန်နေရသည်။ သို့သော် ယောကျ်ားသားတစ်ယောက်၏ ခွန်အားကို မတွန်းလှန်နိုင်ရှာ။ နောက်ဆုံးမှာတော့ မှောင်အတိဖုံးလွှမ်းခဲ့ရလေသည်။

သုပန္နသည် သပွေါသုံးယောက်ကို အနိုင်တိုက်ခိုက်ရာ နှစ်ယောက်ကတော့ သူ့ဓားချက်မိသွားပြီး. . .၊



အား!

အား!

ကျန်တစ်ယောက်နဲ့ ယှဉ်ပြိုင်တိုက်ခိုက်နေစဉ် သူ၏ ကျောဘက်မှာ တစ်ယောက်ရောက်လာသည်။ သုပန္နသည်ခဲ့ သုပန္နမျက်လုံးပြူးသွားခဲ့ရသည်။ ဓားချက်က သူ့ကျောပြင်ဆီကို ဝင်လာခဲ့သောကြောင့်ပင်။

သုပန္န၏ဓားသည် ရှေ့မှာကျန်နေသည့် သပွေါ သားကို တစ်ချက်ဝင်လိုက်သည်။

ဝှစ်!

အား!

နောက်တစ်ချက်က နောက်ကျောဆီမှာ ရောက်နေသည့်လူဆီလှည့်ပြီး လျှပ်စီးလက်သလို ထိုးထည့်လိုက်သည်။

ထန်!

မျက်နှာခေါင်းစွပ်နဲ့ ခေါင်းဆောင်က သူ့ဓားပြင်ဖြင့် ပြီးခံလိုက်သည်။ သို့သော် သုပန္န၏ ကျွံဝင်သွားသော ဓားသည် မျက်နှာဖုံးကို ထိုးဖောက်မိသလို ဖြစ်သွားခဲ့ရလေသည်။ ထိုကြောင့် ခေါင်းစွပ်က မျက်နှာပေါ်မှ ကျွတ်ထွက်သွားသည်နှင့်။

"ဟင်. . ဂါဒိစ္စ၊ မင်း. . မင်း. . ရက်စက်လိုက်တာ

www.burmeseclassic.com

www.burmeseclassic.com

ကွာ"

သုပန္နသည် ဂါဒိစ္စကို မယုံကြည်နိုင်သော အကြည့်ဖြင့်ကြည့်ပြီး ဒူးထောက်ကာ လဲကျသွားခဲ့ရသည်။

"ဟော့ကောင်. . မင်းဘာကြောင်ပြီးကြည့်နေတာလဲ အိမ်ထဲက ပစ္စည်းတွေကို သွားသယ်ယူလေကွာ"

"ဟုတ်. . ဟုတ်ကဲ့ ဆရာကြီး"

တစ်ဦးတည်းသာ ကျန်ရှိနေတော့သည်။ ဂိုဏ်းသားတစ်ဦးသည် အိမ်ပေါ်ကို လျှင်မြန်စွာဖြင့် ပြေးတက်သွား၏။ တွေ့သမျှကို လှန်လှောရှာဖွေသည်။

သုပန္နစုဆောင်းထားသည့် ငွေဒင်္ဂါးများ၊ လက်ဝတ်ရတနာများ၊ ငွေများကို ရသမျှစုစည်းထုတ်ပိုးကာ အိမ်ပေါ်မှ ဆင်းချလာသည်။ ဂါဒိစ္စသည် ခေါင်းစွပ်ကို ပြန်ပြီးစွပ်ထားသည်။

"ဆရာကြီး. . ဒီမှာ"

"အေး. . ကောင်းတယ်၊ မင်းပဲ သေသေချာချာဂရုစိုက်ပြီး ယူလာခဲ့၊ ဟောဒီ ညှံ့ဖျင်းတဲ့ ကောင်နှစ်ကောင်ကိုပါ သယ်သွားရမယ်၊ လက်စလက်န မကျန်စေနဲ့"

သုပန္န၏ လက်ချက်ကြောင့် သေဆုံးသွားခဲ့ကြသော ဂိုဏ်းသားနှစ်ဦးကို ဖြစ်သလိုသယ်ထုတ်သွားခဲ့ကြသည်။ စောစောက ငရဲပွက်သလို ပွက်နေခဲ့သော အိမ်ကလေးမှာ တိတ်ဆိတ်ပြီး ကျန်ရစ်ခဲ့သည်။





သုပန္နသည် ပြင်းထန်သော ဒဏ်ရာကိုရရှိထားသည်။ သူသည် သတိမလစ်စေရန် ထိန်းချုပ်ထားရသည်။ ဂါဒိစ္စမှာ သူ့မိတ်ဆွေဖြစ်သည်။ မြွေနှင့်ပတ်သက်သည့် အတတ်ပညာများကို ဂါဒိစ္စက သုပန္နထံမှ ဆည်းပူးခဲ့သည်။

သူ့တပည့်မိတ်ဆွေသည် သပွေါ့ဂိုဏ်းခေါင်းဆောင်မှန်း မသိခဲ့။ ယခုတော့ သူ့ကို သစ္စာဖောက်ခဲ့လေပြီ။

"ပြာရီ. . ပြာရီ"

သုပန္နသည် ပြာရီကို သတိရသွားခဲ့သည်။ ပြာရီသည် သုပန္နထက် ဆယ်နှစ်ငယ်သော ဇနီးချောလေးတစ်ဦးပင်ဖြစ်သည်။ သူ့ပြာရီအတွက် စိုးရိမ်သွားခဲ့ရသည်။

သုပန္နသည် အားတင်းပြီး အိမ်ပေါ်ကို တက်သွားခဲ့သည်။ မတ်မတ်ရပ်ကာ မသွားနိုင်တော့။ ကိုယ်ကို [illegible] တိုက်ပြီးတော့ သွားရသည်။ ကျောပြင်မှ ထွက်ကျလာတတ်[illegible]သည့် သွေးစီးကြောင်းတွေက ကြမ်းပြင်ပေါ်မှာ စွပ်[illegible] တစ်ခုပမာ လိုက်ပါလာသည်။

သုပန္နသည် အခန်းဝဆီရောက်သောအခါ [illegible] သည် ကုတင်ထက်မှာ ပိုးစိုးပက်စက် အနေအ[illegible]



www.burmeseclassic.com

www.burmeseclassic.com

သက်လျက် သူမ၏ မျက်လုံးတွေက ပြူးထွက်နေကြသည်။

"ပြာရီ . . ပြာရီ"

သူ့နှုတ်မှ အော်လိုက်သော်လည်း အသံကတော့ပြင်း ထွက်မလာတော့။ သူ့မျက်လုံးတွေလည်း ပြာဝေလာခဲ့ရသည်။ သူ့လက်မှာ သွေးတွေ ပေကျံလျက်ရှိသည်။ နောက်ဆုံးကျန် ရှိနေသေးသည့် အချိန်မှာ သူကြိုးပမ်းအားထုတ်ရတော့မည်။ သွေးစက်များဖြင့် ကြမ်းပြင်ထက်မှာ စာရေးလိုက်သည်။

ဂါဒိစ္စ!

ထိုနောက် သုပန္နသည် အရှပ်ကြိုးပြတ်ကာ မှောက် လျက်အနေအထားဖြင့် ငြိမ်သက်သွားခဲ့လေသည်။

× × × × ×

မာယာဒေဝီသည် မိဘနှစ်ပါးနှင့်မတ်သက်ပြီး သတင်း ကြားကြားချင်း ရွာကိုပြန်ပြေးလာခဲ့သည်။ မိမိနေအိမ်သို့ပြန် ရောက်သောအခါ ပြင်ဆင်ထားသော မိဘနှစ်ပါး၏ ရုပ်ကလပ် များကိုသာ မြင်တွေ့လိုက်ရလေတော့သည်။

"အဖေနှင့်အမေတို့ရယ် . . သမီးကို လောကကြီးရဲ့ အလယ်မှာ တစ်ကောင်ကြွက်ဘဝနဲ့ ကစ်ယောက်တည်းပစ်





ထားခဲ့ပြီလား"

မာယာဒေဝီမှာ ဖြေမဆည်နိုင်အောင် ဖြစ်ခဲ့ရသည်။ မိဘနှစ်ပါးတို့၏ ဈာပနကိစ္စ ပြေကျပြီးသောအခါ အခန်းထဲ မှာ ပစ္စည်းပစ္စယများကို ရှင်းလင်းနေစဉ် ခြောက်သွေ့လျက် ရှိသော သွေးများဖြင့်ရေးသားထားသော စာတစ်ကြောင်းကို တွေ့လိုက်ရသည်။

ဂါဒိစ္စ!

"ဟင် . . ဂါဒိစ္စဆိုပါလား၊ ဒီလူကြီးဟာ အဖေနှင့်ရင်း နှီးနေတဲ့လူကြီးပဲ၊ ဒီလူကြီးဟာ ငါ့အဖေနှင့်အမေကို သတ် သွားကြတဲ့ လူကြီးပဲဖြစ်မှာပဲ၊ အဖေဟာ အကြောင်းမရှိပဲနဲ့ ဒီနာမည်ကို ရေးခဲ့မှာမဟုတ်ဘူး"

ဂါဒိစ္စကို မာယာဒေဝီက မကြာခဏ မြင်ဖူးထားခဲ့ပါ သည်။ ဂါဒိစ္စကတော့ မာယာဒေဝီကို မသိချေ။ မာယဒေဝီ သည် မိဘနှစ်ပါးအတွက် သည်အတိုင်းနေမည့်သူမဟုတ်။

သူမက စိတ်ထက်သည်။ သတ္တိကောင်းသည်။ ကျား သစ်မတစ်ကောင်လို ရဲရင့်သူဖြစ်သည်။

"ဂါဒိစ္စဟာ ငါ့အဖေကိုသတ်တယ်၊ ငါ့အမေကိုလည်း မတရားပြုပြီး သတ်ပစ်ခဲ့တယ်၊ သင်းကို ငါမကျေဘူး၊ သေသော်မှ မကျေဘူး၊ ငါ့မိဘတွေ သေကုန်ကြသလို သင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



သေစေရမယ်”

မာယာဒေဝီသည် သူမမှာရှိသည့် အကြံအစည်ကို မည်သူ့ကိုမှ ဖွင့်မပြော။ မတိုင်ပင်။ တစ်ဦးတည်းသာ အကြံ အစဉ်တွေချမှတ်နေသည်။ မာယာဒေဝီ အကြံအစည်ကို သူမှ မသိကြပေ။

လအနည်းငယ်ကြာသောအခါ မာယာဒေဝီသည် သူ မနေထိုင်ရာ ရွာငယ်ကလေးမှ လုံးဝပျောက်ကွယ်သွားခဲ့သေ သည်။

* * *



## အခန်း – (၂၁)

မာယာဒေဝီသည် ဖျတ်ကနဲဆို လန့်နိုးသွားခဲ့သည်။ မေ့မျောနေရာမှ သတိရလာခြင်းဆိုသည်က ပိုပြီးမှန်သည်။ နားထဲမှာ ခြေသံတရှပ်ရှပ်ကို ကြားနေရသည်။ ခြေသံသည် တဖြည်းဖြည်းနဲ့ နီးလာခဲ့သည်။ မိမိရှိနေသော အခန်းဆီကို ဦးတည်ပြီး လာနေခြင်းပဲဖြစ်သည်။

သံကြိုးနဲ့ ခတ်ထားသော တံခါးဖွင့်သံကို ကြားလိုက်ရသည်။ လူတစ်ယောက်ဝင်လာသည်။ အခန်းက မှောင်ရီရီ။ ထိုသူသည် မာယာဒေဝီအနားကို တိုးကပ်လာခဲ့သည်။ ကုတင်ပေါ်မှာ ထိုင်ချလိုက်ပြီး. . .။

“ဒေဝီ. . ဒေဝီ၊ နင်အခု ဘာတတ်နိုင်သေးလဲ၊ မာန



www.burmeseclassic.com

www.burmeseclassic.com



စကားပြောပါဦးလား၊ စွာပါဦးလား၊ နင်ဘာမှမတတ်နိုင်တော့ဘူးမဟုတ်လား၊ နင်ဟာ ငါ့လက်ခုပ်ထဲကိုရောက်နေပြီ၊ ငါ့ြ သမျှ နုရတော့မယ်”

သုနရော၏လက်သည် ငြိမ်သက်နေသော မာယာဒေဝီ၏ ကိုယ်ပေါ်ကို လှမ်းလိုက်သည်နှင့်။

ဝုန်း!

အား!

ရုတ်တရက် သုနရော၏ ခန္ဓာကိုယ်သည် လေထဲတို့ မြောက်တက်သွားခဲ့သည်။

ဘုန်း!

အား!

ကြမ်းခင်းပေါ်ကို ပစ်ကျသွားခဲ့သည်။ တဆက်တည်းမှာပဲ မာယာဒေဝီသည် ကုတင်ထက်မှ ခုန်ဆင်းလာပြီး သုနရော၏ အရှိုက်ကို ခြေဦးဖြင့် ပစ်ကန်ထည့်လိုက်သည်။

ဒုတ်!

အား!

သုနရောအလူးအလဲ ခံစားသွားခဲ့ရသည်။ မာယာဒေဝီဆီမှ ဒီလိုတိုက်ကွက်မျိုး ရောက်လာလိမ့်မည်ဟု စိတ်ပင်မကူးခဲ့။ ခုတော့ ယုတ်မာသော သူ့အကြံအစည်တွေ ပျက်ပြား



သွားခဲ့ရသည်အထိ ခံစားသွားခဲ့ရသည်။

မာယာဒေဝီသည် သုနရော၏ခါးမှ ဓားရှည်ကြီးကို ဆွဲယူလိုက်သည်။

“နင်ဘယ်တော့မှ ငါ့ကိုမရဘူးမှတ်၊ နင့်လို ယုတ်ညံ့တဲ့ကောင်ကို ငါအရှင်မထားဘူး”

မာယာဒေဝီသည် ဓားကို မြှောက်လိုက်ရာ. . .။

“ဒေဝီ. . မ. . မလုပ်ပါနဲ့”

သုနရောက လဲကျနေလျက်ကပင် လက်ကာမြှပြီး အကြောက်အကန် တားဆီးလိုက်သည်။

တောက်!

သူမသည် ဓားကို ပြန်ရုတ်လိုက်ကာ တောက်တချက်ခေါက်ပြီး လှည့်ထွက်သွားသည်။

ထိုအခါ သုနရောသည် ကိုယ်ထဲမှာ ဝှက်၍ယူလာခဲ့သည့် ဓားမြှောင်တစ်ချောင်းကိုထုတ်ပြီး မာယာဒေဝီဆီကို ပစ်ထည့်လိုက်သည်။

ဝှစ်!

မာယာဒေဝီ၏ နားကလည်းပါးလှသည်။ နောက်ကိုလှည့်ပြီး ဓားဖြင့် ဝှေ့ရမ်းပစ်လိုက်သည်။

ထန်!

www.burmeseclassic.com



ဓားပြားနဲ့ ရိုက်ခတ်မှုကြောင့် ဓားမြှောင်သည် လွင့်ထွက်သွားခဲ့သည်။ နောက်ကြောင်းပြန်လှည့်သွားသည်။

"အ. . အား"

သုနရော၏ လည်မြိုမှာ စိုက်ဝင်သွားခဲ့သည်။ သုနရောမျက်လုံးတွေ ပြူးထွက်လာကာ မှောက်လျက်လဲကျသွားခဲ့သည်။

မာယာဒေဝီသည် နောက်ကြောင်းကို တစ်ချက်မှဝင်လှည့်မကြည့်တော့။ သူ့ကိုဖမ်းဆီးထားသည့် အိမ်၏ အပြင်ဘက်ကိုရောက်တော့ အမှောင်ထုကြီးက ဆီးပြီးတော့ ကြိုနေသည်။

အစောင့်တွေလည်း တစ်ယောက်မှမရှိပဲ သုနရောအတွက် ရှောင်ပေးနေကြခြင်းပင်ဖြစ်သည်။ အမှောင်သည် သူမအတွက် အကာအကွယ်ပေးထားသဖြင့် ပို၍ကောင်းနေ၏။

× × × × ×

ညအမှောင်ကြီးထဲမှာ မြင်းတစ်ကောင်သည် တောလမ်းအတိုင်း အပြင်းနှင်လျက်ရှိသည်။ မြင်းနှင့်အတူ လိုက်ပါနေသူကတော့ မိန်းကလေးတစ်ယောက်။





မာယာဒေဝီ!

သူမသည် ဂါဒိစ္စ၏ ပိုင်နက်ထဲမှ လွတ်အောင်ပြေးနေခြင်းပင်ဖြစ်သည်။ သုနရောကတော့ မည်သို့ဖြစ်ပြီး ကျန်ခဲ့သလဲမသိ။ သေလောက်သည့် ဒဏ်ရာရသွားခဲ့သည်ဟုထင်သည်။ မတတ်နိုင်။ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးခဲ့သူပဲ။

သစ်ပင်တစ်ပင်ပေါ်မှ မည်းမည်းသဏ္ဌာန်တစ်ခုသည် ခုန်ဆင်းလာခဲ့သည်။

"ဟေ့. . ရပ်လိုက်စမ်း၊ ဘယ်သူလဲ"

သပွေါ့ဂိုဏ်းသားတစ်ဦးပင်ဖြစ်သည်။ ဂါဒိစ္စက ကံရာအကြောင့် တင်းကြပ်သော အစောင့်များကို ချထားလေသည်။ ယခု အစောင့်တစ်ဦးက မြင်းနှင့်အတူ ပါလာသူကို ဓားဖြင့်ရွယ်ကာ တားဆီးလိုက်သည်။

ဟင်!

မာယာဒေဝီသည် မြင်းကိုမရပ်ပဲ တရှိန်ထိုးဖောက်ဝင်သွားသည်။

"ခွပ်. . ခွပ်. . ခွပ်"

ထိုသူက အခြေအနေကို သိလိုက်ရလေပြီ။ သေအောင်ကို ရုတ်တရက် တိမ်းရှောင်လိုက်ပြီး ဓားဖြင့် လှမ်းပိုင်းချလိုက်၏။

ဝှစ်!



www.burmeseclassic.com

www.burmeseclassic.com

အား!

မာယာဒေဝီသည် ဓားကိုအောက်စိုက်၍ ဘယ်လက် ဖြင့်ကိုင်ကာ ပွတ်ဆွဲချသွားသည်။ ထိုသူ အရုပ်ကြိုးပြတ်သွား လဲကျသွားပြီး ကျန်ရစ်ခဲ့သည်။ နောက်ထပ်သုံးလေးယောက် သစ်ပင်ပေါ်မှ ခုန်ဆင်းလာခဲ့ကြသော်လည်း မြင်းကို မမီ တော့။

"ဘယ်သူလည်းမသိဘူး၊ ယောကျ်ားမဟုတ်ဘူး၊ မိန်း ကလေးတစ်ယောက်ပဲ"

"မာယာဒေဝီဖြစ်နိုင်တယ်၊ ဒီတောထဲသွားတတ်လာ တတ်ပြီး လမ်းကျွမ်းတဲ့သူဆိုလို့ သူပဲရှိတယ်၊ ဘာတွေများဖြစ် ကုန်ကြပြီလဲမသိဘူး"

ဂိုဏ်းသားတစ်ဦးသည် ဂါဒိစ္စကို အကြောင်းကြားရန် မြင်းနှင့်အတူ ထွက်သွားခဲ့လေသည်။

x x x x x

လင်းအရုဏ် ကျင်းခဲ့ပြီဖြစ်သည်။ မာယာဒေဝီသည် မြင်းကို မရပ်မနား ခရီးနှင်လာခဲ့သည်။ ဂါဒိစ္စတို့၏ ပိုင်နက် ထဲမှ လွတ်မြောက်လာလေပြီ။



ထိုအချိန်တွင် လူနှစ်ယောက်သည် ခရီးနှစ်ခုကို ဦး တည်ပြီး သွားနေသည်။ သူတို့နှစ်ဦးကတော့ ကံရာဇာနှင့်ဆ ရာကြီးစက္ကဝိန္ဒ။

"ကံရာဇာ . . ဟိုမှာကြည့်စမ်း"

စက္ကဝိန္ဒက လက်ညှိုးထိုးပြလိုက်သည်။

"ဟင် . . ဒါ . . မာယာဒေဝီကလွဲလို့ ဘယ်သူမှမဖြစ် နိုင်ဘူး၊ အရေးတကြီးလာနေတဲ့ပုံပဲ"

စက္ကဝိန္ဒမျက်မှောင်ကျုံ့သွားခဲ့သည်။

"မာ . . ယာ . . ဒေ . . ဝီ"

သူနှုတ်မှ တစ်လုံးချင်းလိုက်ပြီး ခေါ်နေမိလေသည်။ နောက်တော့ ခေါင်းတဆတ်ဆတ်ဖြင့် ညိတ်လိုက်မိလေသည်။ ဆရာကြီးစက္ကဝိန္ဒ၏ မနောထဲမှာ အလုံးစုံကို ခံစားသိရှိနား လည်သွားခဲ့သည်။

မြင်းသည် သူတို့၏အနီးတွင် တုန့်ကနဲဆို ရပ်သွားခဲ့ သည်။ မာယာဒေဝီသည် မြင်းပေါ်မှ လျှင်မြန်စွာဖြင့် ဆင်း လာခဲ့သည်။

"မောင် . . မောင်"

မာယာဒေဝီသည် ကံရာဇာ၏ ရင်ခွင်ထဲကို ပြေးဝင် သွားခဲ့သည်။ သူမမှာ ခရီးရှည်ကြီးကို တောက်လျှောက်လာခဲ့

www.burmeseclassic.com



ရသဖြင့် စိတ်ပန်းလူပန်းဖြစ်လျက်ရှိသည်။ စကားကို ချောင်း မပြောနိုင်။

"ဒေဝီ. . ဘာဖြစ်တာလဲ၊ ပြောစမ်း"

"ဒေ. . ဒေဝီ့ကို ဂါဒိစ္စတို့က မနေ့ညနေကတည်း ဖမ်းထားကြတယ်၊ ခုမနက်မှာ ဒေဝီ. . ဒေဝီ့ကို သုနဓော မကောင်းကြံတာနဲ့ တိုက်ခိုက်ပြီး ထွက်ပြေးလာခဲ့တယ်၊ သူ. . သူ. . ခုလောက်ဆို သေများသေကျန်ခဲ့ပြီလားမသိဘူး၊ သူ က မောင့်ကို ဟိုပစ္စည်းအတွက် မင်းဖို့ကြံစည်နေကြတယ်"

မာယာဒေဝီသည် လိုရင်းကို အရင်ပြောချလိုက်ပြီး ပြောပြီးမှ အနားမှာရှိနေသော ဆရာကြီးစက္ကုဝိန္ဒကို သတိ ထားမိသွားခဲ့သည်။ ထိုနောက် လက်အုပ်ချီလိုက်ကာ. . .။

"ကျွန်မ မရိုသေသလိုဖြစ်သွားခဲ့ရင် ခွင့်လွှတ်ပါရှင်"

"ရပါတယ်ကွယ်၊ အဲဘလည်း သမီးရဲ့ အဖြစ်အပျက် တစ်စွန်းတစ်စကို စိတ်ဝင်စားတယ်၊ ဂါဒိစ္စနဲ့လည်း ပတ်သက် နေတယ်၊ ပစ္စည်းနှစ်ခုနဲ့လည်း ပတ်သက်နေတယ်ဆိုတော့"

ကံရာဇာက ကြားဖြတ်ပြီး. . .။

"ကျွန်တော်. . ဒေဝီ့အစား ပြောပြပါ့မယ်၊ ဒေဝီက ဂါဒိစ္စရဲ့ ဘြိသပွေါဂိုဏ်းဝင်တစ်ယောက်ပါ"

စက္ကုဝိန္ဒမျက်မှောင်ကျုံ့သွားခဲ့ပြန်သည်။





"ဒါပေမယ့် ဆရာကြီး၊ ဒေဝီ ဒီဂိုဏ်းထဲကို ဝင်ခဲ့တာ အကြောင်းရှိပါတယ်၊ အဲဒါကတော့. . ."

ကံရာဇာသည် မာယာဒေဝီကိုယ်စား ပြည့်စုံစွာဖြင့် ပြောပြခဲ့သည်။

"သြော်. . သမီးက မိဘအတွက် လက်စားချေဖို့ ဒီ ဂိုဏ်းထဲကို ဝင်ခဲ့တာကိုး၊ ဒါပေမယ့်ကွယ်. . ဂါဒိစ္စဟာ သူ့ ကံကြမ္မာနဲ့သူသွားမှာပါ၊ သမီးလက်စားချေဖို့ မလိုတော့ပါဘူး"

စက္ကုဝိန္ဒစကားကြောင့် မာယာဒေဝီ တွေဝေသွားခဲ့ရ သည်။ စက္ကုဝိန္ဒ၏ ထူးခြားသော မျက်နှာသွင်ပြင်ကိုကြည့်ပြီး သဘောကျလက်ခံမိလိုက်လေသည်။

ထိုနောက် မာယာဒေဝီသည် ဂါဒိစ္စသည် ကံရာဇာ၏ နောက်သို့လိုက်၍ ပစ္စည်းများအတွက် ကြိုးပမ်းမည်ဖြစ် ကြောင်း ပြောပြလိုက်သည်။ စက္ကုဝိန္ဒက. . .။

"ကံရာဇာ. . ဒီပစ္စည်းတွေကို ကျုပ်တို့ မြန်မြန်သယ် ဆောင်သွားမှ ဖြစ်တော့မယ်၊ မသမာသူတွေရဲ့ လက်ထဲကို မ ရောက်ဖူး၊ ရောက်သွားနိုင်မယ်ဆိုတာ မပြောနိုင်ဘူး"

"ဆရာကြီး. . အဲဒီအတွက်ကတော့ စိတ်ချပါ၊ ပစ္စည်း တွေကို သူ့နေရာပြန်ရောက်အောင် ခုအချိန်ကစပြီး ကြိုးပမ်း ပါတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



စက္ကဝိန္ဒက ဦးဆောင်ပြီး ထွက်သွားသည်။ သူတို့နှင့် ယောက်ကတော့ ခြေလှမ်းဆယ်လှမ်းခြားပြီး လိုက်သွားခဲ့ကြ သည်။

* * *



## အခန်း–(၂၂)

ခိုငယ်လေးတစ်ကောင်သည် ပြတင်းပေါက်ထဲကို အ ဟောင် တဖျတ်ဖျတ်ခတ်ကာ ဝင်လာခဲ့သည်။ ဦးကြွက်တော သည် ခိုကိုဖမ်းယူပြီး ခြေထောက်မှာရစ်ပတ်ကာ ကြိုးဖြင့်ချည် နှောင်ထားသည့် စာကိုဖြုတ်ယူလိုက်သည်။

"အရေးပေါ်ပြီ၊ အိမ်ကို လုံခြုံစွာပိတ်ထားခဲ့၊ ခွေးသုံး ကောင်ကိုပါခေါ်ခဲ့၊ လမကွယ်မီ နှစ်ရက်ကြိုအရောက်လာခဲ့"

စာက သုံးကြောင်းမျှသာ။ ဦးကြွက်တောလည်း ကြို တင် အချိန်းအချက်လုပ်ထားသည့်အတိုင်း စာပါဆိုလိုရင်းကို သိသည်။

"အင်း. . ကိစ္စတော့ပေါ်ပြီပေါ့၊ ငါ. . ခွေးသုံးကောင်



www.burmeseclassic.com

www.burmeseclassic.com

နှင့်အတူ ဒီကနေထွက်သွားဖို့ ပိပိရိရိစီစဉ်ရတော့မယ်"

ဦးကြက်တောသည် သက်ပြင်းတစ်ချက် ချလိုက်သည်။

× × × × ×

တောက်!

ဂါဒိစ္စ၏ တောက်ခေါက်သံသည် အခန်းကျယ်ကြီးထဲမှာ ကျယ်လောင်စွာဖြင့် ထွက်ပေါ်သွားခဲ့သည်။

"မင်းတို့ ဒီကောင်မကို လိုက်ရှာတာ သုံးရက်လုံးလုံး ရှိခဲ့ပြီ၊ ရှာမတွေ့ခဲ့ကြဘူးပေါ့၊ ဟုတ်စ"

ဂိုဏ်းသားသုံးဦးသည် ပြန်မပြောနိုင်ကြပဲ ခေါင်းငုံ့နေလျက်သားရှိနေကြသည်။

"အေး. . ငါသဘောပေါက်ပြီ၊ မင်းတို့ဖြေတဲ့အသံကိုလည်း ငါမကြားချင်ဘူး၊ ခုဆိုရင် ငါတို့ဂိုဏ်းသားတွေရဲ့ အင်အားကလည်း တော်တော်လေးကို နည်းသွားပြီ၊ ဒါဟာ ကံရာဇာကြောင့်ပဲ၊ ဒီကောင်ဟာ ငါတို့ဂိုဏ်းသားတော်တော်များများကို တစ်ချိန်တည်းမှာပဲ ပညာသားပါပါနဲ့ အပြတ်ရှင်းပစ်လိုက်တယ်၊ ဒါပေမယ့် ရှိတဲ့ဂိုဏ်းသားတွေနဲ့ပဲ ဆက်ပြီးလှုပ်ရှားမယ်





းတို့အားလုံး အဆင်သင့်ရှိနေကြ၊ ကဲ. . သွားကြတော့"

ဂိုဏ်းသားအချို့သည် ဂါဒိစ္စအနားမှ အမြန်ထွက်ခွာသွားခဲ့ကြသည်။ ကြောက်ရွံကြလွန်း၍ ဖြစ်ကြသည်။

ဂါဒိစ္စသည် သားဖြစ်သူ သုနရောသေဆုံးသွားခဲ့သည့်အတွက် မာယာဒေဝီကို လုံးဝမကျေနပ်။ အစိမ်းလိုက်ဝါးစားင်နေသည်။ တွေ့ရာသချိုင်းမားမဆိုင်း လိုက်ရှာဖို့ ဆုံးဖြတ်လိုက်သည်။ သို့သော် သူ့တပည့်တွေက မာယာဒေဝီကို ယခုထက်တိုင် ရှာမတွေ့နိုင်ခဲ့။

"သင်းကို လိုက်ရှာလို့မှမတွေ့ရင် ဒင်းကိုယ်တိုင် ငါ့ဆီကို ရောက်လာစေရမယ်"

ဂါဒိစ္စက လက်သီးကိုဆုပ်ကာ ကြိမ်းဝါးလိုက်သည်။ ဖြည်းဖြည်းနဲ့ ညဉ့်နက်ပိုင်းရောက်လာခဲ့သည်။ ဂါဒိစ္စသည် ငွေသတ္တာလေးထဲမှ ပစ္စည်းလေးတစ်ခုကို ထုတ်ယူလိုက်သည်။ ထိုပစ္စည်းလေးကိုကိုင်ကာ ထောင်ကြည့်လိုက်သည်။ စပါးကြီးမြွေ၏ ညှီ့ပင်ဖြစ်သည်။ စားပွဲပေါ်မှ ပုဝါတစ်ထည်အားယူလိုက်သည်။ မာယာဒေဝီ၏ လက်ကိုင်ပုဝါ။

ပုဝါကို မြေပြင်မှာ ဖြန့်ပြီးချထားလိုက်သည်။ ပုဝါ၏ အလယ်မှာ ညှီ့ကိုထောင်ပြီး စိုက်ထားလိုက်သည်။ ထို့နောက် ဂါဒိစ္စသည် နှုတ်မှ မန္တာန်ကို စတင်ပြီးရွတ်ဆိုလေသည်။


www.burmeseclassic.com

www.burmeseclassic.com



မန္တာန်ကို စပြီးရွတ်ဆိုလိုက်သည်နဲ့ ကျယ်ဝန်းသော ခြံကြီးထဲမှ ကုလားဗုံသံက စတင်ပြီးထွက်ပေါ်လာသည်။

ဗုံ. . ဗုံ. . ဗုံ. . ဗုံ။

လူတစ်ယောက်သည် ဗုံတိုလေးတစ်ခုကို မြေပြင်မှာ ချကာ လက်ဝါးနှစ်ဖြင့် ဗုံကိုတီးခတ်လျက်ရှိသည်။ ပထမတွင် လက်ချောင်းလေးတွေဖြင့် တီးခတ်နေရာက သူ၏ကိုယ်သည် နတ်ဝင်သည်ပမာ တဖြည်းဖြည်းနဲ့ ယိမ်းယိုင်လာသည်။ ဗုံသံသည်လည်း တစ်စထက်တစ်စ ပိုပြီးတော့ ကျယ်လောင်လာခဲ့သည်။

ဗုံ. . . ဗုံ. . . ဗုံ။

ဗုံတီးခတ်သံသည် လက်ဆင့်ကမ်းသလို ဖြစ်သွားပြီး ဟိုးအဝေးထိအောင် ပျံ့လွင့်သွားခဲ့သည်။ ဂါဒိစ္စ၏ မျက်နှာကြီးသည် ပို၍ခက်ထန်လာသည်။ မန္တာန်ကိုလည်း ဗုံသံနှင့်အတူ ပို၍ကျယ်လောင်စွာဖြင့် ရွတ်ဆိုလာခဲ့သည်။ ခြံထဲရှိ ဗုံသမား၏ကိုယ်သည်လည်း သွက်သွက်ခါအောင် လှုပ်ရမ်းလျက်ရှိသည်။ ဂါဒိစ္စ၏ မျက်လုံးအစုံသည် လက်ကိုင်ပုဝါနှင့်ညှို့ကို စူးစိုက်ကာ ကြည့်နေလျက်. . .။

x x x x x





တောနက်ကြီးအတွင်းရှိ ကျောက်ဂူကြီးတစ်ခု. . .။

ထိုဂူကြီးသည် ရတနာသေတ္တာနှင့်ကြေးပုရပိုဒ်ဆေးကျမ်းကြီး တစ်ခု ထားရှိသောဂူကြီးပင်ဖြစ်သည်။

ဂူထဲတွင် ကံရာဇာနှင့်ဆရာကြီးစက္ကဝိန္ဒတို့က တစ်နေရာ၊ မာယာဒေဝီက တစ်နေရာ အိပ်စက်နေကြသည်။ ဂူတံခါးကို ပိတ်ထားသော်လည်း ဂူထဲမှာတော့ ကညင်ဆီမီးတိုင်များကို ထွန်းညှိထားသည်။

မာယာဒေဝီသည် အကြောင်းတစ်ခုကြောင့် ဆတ်ကနဲဆို နိုးသွားခဲ့ရသည်။ နားထဲမှာ ဗုံသံကိုကြားလိုက်ရသည်။

ဟင်!

ထိုနောက် မည်သို့ဖြစ်သလဲမသိ။ နေရာမှ ရုတ်တရက် ထရပ်လိုက်လေသည်။ သူမ၏ မျက်နှာသည် အိပ်မွေ့ချခံထားရသလိုဖြစ်သွားကာ ဂူဝဆီကို တစ်လှမ်းချင်းလျှောက်သွားနေလျက် သူမ၏နားထဲမှာ ဗုံသံကို မဆက်မပြတ်ကြားနေရသည်။

"သမီး. . ဒါဘယ်လဲ"

စက္ကဝိန္ဒ၏အသံသည် မာယာဒေဝီ၏ ခြေလှမ်းအစုံကို ရုတ်တရက် တန့်သွားစေသည်။ မိန်းမောနေသူတစ်ဦးက ချက်ချင်းသတိရသွားသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



ဟင်!

မာယာဒေဝီက နောက်ကိုလှည့်ကြည့်လိုက်သည်။ ဇ ရာဇာနှင့်စက္ကဝိန္ဒတို့သည် သူမဆီကို လျှောက်လာခဲ့နေသည်။

"သ. . သမီးရဲ့ နားထဲမှာ ဗုံသံတွေ ကြားနေရတယ် အဲဒီအသံတွေကို ကြားလိုက်ရရင် မနေနိုင်ဘူး၊ သွားချင်နေ တယ်"

ကံရာဇာသည် ဆရာကြီးစက္ကဝိန္ဒ၏မျက်နှာကိုကြည့် လိုက်သည်။

"ဂါဒိစ္စက ညှို့သုံးပြီး ဒေဝီ့ကိုခေါ်နေပြီ ဆရာကြီး"

"သမီး. . ဂူထဲဝင်နေ"

စက္ကဝိန္ဒက ဂူအပြင်ကိုထွက်သွားသည်။ ဂူရှေ့ရှိသစ် ပင်ကြီးတစ်ပင်အောက်မှာထိုင်ကာ တရားမှတ်နေသည်။ တ ကာအကြာတွင် သောတအာရုံကြောထဲကို စီးဝင်လာသည့် ဗုံ သံ။ ဗုံသံသည် သွေးဆောင်မှုရှိသည်။ ညှို့စက်ကွင်းအာသ သည်။ ထိုကြောင့်ပင်လျှင် မာယာဒေဝီသည် မသွားပဲမနေ နိုင်အောင် ဖြစ်လာခဲ့ရသည်။

ဆရာကြီးစက္ကဝိန္ဒသည် ကျောက်ရုပ်တစ်ရုပ်လို ငြိမ် သက်သွားသည်။ ခန္ဓာကိုယ်သည် မလှုပ်မယှက်နဲ့ရှိနေသည်။ သို့သော် ဗုံသံသည် နားထဲမှာ ပိုပြီးတော့ မြည်ဟီးလာသည်။



ကျယ်လောင်လာသည်။ အလုံးစုံသော ဗုံသံများသည် သူ၏ နားထဲသို့ လုံးထွေးပြီးရောက်လာသကဲ့သို့. . .။

x x x x x

ထိုစဉ် ဂါထာရွတ်နေသော ဂါဒိစ္စ၏ကိုယ်သည် ဆတ် ကနဲဆို ဖြစ်သွားခဲ့သည်။ ခေါင်းထဲမှာ အမိုက်မှောင်တစ်ခုက ရုတ်တရက်ကျရောက်သွားသည်။ မျက်လုံးအစုံသည်လည်း ပြာ ဝေသွားခဲ့ရသည်။

"ငါ. . ငါဘယ်လိုဖြစ်သွားခဲ့ပါလိမ့်"

သူ၏ရှေ့စားပွဲထက်ရှိ လက်ကိုင်ပုဝါ၊ စပါးကြီးမြွေ ၏ညှို့စသည်တို့ကိုကြည့်ပြီး မျက်လုံးအစုံသည် ထိုနေရာမှ လွှဲဖယ်၍မရတော့။

တန်ပြန်သက်ရောက်မှုတစ်ခုက သူ့အာရုံနှင့်အသိတ ရားများကို စိုးမိုးချုပ်ကိုင်သွားခဲ့လေတော့သည်။ ဂါဒိစ္စသည် ဟိုညှို့စက်ကွင်းမိသွားသည်။ ထိုကဲ့သို့ လုံးလုံးလျားလျားနဲ့ ရောက်ရှိသွားခဲ့ရသည်။

"ဟေ့ကောင်တွေ. . လာကြစမ်း"

ခက်ထန်သော လေသံဖြင့် သူ့လူများကို ခေါ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့လူအချို့က ဂါဒိစွဆီကို ချက်ချင်းရောက်လာကြ
သည်။

"ဆရာကြီး . . ကျွန်တော်တို့ ရောက်လာပါပြီ"

"ငါတို့ အခုချက်ချင်း ခရီးထွက်ကြမယ်၊ အားလုံးအ
သင့်ဖြစ်ကြပါစေ"

"ကောင်းပါပြီ . . ဆရာကြီး"

အားလုံး လျှင်မြန်စွာဖြင့် ပြန်ထွက်သွားခဲ့ကြသည်။
ဂါဒိစွသည် ကျောက်ရုပ်တစ်ရုပ်လို မျက်နှာထားနှင့် မာတော
လျက်ရှိသည်။ မားကိုလည်း လက်ထဲမှာ ကျစ်ကျစ်ပါအောင်
ဆုပ်ကိုင်ထားလေသည်။

"မာယာဒေဝီ . . မာယာဒေဝီ၊ ငါအခုချက်ချင်း နင့်
ကိုလာခဲ့မယ်၊ နင် . . ငါ့အကြောင်း ကောင်းကောင်းသိစေ
မယ်"

တခဏအကြာတွင် တောထဲမှာ မြင်းခွာသံများ အ
ဖြောင်းဖြောင်းဖြင့် ထွက်ပေါ်လာသည်။ တြိသပ္ပေါ်ဂိုဏ်းသား
များသည် မြင်းကိုယ်စီဖြင့် တောလမ်းကိုဖြတ်ပြီး ဒုန်းစိုင်းကာ
ခရီးနှင်လျက်ရှိကြသည်။

ထိပ်ဆုံးကလူမှာ ဂါဒိစွပင်တည်း။

နေထန်းတဖျားခန့် မြင့်တက်လာပြီ။ တောရိပ်တောင်





ပ်လွှမ်းနေသော်လည်း ဝန်းကျင်သည် လင်းလင်းချင်းချင်းရှိ
နေသည်။ တောကောင်ငယ်တို့၏ အသံဗလံများ၊ ကျေးငှက်
တို့၏ တစာစာအော်မြည်သံများကို ကြားနေရသည်။

သို့သော် ထိုအသံများကို တခြားသော အသံများက
လွှမ်းသွားခဲ့သည်။

မြင်းခွာသံများ!

ထိုအသံများသည် အလယ်ရိုးမတောကြီးထဲကို ချဉ်း
င်းဝင်ရောက်လာခဲ့လေသည်။ ဂါဒိစွသည် သူ၏လက်အား
ထောင်ပြလိုက်ပြီး . . . ။

"ရပ် . . ."

မြင်းအားလုံးသည် အရှိန်ကိုသတ်ကာ အားလုံးရပ်
သွားခဲ့ကြသည်။ ဂါဒိစွ၏ရှေ့တွင် မည်းနက်သော ကျောက်
တောင်ငယ်တစ်ခုက ဆီးပြီးခံနေသည်။ ဂါဒိစွက မြင်းပေါ်မှ
ခုန်ဆင်းလိုက်သည်။ သူ၏ လက်ထောက်နှစ်ဦးကလည်းမြဲ
ဆင်းလိုက်ကြသည်။

ကျောက်တောင်ငယ်ဆိုပေမယ့် ပေ(၂၀၀)ခန့်မြင့်၏။
ဘေးမှ သစ်ပင်ကြီးများထံမှ ကျဆင်းနေကြသည့် သစ်ကိုင်း
များ၊ သစ်ရွက်များ၊ နွယ်ပန်းများက ဖုံးလွှမ်းနေကြလေသည်။
ကျောက်တောင်က အရောင်နက်နေခြင်းမှာလည်း ရေညှိများ၊



www.burmeseclassic.com

www.burmeseclassic.com



ဖုံများကပ်ငြိနေခြင်းကြောင့်လည်းကောင်း၊ လေ၊ မိုးဒဏ်မှာ
ကြောင့်ပင်ဖြစ်သည်။

"ဟော့ကောင်တွေ. . ဒါထူးခြားတဲ့ ဂူကြီးပဲကွ၊ ငါ
ပေါင်းများစွာကတည်းက ကြားဖူးတဲ့ သတင်းတစ်ခုရှိတယ်
ဟိုကြေးနီပုရပိုဒ်ဆေးကျမ်းကြီးနှင့်သံသေတ္တာဟာ အလယ်
မတောကြီးထဲက ကျောက်ဂူကြီးတစ်ခုထဲမှာ ရှိနေတယ်တဲ့
ဒီဂူကြီးများဖြစ်နေမလား"

ဂါဒိစ္စသာမက သူ့တပည့်များသည်လည်း ကျောက်
တောင်အောက်ခြေရှိ ဂူပေါက်ကြီးကိုကြည့်ပြီး အံ့အားသင့်နေ
ကြသည်။

* * *



## အခန်း - (၂၃)

ဂါဒိစ္စက ဦးဆောင်ပြီး ဂူကြီးထဲကို ဝင်သွားခဲ့သည်။
ထဲသို့ရောက်သောအခါ အရှေ့ဘက်တွင် အတော်အတန်
ကျယ်ဝန်းပြီး ရှင်းလင်းနေသည်ကို တွေ့လိုက်ကြရသည်။

ဂူကြီးက အနောက်ဘက်တွင်လည်း ရှည်လျားလျက်
သည်။ သပေါ့ဂိုဏ်းသား အားလုံးတို့သည် ဂူကြီးထဲကို ဝင်
က်လာခဲ့ကြသည်။ အပြင်ဘက်မှာ အစောင့်တစ်ယောက်မှ
မကျန်ခဲ့။

သူတို့၏စိတ်ထဲမှာ ဂူကြီးထဲကို မဝင်ချင်ပဲ မနေနိုင်
အောင် ဖြစ်လာခဲ့ရသည်။ လှုံ့ဆော်မှုတစ်ခုခုကရှိနေခဲ့သည်။
ကြီးက သူတို့ကို ဖိတ်ခေါ်နေသလိုလို၊ ညှို့နေသလိုလိုထင်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

သူတို့သတိမထားမိကြသည်က ဂူနံရံများမှာ ထွင်း ထားသော ကညင်ဆီမီးတိုင်များပင်။ ထို့အပြင် ရနံ့တစ်မျိုး လည်း ဂူထဲမှာ ပျံ့လွင့်စပြုလာခဲ့သည်။ အမွှေးနံ့လိုလို ရွှေရွှေရနံ့လိုလို၊ ထိုရနံ့က ယဉ်သောကြောင့် မိမိတို့ရှူရှိုက် ကြသည်ကိုပင် အမှတ်မထားမိကြ။

ဂါဒိစ္စကတော့ အနည်းငယ် သတိထားမိလိုက်သည်။ သို့သော် စိတ်ထဲက ထင်မိတာပဲဆိုပြီး တခဏအတွင်းမှာ ဖျောက်ပစ်လိုက်သည်။ သို့သော် ဂူအတွင်းပိုင်းတစ်နေရာတွင် မြေခွက်ငယ်တစ်ခုထဲ၌ မီးကျီခဲတစ်ခုသည် အငွေ့တလူလူ ထွက်လျက်ရှိသည်။ ထိုခွက်ထဲမှ ပျံ့လွင့်လာသောရနံ့များ

တစ်နေရာသို့ ရောက်သောအခါ ခပ်လှမ်းလှမ်းတွင် သံသေတ္တာကြီးတစ်လုံးကို တွေ့လိုက်ကြရသည်။

"ဟိုမှာ. . ."

ဂါဒိစ္စသည် သံသေတ္တာကြီးကို စိတ်ဝင်စားသွားခဲ့ သည်။

"မင်းတို့ သေတ္တာနားကိုမကပ်နဲ့၊ ဘေးဖယ်နေကြ"

သူ့လူများကို ဟိန်းဟောက်ကာပြောလိုက်သည်။ တ ကယ်တော့ သူလောဘတက်သွားခဲ့ပြီ။ သံသေတ္တာကြီးထဲမှာ





ည်သည့်အရာများရှိနေသည်ကို သူသိလိုက်ရပါပြီ။ သူ့လိုပဲ သပွေါ်ဂိုဏ်းသားများကလည်း သိနေကြသည်။ ကြေးနီပုရပိုဒ် ဆေးကျမ်းကြီးနှင့်တပ်မှူးလေးသူရိယနန္ဒသုံးခဲ့သော ရန်ပယ် င်းသံသေစားကြီးသည် သေတ္တာကြီးထဲမှာ အမှန်တကယ်ရှိ နေရမည်။

ထိုပစ္စည်းများကို နယ်ချဲ့မျက်နှာဖြူများက အသေအ ဲ လိုချင်နေကြသည်။ တြိသပွေါ်ဂိုဏ်းသားများက ထိုပစ္စည်း ားကို မဖြစ်ဖြစ်သည့်နည်းဖြင့် ရအောင်ယူမည်။ မျက်နှာဖြူ တွကလည်း မက်လောက်သောဈေးကို ပေးထားကြသည်။

ထို့ကြောင့် သပွေါ်ဂိုဏ်းသားတွေလည်း ယင်းပစ္စည်း ားအတွက် လောဘတက်နေကြသည်။ မိမိတို့ကိုယ်တိုင် ရ အောင်ယူချင်သည့်ဆန္ဒများ တဖွားဖွားနဲ့ ဖြစ်ပေါ်လာခဲ့ကြပေ ာ. . . ။

"ဆရာကြီး . . သံသေတ္တာထဲက ပစ္စည်းတွေက ကျွန် တော်တို့နဲ့လည်းဆိုင်တယ်"

"ဘာကွ! မင်းတို့က ငါ့ကို ဘာစကားပြောကြတာလဲ၊ သွားချင်ကြသလား၊ ငါ့ကိုကျော်ပြီး လုပ်လို့ရမတဲ့လားကွ"

"ဆရာကြီး . . ဒီလိုမပြောနဲ့၊ ဆရာကြီးရဲ့ အကြံဉာဏ် တွကို ကျွန်တော်တို့သိတယ်၊ ဒါတွေကိုရပြီးရင် ဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း အပိုင်စီးတော့မလို့မဟုတ်လား”

တပည့်လက်ရင်းတစ်ဦးကပြောပြီး သေတ္တာဆီသို့ပြေး သွားခဲ့သည်။

“ဟေ့ကောင်. . မင်း. . မင်းက ငါ့ကိုအာခံတယ်ပေါ့ လေ. . ဟုက်လား၊ ကဲကွာ”

ဝှစ်!

အား!

ဂါဒိစ္စ စိတ်မထိန်းနိုင်တော့ လက်လွှန်သွားခဲ့သည်။ ဓားချက်မိသွားသော သူသည် အရုပ်ကြိုးပြတ် လဲကျသွားခဲ့ သည်။ ကျန်ဂိုဏ်းသားများသည် သေတ္တာဆီကို စုပြုံပြီးပြေး သွားခဲ့ကြသည်။

“ဟေ့ကောင်. . ဟေ့ကောင်တွေ၊ မင်းတို့ဖယ်ကြ. . ဖယ်ကြ”

ဂါဒိစ္စက တားဆီးလိုက်သော်လည်း မရနိုင်တော့ပါ။ ရှေ့ဆုံးက ရောက်သွားကြသူများသည် သေတ္တာ၏ အဖုံးကို တပြိုင်နက် ဆွဲဖွင့်လိုက်ကြသည်နှင့် မမျှော်လင့်သော ဖြစ်ရပ် များက ချက်ချင်းလိုလို. . .။

“ဝှစ်. . ဝှစ်. . ဝှစ်”

နံရံများဆီမှ မြားများ၊ လှံများ၊ အရှိန်ပြင်းစွာရောက်





လာခဲ့ကြလေရာ. . .။

ဒုတ်!

ဒုတ်!

အား!

အား!

လူများ၏ကိုယ်ပေါ်မှာ စိုက်ဝင်သွားလေတော့သည်။ တစ်ချို့က သွေးရူးသွေးတန်းဖြင့် ထွက်ပြေးကြသည်။ သူတို့ ၏ ခြေထောက်များက မြေပြင်တစ်နေရာကို နင်းမိလိုက်ကြ သည်နှင့်။

ယန္တယားခလုတ်များကို တပ်ဆင်ထားသောကြောင့်။ ထန်းသီးသဏ္ဍာန်၊ လက်သီးသဏ္ဍာန် ကျောက်တုံးကျောက်ခဲ များက ဂူအမိုးထက်မှသော်လည်းကောင်း၊ နံရံများဆီမှသော် လည်းကောင်း အရှိန်ဖြင့်ပစ်ဝင်လာခဲ့ကြသည်။

ဝှစ်. . ဝှစ်. . ဝှစ်။

ဘုံး!

အား!

ကျောက်တုံးကျောက်ခဲများက လွင့်စဉ်ပြီး လူတွေဆီကို လာမှန်ကြသည်။ ထိုအခါကျမှ မိမိတို့သည် ထောင်ချောက်ထဲ ကို ရောက်သွားကြပြီကို သိလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆုတ်ကြ . . ပြန်ဆုတ်ကြ"

ဂါဒိစ္စက အော်ဟစ်ပြီး သတိပေးသည်။ ထိုစဉ် ဖြ
သပွေါဂိုဏ်းသားများသည် မည်သို့ဖြစ်ကုန်ကြသည်မသိ၊ ဒေ
ချင်းချင်း တိုက်ခိုက်ကြလေတော့သည်။

ထန်! . . . ထန်!

ဝှစ်!

ရှပ်!

အား!

ဂါဒိစ္စသည် သူ့လူတွေကို မည်သို့မှ ထိန်းမနိုင်တော့ပဲ ဂူထဲမှ အလွတ်ရုန်းပြီး ထွက်ပြေးရန် ကြိုးစားသည်။

ထိုစဉ် မြှားတံနှစ်ချောင်းသည် ဂါဒိစ္စ၏ကျောပြင်နှင့် ရင်ဘတ်မှာ လာစိုက်သည်။

ဝှစ်! . . . ဝှစ်!

အား!

သို့သော် ဂါဒိစ္စက သွေးရူးသွေးတန်းဖြင့် ဂူအပြင်ကို ထွက်ပြေးသွားခဲ့သည်။ သူ့နောက်မှ ကြံသပွေါဂိုဏ်းသားလက်ကျန်အချို့ လည်း လိုက်ပါသွားခဲ့သည်။

ဂါဒိစ္စသည် သွေးပူနေခိုက်မို့ ကောင်းစွာပင် ပြေးလွှားနိုင်ဆဲ ရှိနေသေးသည်။ သူ၏ရှေ့မှာ ရပ်နေကြသူသုံးယောက်





အမှတ်မထင် တွေ့လိုက်ရသည်။

ကံရာဇာ . . ။ ဆရာကြီးစက္ကဝိန္ဒ . . ။ မာယာဒေဝီ။

"ဟင်! မင်း . . မင်းတို့က ငါတို့ကို . . ငါသိပြီ၊ သိပြီ၊ တင်ချောက်ဆင်လိုက်တာပဲ၊ ဒေဝီ . . နင်က ကံရာဇာနှင့် ပေါင်းပြီး ငါ့ကိုလုပ်ကြံတာယ်ဟုတ်လား . . နင် . . နင်"

"ဩ . . ရှင်က ကိုယ်ထိတော့ နာတယ်ပေါ့၊ ရှင် . . ကျွန်မမိဘတွေကို သတ်ပစ်ခဲ့တာကျတော့ တော်တော်အရသာ ခဲ့တယ်မဟုတ်လား"

"ဘာ . . ဘာ . . နင့်မိဘတွေ . . ဟုတ်လား၊ ဘယ်သူ ပြောတာလဲ၊ ဘယ်သူတွေလဲ"

"သုပန္နနှင့်ပြာရီ . . အဲဒီနှစ်ယောက်ဟာ ကျွန်မရဲ့ မိ ဘနှစ်ပါးပဲ၊ သိပြီလား"

"ဟင် . . သုပန္နနှင့်ပြာရီဟုတ်လား၊ သူတို့ဟာ နင့်ရဲ့ ဘတွေ ဟုတ်လား"

ဂါဒိစ္စအံ့အားသင့်သွားခဲ့သည်။ ထိုနောက် ဂါဒိစ္စသည် တ်တရက် စိတ်ဖောက်ပြန်သွားသလို . . . ။

"ဟား . . ဟား . . ဟား၊ နင်က ငါ့ဆီကို ရောက်လာ တာ အကြံအစည်နဲ့ကိုး၊ ဒီလိုမှန်း ကြိုသိခဲ့ရင် နင့်ကိုစော ကြီးကတည်းက ရှင်းပစ်တယ်၊ ဒါပေမယ့် ခုလည်း အချိန်မီပါ



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်၊ နင်. . ငါ့လက်ချက်နဲ့ သေကိုသေစေရမယ်၊ ...
ကောင်တွေ. . မင်းတို့လိုချင်နေတဲ့ပစ္စည်းတွေ၊ သူတို့ဆီမှာ...
တယ်၊ ဒင်းတို့ကိုသတ်ပြီး ရအောင်ယူကြ"

ဂါဒိစ္စက အော်လိုက်သည်နှင့် လက်ကျန်ကြိုသ...
ဂိုဏ်းဝင်များသည် ကံရာဇာတို့ဆီကို ပြေးဝင်သွားခဲ့ကြသည်...

"ဒင်းတို့ကိုသတ်ပြီး ပစ္စည်းတွေကို ရအောင်ယူကြ...

ကံရာဇာသည် ကျောပြင်မှာ လွယ်ထားသည့် ဓား...
ထဲမှ ရန်ပယ်ရှင်းဓားကြီးကို လက်နောက်ပြန်လှမ်း၍ ထုတ်...
ယူလိုက်သည်။ ရန်သူတွေက ပြေးလာနေကြပေပြီ။

* * *



အခန်း-(၂၅)

ကံရာဇာသည် သဲကြီးမဲကြီးနဲ့ ပြေးဝင်လာခဲ့ကြသည့် ရန်သူများကို ရန်ပယ်ရှင်းဓားကြီးဖြင့် တရကြမ်း ဝှေ့ရမ်းကာ တိုက်ခိုက်သည်။

ထန်!. . . ထန်!

ကံရာဇာ၏ဓားဖြင့် ထိသွားသည်နှင့်တပြိုင်နက် သူတို့၏ ဓားများသည် ထောက်ကနဲ၊ ထောင်းကနဲ ပြတ်ထွက်သွားခဲ့ကြသည်။

ဝုစ်!

အား!

ဓားချက်များ မိသွားကြသော ရန်သူများသည်လည်း



www.burmeseclassic.com

www.burmeseclassic.com



အရုပ်ကြိုးပြတ်။ ကံရာဇာသုံးသည်က နန်းတွင်းလျှို့ဝှက်ဓား ရေးသိုင်းပင်ဖြစ်သည်။ ဓားရေးကလည်းကောင်းသည်၊ ဓားကို ပိုင်နိုင်စွာကိုင်နိုင်သည်။ ဓားချက်မိခံလိုက်ရသူများမှာ ထိလို့ ထိမှန်းပင် မသိလိုက်ကြ။ နောက်တော့မှ အရုပ်ကြိုးပြတ်၊ ပစ် လဲကျသွားကြသည်။

ပြီးတော့ စက္ကဝိန္ဒ. . .။ သူကတော့ လက်ချည်းဗလာ သက်သက်။ ဝင်လာသမျှ ရန်သူများကို လက်နှင့်ပုတ်ထုတ်၏။ တံတောင်နှင့်ထောင်းသည်။ လက်ပြန်ရိုက်သည်။

ဖျန်း!

အား!

လက်ပြန်တစ်ချက် ရိုက်ခံရသည်ကိုပင် မခံနိုင်ကြ။ ခံရသူသည် ခေါင်းစိုက်သွားခဲ့ကြသည်။ လွင့်ထွက်သွားခဲ့ကြ သည်။

တစ်ယောက်သည် ဆရာကြီးစက္ကဝိန္ဒဆီကို ဓားမိုးပြီး ပြေးဝင်လာသည်။ ဓားကို ညာလက်ဖြင့် ပုတ်ထုတ်လိုက်သည်။ ဘယ်လက်ဖနောင့်က အရှိုက်ဆီကို ဝင်သွားခဲ့သည်။

ဗွတ်!

ခါးကုန်းအသွားမှာ ကျောကို တံတောင်ဖြင့် ထုချပစ် လိုက်သည်။





ဒုတ်!

အား!

ဆရာကြီးစက္ကဝိန္ဒ၏ ရှည်လျားလှသော ဆံပင်များက ဝဲယာလှုပ်ရမ်းသွားခဲ့သည်။ တစ်ချို့တစ်ဝက်သည် မျက်နှာ ပြင်ကို ဖုံးလွှမ်းနေကြလျက် သူ၏မျက်နှာကြီးသည် တင်းမာ ခက်ထန်လွန်းနေသည်။

မာယာဒေဝီဆီကို ဒဏ်ရာရထားသော ဂါဒိစ္စက မြှား တွေတန်းလန်းဖြင့် သွေးရူးသွေးတန်း ပြေးဝင်လာသည်။ မာ ယာဒေဝီသည် ဂါဒိစ္စကို ဓားတစ်လက်ဖြင့် ခုခံတိုက်ခိုက်နေ ရသည်။ ဂါဒိစ္စသည် ဘီလူးစီး၊ သဘက်စီးမျက်နှာကြီးဖြင့် မာ ယာဒေဝီကို နင်းပြီးတိုက်ခိုက်သည်။

"ဒေဝီ. . နင့်အသက်ကို ငါနှုတ်ယူပြီးမှသေမယ်"

"ကြည့်ကြသေးတာပေါ့. . ဂါဒိစ္စရယ်၊ ဘယ်သူသေ မလဲဆိုတာ"

ထိုစဉ် ခွေးဟောင်သံများကို ကြားလိုက်ကြရသည်။ လူတစ်ယောက်နှင့်ခွေးသုံးကောင်သည် တောတွင်းတစ်နေရာ မှ သူတို့ဆီကို ပြေးလာနေကြသည်။

ဦးကြက်တော. . ။ ယက္ခ. . ငရဲနှင့်ဂုမ္ဘာန်။

ဦးကြက်တောသည် တြိသပ္ပေါ်ဂိုဏ်းသားများကို လက်



www.burmeseclassic.com

www.burmeseclassic.com



ချည်းဗလာသက်သက်ဖြင့် ဝင်ပြီးတိုက်ခိုက်သည်။ ရန်သူများက ဓားကိုယ်စီဖြင့် ပြေးဝင်လာကြသည်ကို မကြောက်မရွံ့ပဲ ရင်ဆိုင်လိုက်သည်။

ဓားကိုင်လက်များကို သူ၏ဘယ်ညာလက်နှစ်ဖက်ဖြင့် ရုတ်ခတ် ပုတ်ထုတ်ပစ်လိုက်ပြီး တစ်ယောက်ကို ကိုင်မြှောက်ကာ ထိုသူများဆီကို ပစ်ပေါက်ထည့်လိုက်သည်။

အား!

ခွေးသုံးကောင်ကလည်း ပြေးဝင်လာကြပြီး ရန်သူတွေကို တိုက်ခိုက်သည်။ လိုက်ဆွဲသည်။

အား!

တြိသပ္ပေါဂိုဏ်းသားများမှာ ဝိုင်းညှပ်ပြီး အတိုက်ခိုက်ခံရသည့်အတွက် ဘယ်လိုမှ မကာကွယ်နိုင်ကြတော့။ သေသူတွေကလည်းသေ၊ ဒဏ်ရာရကြသူတွေကလည်း ရကြနဲ့ လူအင်အားလည်း ဘာမှမရှိကြတော့။ ထို့ကြောင့် စိတ်ဓာတ်တွေကျဆင်းသွားခဲ့ကြသည်။

ဂါဒိစ္စသည် သူ့လူတွေ၏ အခြေအနေကို တစ်ချက်ဝေ့ကြည့်လိုက်သည်။ သူ့မျက်နှာပျက်သွားခဲ့သည်။ အင်အားမဲ့ခဲ့ပြီ။ ဒဏ်ရာကလည်း သူ့ကိုနှိပ်စက်ခဲ့ပြီ။ စိတ်ဆောင်နေလို့သာ သူခန္ဓာကိုယ်ကြီးကို ထိန်းထားနိုင်ခဲ့ခြင်းပင်ဖြစ်သည်။





သူသည် မာယာဒေဝီဆီကို လျှောက်သွားခဲ့သေး၏။ ခြေလှမ်းနှစ်လှမ်းလောက်ပဲ လှမ်းရသေးသည်။ လက်ထဲမှဓား လွတ်ကျသွားခဲ့သည်။ ဒူးအစုံလည်း ညွတ်ကွေးလာပြီးနောက် ဒူးထောက်လျက်သား ကျသွားသည်။ သူ့ရှေ့မှာကျနေသည့် ဓားကို ကောက်ယူလိုက်နိုင်သေးသည်။

ဓားဦးကို မြေမှာထောက်ပြီး ကုန်းထရန်ကြိုးစားသေးသည်။ မရတော့။ သူငြိမ်သက်သွားသည်။ ဓားကို မြေပြင်မှာ ထောက်၍ လက်ဖြင့်ဆုပ်ကိုင်ထားရင်းက ငြိမ်သက်နေသည်။ သူ ဘယ်တော့မှ မလှုပ်ရှားနိုင်တော့ပါ။

ကံရာဇာသည် ဂါဒိစ္စ၏အနားကို တိုးကပ်လာခဲ့သည်။ မာယာဒေဝီကတော့ ကံရာဇာ၏အနားကို ရောက်သွားသည်။

"တြိသပ္ပေါဂိုဏ်းခေါင်းဆောင်ကြီးတော့ သူ့အကုသိုလ်နဲ့သူ မပြန်လမ်းကို ရောက်သွားခဲ့ပြီ၊ ဒုစရိုက်ဂိုဏ်းကြီးလည်း ပြိုကွဲခဲ့ပြီ"

တြိသပ္ပေါဂိုဏ်းသားသုံးယောက်သည် ကံရာဇာနှင့်ဆရာကြီးစက္ကဝိန္ဒရှေ့မှာ ဒူးထောက်လိုက်ကြသည်။

"ကျွန်တော်တို့ရဲ့ အသက်ကို ချမ်းသာပေးပါ"

ဆရာကြီးစက္ကဝိန္ဒက. . .။

"နင်တို့ ဒုစရိုက်အလုပ်တွေကို ဆက်မလုပ်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုရင်တော့ အသက်ကို ချမ်းသာပေးလိုက်မယ်"

"ကျွန်တော်တို့ ကောင်းရောင်းကောင်းဝယ်ပဲ လုပ်ကိုင်စားသောက်ပါတော့မယ်၊ ကတိပေးပါတယ်"

"တောင်းပြီ၊ နင်တို့ရဲ့ ကတိ တည်ကြပစေ၊ ကတိကိုဖောက်ဖျက်ရင် သွားလေရာ ကံဆိုးမိုးမှောင်ကျကြလိမ့်မယ် မယုံမရှိကြနဲ့၊ ကိုင်း . . နင်တို့ရဲ့ ဆရာကိုပါ သယ်ဆောင်သွားကြပေတော့"

ကြံသပွေ့ပါကိုက်ား သုံးယောက်သည် ဂါဒိစ္စ၏ အလောင်းကို မြင်းလွှတ်တစ်စီးထက်မှာ သယ်ဆောင်ကာ ထွက်ခွာသွားခဲ့ကြသည်။

ဦးကြက်တောက . . .။

"မောင်ရာဇာ . . ဦးကတော့ စာရရချင်း ချက်ချင်းလို ထလာခဲ့တယ်၊ ဒါပေမယ့် နယ်ချဲ့ပုလိပ်တွေက စိတ်မချရဘူး၊ ရာဇဝန်ဝန်ကလေး ကိုသြဘာကလည်း အိမ်ကို မကြာခဏရောက်လာတတ်တယ်၊ ခု . . သူ့အလစ်မှာ ထွက်လာခဲ့ရတာ"

"ကိုသြဘာကလည်း ခုထက်ထိ မလျှော့သေးပဲကိုး၊ ကောင်းပြီလေ၊ ဒီလူကတော့ တစ်နည်းနည်းနဲ့ ဒုက္ခပေးဦးမယ် ထင်ပါ့၊ တွေ့ကြသေးတာပေါ့"





ဆရာကြီးစက္ကဝိန္ဒက သတိပေးသည်။

"မောင်ကံရာဇာ . . ခုချိန်မှာ ခရီးထွက်ကြရင်တော့ အကောင်းဆုံးပဲ၊ ရတနာတွေကိုတော့ လုံခြုံတဲ့နေရာမှာ ဝှက်ထားခဲ့ပြီးပြီပဲ၊ ကြေးနီပုရပိုဒ်ကျမ်းကို ဟိမဝန္တာကဆရာသခင်တွေဆီပို့ဖို့ရာ အရေးကြီးတယ်လေ"

"ဆရာကြီး . . ကျွန်တော်တို့ ခုချက်ချင်းပဲ ခရီးစထွက်ကြမှာပါ၊ ကဲ . . နာရီဝက်တော့ အချိန်ရပါသေးတယ်၊ စီစဉ်စရာရှိတာကို စီစဉ်ကြပါစို့"

* * *



www.burmeseclassic.com

www.burmeseclassic.com





## အခန်း – (၂၅)

ရက်သတ္တပတ်အကြာ မြင်းကိုယ်စီဖြင့် ခရီးနှင်လာခဲ့ သော လူတစ်စု။ ထိုသူတို့သည် မျက်နှာဖြူနယ်ချဲ့ နောက် က် ပုလိပ်များပင်ဖြစ်သည်။ ထိုသူတို့အထဲတွင် ရာဇာဝတ် ကလေး ကိုဩဘာလည်း အပါအဝင်။

သူတို့သည် ကံရာဇာတို့နောက်သို့ လိုက်လာခဲ့ကြခြင်း သည်။ မျက်နှာဖြူစက်ဘက်အရာရှိ သောမတ်ဆိုသူလည်း လာခဲ့သည်။

"မစ္စတာဩဘာ. . ကံရာဇာဆိုတဲ့လူ လွတ်ခ ဘူး၊ သူ့နောက်ကို ကျုပ်တို့လိုချင်တဲ့ ပစ္စည်းနှစ် တယ်"



www.burmeseclassic.com

www.burmeseclassic.com



မြင်းနှစ်ကောင်ယှဉ်ပြီး ပြေးနေရင်းက သောမတ်က ကိုဩဘာကို လှမ်းပြောလိုက်သည်။

"မစ္စတာသောမတ်. . ကျုပ်လည်း ကံရာဇာကိုမိဖို့ကြိုး စားတာပဲ၊ ဒါပေမယ့် သူကသိပ်ပြီးပါးနပ်လွန်းတယ်၊ အားလုံး ရဲ့ မျက်စိအောက်ကနေ လွတ်ထွက်သွားတာတော့ မတတ်နိုင် ဘူး"

"ကံရာဇာကို စောင့်ကြည့်ဖို့တာဝန် မစ္စတာဩဘာကို ပေးထားတာ၊ ခင်ဗျားမှာ တာဝန်ရှိတယ်"

ကိုဩဘာသည် သူ့မြင်းကို ရပ်တန့်လိုက်လေသည်။ ကျန်မြင်းများသည်လည်း ရပ်တန့်သွားခဲ့ရသည်။

"ဒီမှာ မစ္စတာသောမတ်၊ ခင်ဗျားတို့ မတရားလောဘ တက်ပြီး လူတစ်ယောက်ကို အကြောင်းမဲ့ လိုက်လံဖမ်းဆီးနေ ကြတယ်၊ ကံရာဇာဆိုတဲ့လူဟာ သိပ်ပြီးအသိရခက်တဲ့ လူထူး လူဆန်းတစ်ယောက်ပဲ၊ ကျုပ်တစ်ဦးတည်း မပြောနဲ့၊ ခင်ဗျား တို့အားလုံး ဝိုင်းပြီးလိုက်ကြတာတောင် မိနိုင်ကြလို့လား"

ကိုဩဘာ၏ လေသံက ခက်ထန်မာကျောသွား၏။

"ဒါ. . ကျုပ်တို့ကို ညံ့ဖျင်းတယ်လို့ ပြောလိုက်တာပဲ ပေါ့လေ၊ ဟုတ်လား"

"စဉ်းစားကြည့်ပေါ့ဗျာ၊ ကျုပ်ပြောတာ မှားသွားလား





လို့၊ ကံရာဇာက ခင်ဗျားတို့ မျက်နှာဖြူတွေကို လိုက်ပြီးတော့ အနှောင့်အယှက်ပေးနေတာလည်းထင်ကြေးပဲ၊ သူ့ဆီမှာ ခင် ဗျားတို့လိုချင်တဲ့ပစ္စည်း ရှိနေတယ်ဆိုတာလည်း ထင်ကြေးပဲ၊ ဘယ်သူက အံ့သေအချာ သိကြလို့လဲ၊ ကျုပ်ကိုယ်တိုင် စုံစမ်း ကြည့်တော့ ဒီလူဟာ ဝါသနာအရ ရှေးဟောင်းပစ္စည်းတွေကို စုဆောင်းတယ်၊ ရှေးဟောင်းဂမ္ဘီရပညာတွေကိုလိုက်စားတယ်၊ ဒါတွေကိုပဲသိရတယ်"

"ခင်ဗျားက ကံရာဇာကို ကာကွယ်ပြီးပြောနေတာလား ကိုဩဘာ"

"ကျုပ်. . သူ့ကို ကာကွယ်စရာအကြောင်းမရှိဘူး၊ အ မှန်အတိုင်းပြောတာ၊ ခုလည်း မရေရာတဲ့ခရီးကို ကျုပ်တို့ထွက် လာခဲ့ရတာ၊ လူတစ်စုက ခရီးသွားတစ်စုကို တွေ့လိုက်ရတယ် ဆိုတဲ့ သတင်းကို ပေးလိုက်ကြတာနဲ့၊ ကျုပ်တို့က ရမ်းသမ်းပြီး လိုက်လာခဲ့ကြရတာ၊ ခင်ဗျား. . ကျုပ်ကို ကောင်းကောင်းမ ဆက်ဆံဘူးဆိုရင် ကျုပ်ဒီနေရာကနေ လှည့်ပြန်သွားမယ်"

"ပြီးတော့ လမ်းပြတွေကိုလည်း ခင်ဗျားတို့ ကောင်း ကောင်းမဆက်ဆံဘူး၊ ခု. . သူတို့က ခင်ဗျားတို့ရဲ့ ဒဏ်ကိုမခံ နိုင်ကြလို့ ထွက်ပြေးသွားခဲ့ကြပြီ၊ လမ်းပြမရှိရင် ဒီတောကြီးထဲမှာ ဘာမှလုပ်လို့မရဘူး၊ ဒါတွေကို ခင်ဗျားသိရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုဩဘာသည် စိတ်ပေါက်ပေါက်နဲ့ ပြောချလိုက်လေသည်။ သောမတ်ကို ကိုဩဘာကို ရုတ်တရက် ခြောက်လုံးပြူးသေနတ်နဲ့ ချိန်လိုက်သည်။

"ခင်ဗျားလေသံမမာပါနဲ့၊ ကျုပ်လိုလူတစ်ယောက်ကို ခင်ဗျားဒီလိုမောက်မောက်မာမာ ပြန်ပြောတာ ဘယ်လောက်အပြစ်ကြီးတယ်မှတ်လဲ၊ ဒီကနေ ခင်ဗျားလှည့်ပြန်ရဲရင် ပြန်ကြည့်၊ ခင်ဗျားဘာဖြစ်သွားမယ်ထင်လဲ"

ကိုဩဘာသည် သောမတ်ချိန်ထားသော သေနတ်ကိုကြည့်ပြီး ဟားတိုက်ရယ်မောပစ်လိုက်သည်။

"ဟား. . ဟား. . ဟား၊ လေကိုလိုက်ပြီး ဖမ်းနေကြတဲ့သူတွေက ကျုပ်ကို သေနတ်နဲ့ချိန်ပြီး ခြိမ်းခြောက်တယ်၊ ဟုတ်လား၊ ခင်ဗျားသတ္တိရှိရင် ပစ်လိုက်စမ်းပါ၊ ကိုယ်နှင့်မဆိုင်တဲ့ ပစ္စည်းတွေကို မတရားယူချင်တာနဲ့ မာန်တွေတက်နေကြတယ်၊ ခင်ဗျားတို့ဘာသာ ဖန်တီးပြီး သွားလို့ရရင် သွားလိုက်ကြစမ်းပါ"

သောမတ်ချိန်ထားသော သေနတ်သည် အောက်ကိုတဖြည်းဖြည်းနဲ့ ပြန်ကျသွားသည်။

"ခွေးသရီး. . မစ္စတာဩဘာ၊ ကျုပ်စိတ်ရိုင်းတွေဝင်သွားမိတယ်၊ အမှန်မှာတော့ ဒီလိုမဖြစ်သင့်ဘူး၊ ကဲ. . ဒီခရီး





ကို ခင်ဗျားပဲ ဦးဆောင်ပြီး သွားပါတော့ဗျာ"

ထိုစဉ် လေချွန်သံများလိုလို မြွေတွန်သံများလိုလိုကို ကြားလိုက်ရသည်။

ရှီး. . ရှီး. . ရှီး။

ဟင်!

အားလုံး ပတ်ဝန်းကျင်ကို အထိတ်တလန့်ဖြင့် ပတ်ချာလှည့်ပြီး ကြည့်လိုက်မိသည်။ တောင်မြောက်လေးပါးစလုံး မည်သည့်အရပ်က ထွက်ပေါ်လာသည့် အသံမှန်းမသိ။

ရှီး. . ရှီး. . ရှီး။

အားလုံး အထိတ်တလန့် ဖြစ်သွားကြရသည်။

"ဘာသံတွေလဲ၊ သစ်ရွက်တွေကို လေတိုးတဲ့အသံပဲလား၊ မြွေတွန်သံလား"

သောမတ်က စိတ်လှုပ်ရှားသော လေသံဖြင့် ပြောလိုက်သည်။ ကိုဩဘာသည်လည်း မည်သည့်မှတ်ချက်မှမပေးနိုင်။ အကဲခတ်နေဆဲ။

ရှီး. . ရှီး. . ရှီး. . ရှီး။

"မစ္စတာဩဘာ. . ကျုပ်တို့ ဒီနေရာက အမြန်ဆုံးပဲ ထွက်သွားမှဖြစ်တော့မယ်"

"အေးပါ. . သွားကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မြင်းတွေကို ခရီးဆက်ရန် နှင်တော့မည်ပြုစဉ်တွင်။

ဝီး . . ဝီး . . ဝီး . . ဝီး။

လေထဲမှ အရာဝတ္ထုတစ်ချို့ လွင့်လာခဲ့ကြသည်။

ဘတ်!

ဘတ်!

အား!

အား!

မြင်းပေါ်မှ လူများ၏ လည်ပင်းနှင့်ကိုယ်များပေါ်မှာ မြွေပွေးများက တစ်ကောင်ပြီးတစ်ကောင် ပစ်ဝင်လာပြီး ရစ်ပတ်လာကြသည်။

"ဟီး . . ဟီး . . ဟီး . . ဟီး"

မြင်းများသည်လည်း လန့်ဖျတ်ကာ ပဒပ်ကော့သွားကြသည်။ လူများသည် မြင်းပေါ်မှ ပြုတ်ကျသွားကြလေသည်။ မြွေပွေးများသည် သူတို့၏သဘာဝအရ လေထဲမှာ အခွေလိုက်၊ အခွေလိုက်။ သစ်ပင်များပေါ်မှ ပစ်ဝင်လာကြသည်။ အဆိပ်ပြင်းသော မြွေများဖြစ်ကြ၍ ကိုယ်ပေါ်မှာ ရစ်ပတ်ခံကြရပြီး ကိုက်ခံကြလေတော့သည်။

အား!

အား!





ရှီး . . ရှီး . . ရှီး . . ရှီး။

မြွေတွန်သံများ ထွက်ပေါ်လာသော နေရာကို သိခဲ့ ကြလျှင် ယောက်ျားလေးတစ်ဦးအသွင် ဝတ်ဆင်ထားသော န်းကလေးတစ်ဦးကို တွေ့ကြရမည်ဖြစ်သည်။

သူမသည် သစ်ရွက်တစ်ရွက်ကို နှုတ်ခမ်းမှာကိုက်ပြီး လဖြင့်ရှိုက်ကာ မြွေတွန်သံကိုဖြစ်စေသည်။ တစ်နည်းဆိုရ လျှင် မြွေခေါ်သံပင်တည်း။ သူမက ထိုသို့ အသံပေးလိုက်တာ မြွေပွေးများက ထွက်ပေါ်လာခဲ့ကြသည်။

(မြွေပွေးတို့၏ သဘာဝသည် ကိုယ်လုံးကို လေထဲတွင် စ်ကာ သွားတတ်ကြသည်။ သစ်ပင်တစ်ပင်မှ တစ်ပင်သို့ကူး သည်။ လူ၊ တိရစ္ဆာန်များကိုတွေ့လျှင်လည်း လေထဲမှာ အခွေ လိုက်ပစ်ဝင်သွားခဲ့ကြပြီး ကိုယ်မှာကပ်ကာ ကိုက်ခဲတတ်သည်။ အဆိပ်ပြင်းသည်။ အကိုက်ခံရလျှင် ချက်ချင်းအဆိပ်တက်ပြီး သေဆုံးတတ်သည်။ မြန်မာနိုင်ငံ အလယ်ရိုးမ(ပဲခူးရိုးမ)တော ထဲမှာ တစ်ခါတစ်ရံ တွေ့ရတတ်သည်။ သို့သော် အိန္ဒိယဘက် မှာလည်း မြွေပွေးများက များစွာပေါက်ဖွားသည်။ မြွေပွေးဟုသာ ခေါ်ဆိုကြသည်။ အတောင်မပါကြပါ။ စာရေးသူမှတ်မိသ လောက် သိရသလောက် ဖော်ပြခြင်းသာဖြစ်ပါသည်။)

သူမသည် အခြားသူမဟုတ်။ မာယာဒေဝီပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



မြွေပွေ့များသည် သစ်ရွက်မှုတ်သံကြောင့် တစ်ကောင်ပြီးတစ်
ကောင် ရောက်လာခဲ့သည်။ မြွေပွေ့များကို တစ်နေရာတည်း
သို့ရောက်အောင် ပရိယာယ်သုံး၍ ခေါ်လိုက်ခြင်းဖြစ်သည်။
မြွေပွေ့များ အတော်များများ ရောက်လာကြသောအခါ မာယာ
ဒေဝီသည် မြင်းတစ်ကောင်ပေါ်ကို ခုန်တက်ပြီး တစ်နေရာ
ကို ထွက်ခွာသွားလေတော့သည်။

မျက်နှာဖြူသောမတ်နှင့် သူ့လူများသည် မြွေပွေ့များ
ရန်ကို ဘယ်လိုမှ မကာကွယ်နိုင်ကြ။ သူ့လူတွေက မြွေပွေ့များ
အခဲခံကြရကာ မြင်းပေါ်မှ တစ်ယောက်ပြီးတစ်ယောက် ပြုတ်
ကျသွားခဲ့ကြသည်။

"မစ္စတာသောမတ်. . ပြေး. . ပြေး. . မြန်မြန်ပြေး"

ကိုသြဘာက အခြေအနေကိုကြည့်ပြီး မှင်တက်မိနေ
ရာက သတိပြန်ဝင်လာခဲ့သည်။ အော်ဟစ်ပြီး သတိပေးလိုက်
သည်။ သောမတ်သည် စိတ်ဓာတ်ချောက်ချားလျက် ရှိနေပြီး
ပြီ။ မြင်းကိုနှင်ပြီး ကိုသြဘာနှင့်အတူ တဟုန်ထိုးထွက်သွားခဲ့
သည်။

သို့သော် မြွေပွေ့တစ်ကောင်က လေထဲမှာ အခွေလိုက်
ပစ်ဝင်လာပြီး သောမတ်၏ လည်ပင်းကို ရစ်ပတ်ကာ ခဲလိုက်
လေတော့သည်။





အား!

သောမတ်မှာ အထိတ်တလန့် အော်လိုက်လေတော့
သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com





## အခန်း - (၂၆)

ကိုဩဘာသည် မြွေပျံများ၏ အန္တရာယ်မှလွတ်မြောက်ရန် မြင်းကို ဒုန်းစိုင်းပြီးတော့ နှင်လာခဲ့သည်။ တစ်မိုင်ခန့်အကွာအဝေးသို့ရောက်သော် သူ့နောက်မှ မည်သူမှ လိုက်ပါမလာကြသည်ကို တွေ့လိုက်ရသည်။ သောမတ်ကိုလည်း မြွေပျံတစ်ကောင်က ခဲလိုက်သည်ကိုတော့ သူသိလိုက်ရသည်။

သူသည် မြင်းကို ရုတ်တရက်ရပ်တန့်လိုက်သည်။ အဘယ်ကြောင့်ဆိုသော် သူ့ရှေ့မှာ ကြီးမားသော တောင်ကုန်းကြီးတစ်ခုက ကာဆီးလျက်ရှိသည်။ တောင်ကုန်းပေါ်မှ ရေတံခွန်ကြီးတစ်ခုက တဝေါဝေါဖြင့် စီးကျလျက်ရှိသည်။ ရေတံခွန်ကြီး၏ ဟိုးဘက်မှာလည်း မြင့်မားသော တောင်တန်းကြီး



www.burmeseclassic.com

www.burmeseclassic.com



မျှားက အဆင့်ဆင့်။

မြင်ကွင်းက ထူးခြားနေသည်။ ပတ်ဝန်းကျင်သည်
လိမ္မော်ရောင်သန်းနေသည်။ မိမိရဲ့ မျက်လုံးတွေကပဲ မကောင်း
တော့တာလားမသိ။ ဘယ်ဆီကိုပဲကြည့်ကြည့်၊ စိမ်းစိမ်းစိုစိုတွေ
ကြားမှာ လိမ္မော်ရောင်သန်းနေသည်။ သူ့ရှေ့မှ ရေတံခွန်ကြီး
မှာ ထူးခြားနေသည်။ ဆက်သွား၍မရတော့။ သူ့ဟာလည်း မ
သွားလိုတော့ပါ။

"ဘယ်လိုလဲ. . ကိုဩဘာ၊ ခင်ဗျား သေရေးရှင်ရေး
ကြောင့် ပြေးလာခဲ့ရလို့ တော်တော်ပင်ပန်းသွားပြီလား"

မမျှော်လင့်သော အသံတစ်သံက နောက်ကျောဘက်
မှ ထွက်ပေါ်လာသည်။ ကိုဩဘာ၏ကိုယ်သည် ဆတ်ကနဲဆို
ဖြစ်သွားခဲ့ရသည်။ ထိုကြောင့် မြင်းကိုလှည့်ပြီး သေနတ်ဖြင့်
ထိုးချိန်လိုက်သည်။

သူတွေ့လိုက်ရသည်က အသက်ခပ်ကြီးကြီး လူတစ်
ယောက်။ ဆံပင်တွေကလည်း အဖြူတစ်ဝက်၊ အနက်တစ်
ဝက်၊ အိုမင်းစပြုနေသောအရွယ်။

"ခင်. . ခင်ဗျားက ဘယ်သူလဲ၊ ကျုပ်ကို ဘယ်လိုသိ
နေတာလဲ"

လူကြီးက ပြုံးလိုက်သည်။





"သေသေချာချာ ကြည့်ပါဦးလေ ကိုဩဘာ၊ ကျုပ်
ဘယ်သူလဲဆိုတာ ခင်ဗျားမခန့်မှန်းနိုင်ဘူးလား"

"ဟင့်အင်း. . မသိဘူး၊ တကယ်ကိုမသိတာ"

သေနတ်ကတော့ ချိန်ထားဆဲ။

"ကျုပ်. . ကံရာဇာလေ"

လူကြီးက တည်ငြိမ်သောလေသံဖြင့် ပြောလိုက်သော်
လည်း ကိုဩဘာမှာ မျက်မှောင်ကျုံ့သွားခဲ့ရသည်။ အံ့အား
သင့်သွားခဲ့ရသည်။

"ဘာ! ခင်ဗျားက ကံရာဇာ ဟုတ်လား၊ မဖြစ်နိုင်ဘူး၊
ကံရာဇာက လူငယ်တစ်ယောက်၊ ခင်ဗျားက အိုမင်းစပြုနေ
ခဲ့သူ၊ ကျုပ်ကို ညာလို့မရဘူး"

ကံရာဇာဆိုသော လူကြီးသည် ခေါင်းကို ရမ်းခါလိုက်
သည်။

"ကျုပ်ကံရာဇာအစစ်ပါဗျာ၊ ခင်ဗျားကို မညာပါဘူး၊
မြင်းပေါ်ကနေ ကြည့်မနေပါနဲ့၊ အောက်ကိုဆင်းပြီး သေသေ
ချာချာ ကြည့်ပါဦးလေ"

လေသံကတော့ ကံရာဇာ၏ လေသံနှင့်တူ၏။ မျက်
နှာကိုလည်း သေသေချာချာ ကြည့်လိုက်တော့ ကံရာဇာမျက်
နှာပေါက်မျိုးနဲ့ ခပ်ဆင်ဆင်။ ကံရာဇာသာ အသက်ကြီးလာခဲ့



www.burmeseclassic.com

www.burmeseclassic.com



လျှင် ဒီလိုရုပ်ရည်မျိုးပဲ ဖြစ်သွားနိုင်သည်။

ကိုဩဘာက မြင်းပေါ်ကနေဆင်းလိုက်သည်။ ကံရာဇာ အဆီကို လျှောက်သွားပြီး သေသေချာချာ ကြည့်လိုက်သည်။ သေနတ်ကတော့ ချိန်ထားလျက်။

ကံရာဇာ၏ စူးလက်တောက်ပြောင်သော မျက်လုံးတွေနဲ့ သူ့မျက်လုံးတွေ ဆုံမိကြသည်။ ဒီမျက်လုံးတွေကို သူမှတ်မိသည်။ ဒါပေမယ့် ကံရာဇာဆိုတာကိုတော့ သူမယုံကြည်သေး။

"အင်း. . ကံရာဇာနဲ့တော့ နီးစပ်တယ်၊ ဒါပေမယ့် ခုလို ချက်ချင်းကြီးအိုစာသွားတာ ဘာကြောင့်လဲ"

ကိုဩဘာသည် သံသယရှိနေဆဲ။

"ကျုပ်လား၊ ဆေးဆက်မသောက်တော့လို့ပေါ့ဗျ၊ ယုဝပုန အသက်ရှည်ဆေးကို ဆက်ပြီးမသောက်တော့လို့ ခုလို ချက်ချင်းအိုသွားခဲ့ရတာပဲ၊ ဒီဆေးကျမ်းထဲက ဆေးနည်းကိုအသုံးပြုပြီး ကျုပ်သောက်ခဲ့တာ နှစ်ပေါင်းငါးဆယ်ကျော်ခဲ့ပါပြီ၊ ကျုပ်ဟာ တခြားသူမဟုတ်ဘူး၊ တပ်မှူးလေးသူရိယနန္ဒပဲ"

ကံရာဇာဆိုသည့် လူကြီးက ထိုသို့ပြောလိုက်သည်နှင့် ကိုဩဘာမှာ ဣန္ဒြေမဆည်နိုင်တော့ပဲ ဟားတိုက်၍ ရယ်မောပစ်လိုက်သည်။





"ဟား. . ဟား. . ဟား၊ တော်စမ်းပါဗျာ၊ ခင်ဗျားဟာ တပ်မှူးလေးသူရိယနန္ဒဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး၊ ဘာကြောင့်လဲသိလား၊ တပ်မှူးလေးသူရိယနန္ဒဟာ သီပေါဘုရင်လက်ထက်က ဘုရင့်တပ်မှာ တာဝန်ထမ်းဆောင်ခဲ့တဲ့သူ၊ သိပ်ပြီးစားစွမ်းထက်တဲ့သူ၊ အရှင်နှစ်ပါးပါတော်မူပြီးကတည်းက ကုလားဖြူတွေကို မကျေနပ်လို့ တစ်ကိုယ်တော်တိုက်ပွဲဝင်ခဲ့တာ၊ သူတစ်ယောက်တည်းနဲ့ ကုလားဖြူတွေကို တစ်နည်းမဟုတ် တစ်နည်းနဲ့ဒုက္ခပေးခဲ့တယ်၊ ဒါတွေကို ကျုပ်သိပြီးသားပါ။

ကုလားဖြူတွေကလည်း သူရိယနန္ဒဆိုရင် အသေရရ အရှင်ရရပဲ၊ ဒါပေမယ့် တပ်မှူးလေးသူရိယနန္ဒကို ဖမ်းမမိနိုင်ခဲ့တာ အားလုံးအသိ၊ နောက်တော့ သူရိယနန္ဒဟာ ဟိမဝန္တာ တစ်နေရာမှာ ဖျားနာပြီး ကွယ်လွန်သွားတယ်လို့ သိရတယ်၊ ဒီအဖြစ်အပျက်တွေက နှစ်ပေါင်းငါးဆယ်နီးပါးရှိခဲ့ပြီ၊ ခင်ဗျားဟာ သူရိယနန္ဒဘယ်လိုဖြစ်နိုင်တော့မလဲ"

ကိုဩဘာသည် ထိုလူကြီးကို လှောင်ပြောင်သောအကြည့်ဖြင့် ကြည့်လိုက်သည်။ ကံရာဇာဆိုသည့် လူကြီးကတော့ အေးဆေးစွာဖြင့် သူ့ကိုကြည့်နေဆဲ။

"ဒီမှာ. . ကိုဩဘာ၊ ခင်ဗျားမသိသေးတဲ့ အရာတွေ

www.burmeseclassic.com

အများကြီးရှိသေးတယ်၊ သူရိယနန္ဒဟာ ကုလားဖြူတွေရဲ့ ရန်ကြောင့် ဟိမဝန္တာမှာ သွားတိမ်းရှောင်နေရတယ်၊ ဟိမဝန္တာက ဆရာသခင်တွေဆီမှာ လောကီပညာတွေကို သင်ကြားလေ့လာတယ်၊ အဲဒီအချိန်မှာ တြိသပွေါ်ဂိုဏ်းချုပ်သုဂ္ဂါမက ဆေးကျမ်းကြီးကို ဆရာသခင်တွေရဲ့ လက်ထဲက ခိုးယူသွားတယ်၊ ဆရာသခင်တွေက တပ်မှူးလေးသူရိယနန္ဒကို ဒီပစ္စည်းတွေ ပြန်ရဖို့အတွက် တာဝန်ပေးလိုက်တယ်၊ တပ်မှူးလေးသူရိယနန္ဒဟာ သုဂ္ဂါမကို သုတ်သင်ပြီး ဆေးကျမ်းကြေးပုရပိုဒ်ကိုပြန်ယူနိုင်ခဲ့တယ်၊ ဒါပေမယ့် . . ."

ကိုညြဘာက လက်ဝါးကိုကာလိုက်ပြီး . . .။

"ခင်ဗျားဘာဆက်ပြောမယ်ဆိုတာ ကျုပ်သိပါတ[illegible] တပ်မှူးလေးသူရိယနန္ဒဟာ ဆေးကျမ်းကို ဟိမဝန္တာက ဆ[illegible] သခင်တွေဆီပြန်မပို့ပဲ အာယုဝပုနဆေးဖော်စပ်ပြီး စားသုံးခဲ့လို့ ခုထက်ထိ အသက်ရှည်နေတယ်လို့ ပြောမှာပဲမဟုတ်လား၊ ခင်ဗျားက ဒီလိုနည်းတွေသုံးပြီး နယ်ချဲ့ကုလားဖြူတွေရော၊ နယ်ချဲ့လက်ပါးစေတွေကိုရော ခြောက်လှန့်ခဲ့တယ်၊ နယ်ချဲ့တွေကလည်း ခင်ဗျားကိုကြောက်ကြတယ်၊ သံသေဓားလို့ခေါ်တဲ့ ရန်ပယ်ရှင်းဓားကြီးကိုလည်း ကြောက်ကြတယ်၊ အဲဒီအချိန်မှာ ခင်ဗျားဟာ တပ်မှူးလေးသူရိယနန္ဒ(သို့)ကံရာဇာဆိုပြီး



နယ်ချဲ့ မျက်နှာဖြူတွေကို ခုထက်ထိ ခြောက်လှန့်နေဆဲ၊ ဒုက္ခပေးနေဆဲပဲ"

ကံရာဇာဆိုသည့် လူကြီးသည် ဆက်လက်ပြီးအငြင်းအခုန်မလုပ်တော့။

"ထားပါတော့လေ၊ ခင်ဗျားထင်ချင်သလို ထင်လို့ရပါတယ်၊ ကျုပ်က ကုလားဖြူတွေကို ဒုက္ခပေးနေတာ၊ ခင်ဗျားက မကျေနပ်ဘူးလား၊ အေးပေါ့လေ၊ ဘယ်ကျေနပ်နိုင်ပါ့မလဲ၊ ခင်ဗျားက ကုလားဖြူတွေရဲ့ လက်အောက်မှာ အမှုထမ်းနေတဲ့ ကုလားဖြူတွေရဲ့ ကျွန်ကိုး"

လူကြီး၏ စကားသည် ကိုညြဘာ၏ အရှိက်ကို ထိမှန်သွားသည်။ သူ၏လက်ထဲက သေနတ်သည် လူကြီး၏မျက်နှာတည့်တည့်ကို ချိန်လိုက်ပြီး။

"ဘာ. . ဘာပြောလိုက်တယ်၊ ကျုပ်ကို ကုလားဖြူတွေရဲ့ ကျွန်လို့ပြောလိုက်တယ်ဟုတ်လား၊ ဒါ. . ကျုပ်ကို ခင်ဗျားက သက်သက်မဲ့ စော်ကားလိုက်တာပဲ၊ အဲဒီလိုအပြောခံရတာ ခွေးကိုက်ခံရတာထက် နာသေးတယ်၊ ခင်. . ခင်ဗျားနော်. . ကျွန်တော်စိတ်မထိန်းနိုင်ပဲဖြစ်သွားလိမ့်မယ်"

ကိုညြဘာသည် စိတ်လှုပ်ရှားလွန်းနေ၍ သေနတ်ကြီးတရမ်းရမ်းနဲ့ ဖြစ်နေသည်။ လူကြီးကတော့ နည်းနည်းလေးမှ

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားမသွားခဲ့။ မျက်တောင်ပင်မခတ်။

"ကျုပ်. . ကျုပ်က မျက်နှာဖြူတွေအတွက် အလု
လုပ်နေတာမဟုတ်ဘူး၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးအတွက်
အလုပ်လုပ်နေတာ၊ တရားဥပဒေ စိုးမိုးရေးအတွက် အလု
လုပ်နေတာ သိပြီလား၊ ဒါပေမယ့် ဒီကောင်တွေလက်အောက်
မှာ ရှိနေတာကို နဂိုကတည်းက မကျေနပ်နေတာ"

ချိန်ထားသော သေနတ်ကို တဖြည်းဖြည်းနဲ့ အောက်
ချလိုက်ပြီး. . .။

"ကျုပ်လည်း ဒီကောင်တွေကို လုံးဝလက်ခံတဲ့သူ မ
ဟုတ်ဘူး၊ ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည်ကို ဖိနှိပ်အုပ်ချုပ်နေ
ကြတဲ့သူတွေကို မောင်းထုတ်ချင်နေတာကြာပြီ၊ ဒါပေမယ့် ကံ
ရာဇာလိုလူမျိုးကို ဒီမျက်နှာဖြူကောင်တွေက ရမယ်ရှာပြီးဖမ်း
ခိုင်းတိုင်း ကျုပ်အမျိုးမျိုး ရှောင်တိမ်းခဲ့တယ်၊ ဒါဟာ ဘာဖြစ်
လို့လဲသိလား၊ ခင်ဗျားကို သဘောကျလို့ပဲ၊ ခင်ဗျားရဲ့ မျိုးချစ်
စိတ်ဓာတ်ကို သဘောကျလို့ပဲ၊ ခင်ဗျားဟာ ဉာဏ်နီဉာဏ်နက်
အမျိုးမျိုးထုတ်ပြီး သူ့ရိုယနန္ဒလို့ပဲပြောပြော၊ အမှန်ကတော့
မျက်နှာဖြူကောင်တွေကို ဆန့်ကျင်နေတာပဲ၊ ကျုပ်လက်ခံပါ
တယ်၊ ကျုပ်အခုလာတာ ခင်ဗျားကိုဖမ်းဆီးဖို့ အထက်ကနေ
လွှတ်လိုက်တာ၊ ကျုပ်နဲ့ပါလာကြတဲ့လူတွေလည်း တောထဲမှာ





န္တရာယ်တွေနဲ့ကြုံပြီး သေကုန်ကြပြီ"

"ကိုသြဘာ. . ခင်ဗျားရဲ့ ခံစားချက်ကို ကျုပ်နားလည်
ဘယ်ဗျာ၊ ခင်ဗျားအခု ဘာဖြစ်ချင်သလဲ၊ ကျုပ်ကိုဖမ်းမလား၊
းပါ. . ရပါတယ်၊ ကျုပ်ကျေကျေနပ်နပ်ကြီး အဖမ်းခံမယ်"

"ကိုကံရာဇာ. . ကျုပ်ဒီမှာ ကြာကြာနေလို့မဖြစ်တော့
း၊ နယ်ချဲ့ပုလိပ်တွေက နောက်ထပ်တစ်ဖွဲ့လာစရာရှိတယ်၊
င်ဗျားကို တောနင်းပြီး ရှာကြလိမ့်မယ်၊ ကျုပ်ပြန်ဖို့အတွက်
ဘာသဲမှာ မျက်စိလည်နေပြီ"

"ကျုပ်မပါပဲ ခင်ဗျားပြန်သွားလို့ ဖြစ်ပါ့မလား၊ ခင်ဗျား
ရာထူးကို ထိခိုက်နေပါဦးမယ်ဗျာ"

"ခင်ဗျား. . ကျုပ်ကိုဒီလိုမစနဲ့ဗျာ၊ ကျုပ်. . ဒီမျက်နှာ
ကောင်တွေကို လုံးလုံးဂရုမစိုက်ဘူး၊ ဒီမှာ. . ကိုကံရာဇာ၊
ောက်တစ်ဖွဲ့ရောက်လာဖို့ သိပ်မဝေးတော့ဘူး၊ ကျုပ်ကိုသာ
မ်းမြန်မြန်ပြပါ"

"ကောင်းပြီလေ. . ကျုပ်. . ခင်ဗျားကို ကူညီမယ်"

* * *



www.burmeseclassic.com

www.burmeseclassic.com





## အခန်း—(၂၇)

ကံရာဇာသည် တောတန်းတစ်နေရာကို လက်ညှိုးထိုး ပြလိုက်ပြီး. . ။

"ဒီတောတန်း တည့်တည့်သာသွား၊ သုံးမိုင်လောက် ခရီးပေါက်ပြီးရင် သစ်ထုတ်လုပ်ရေး စခန်းတစ်ခုကိုရောက် သွားလိမ့်မယ်၊ အဲဒီရောက်တော့ ခင်ဗျားဘာသာ ကြံစည်ပြီး ခရီးဆက်ပေတော့"

ကိုသြဘာသည် မြင်းပေါ်ကို ခုန်တက်လိုက်သည်။

"အမျိုး၊ ဘာသာ၊ သာသနာအကျိုးအတွက် ဆောင် ရွက်နေတဲ့ ခင်ဗျားကို ကျုပ်မဖမ်းပါဘူး၊ တာဝန်ကျေအတွက် သာ ကျုပ်လာခဲ့တာပါ။ ဩော်. . ဒါနဲ့ ခင်ဗျားရဲ့ကိုယ်ပေါ်က



www.burmeseclassic.com

www.burmeseclassic.com



ပဥ္စလက်နည်းပညာတွေနဲ့ဆင်ထားတဲ့ အတုတွေကို ဖယ်ရှားပစ်လိုက်ပါတော့ဗျာ၊ ဩဘာနဲ့တွေ့တဲ့အခါ ဒီလိုရုပ်ဖျက်ထားဖို့ မလိုပါဘူး၊ မျက်နှာဖြူနယ်ချဲ့တွေကိုသာ လှည့်စားပါ၊ ကိုယ့်ဗမာအချင်းချင်းတော့ မလှည့်စားပါနဲ့ဗျာ၊ ခင်ဗျားရဲ့ ရည်ရွယ်ချက် အောင်မြင်ပါစေ၊ ကဲ. . သွားပြီဗျို့"

ကိုဩဘာသည် မြင်းကိုလှည့်ကာ ဒုန်းစိုင်းပြီးတော့ ထွက်သွားသည်။ ရေတံခွန်ကြီးနှင့် မလှမ်းမကမ်းတွင် သူတို့နှစ်ယောက်၏ အခြေအနေကို စောင့်ကြည့်နေကြသူတစ်စု။

ဆရာကြီးစက္ကဝိန္ဒ။ ဦးကြက်တောနှင့်ခွေးသုံးကောင်။

ထိုစဉ် ကံရာဇာအနားကို မာယာဒေဝီရောက်လာခဲ့သည်။

"မောင်. . သူပြန်သွားပြီလား"

"ဟုတ်တယ်. . ဒေဝီ၊ သူပြန်သွားပြီ၊ ဒါပေမယ့် ကိုဩဘာဟာ ဘာကိုမှယုံမသွားဘူး၊ ဒီလူဟာ သိပ်ပြီးတော့ အကင်းပါးတယ်၊ လူတော်တစ်ယောက်လည်းဖြစ်တယ်"

"ဒေဝီကတော့ မောင်ခိုင်းလိုက်တဲ့အတိုင်း တာဝန်ကျေခဲ့ပြီ၊ နောက်ထပ်ဘာပဲခိုင်းခိုင်း ဒေဝီကတော့ လုပ်ပေးမှာပဲ"

"ဒေဝီ. . မောင်နှင့်အတူလိုက်ရင် ဒုက္ခရောက်မယ်၊ အနေဆင်းရဲ၊ အစားဆင်းရဲမယ်"





"ဒါတွေကို ပြောစရာမလိုပါဘူးမောင်ရယ်၊ ဒေဝီက မောင်သွားလေရာကို မညည်းမညူလိုက်မယ့်သူပါ"

"မောင်က ဟိမဝန္တာက ဆရာကြီးတွေရဲ့ အပြစ်ပေးတာကို ခံချင်ခံရဦးမယ်၊ ပြီးတော့ ဒီရုပ်ဒီရည်ကြီးဟာ ဒေဝီ့အတွက် ကျေနပ်စရာ ဖြစ်မလာနိုင်ဘူးလေ"

"ပဥ္စလက်ဆရာသခင်ကြီးကို ဒေဝီလက်မခံနိုင်စရာ၊ မကျေနပ်ဖြစ်ရာ ဘာမှမရှိပါဘူး၊ မောင်တစ်သက်လုံး ဒီရုပ်ရည်မျိုးနဲ့ နေသွားမှာမှမဟုတ်တာ"

"ဟုတ်တယ်၊ ကံရာဇာဟာ ကံရာဇာပဲ၊ တပ်မှူးလေးသူရိယနန္ဒဟာ သူရိယနန္ဒပဲ၊ ဒါပေမယ့် သူတို့နှစ်ယောက်ဟာ စိတ်ဓာတ်ချင်းတူသလို ရုပ်ချင်းလည်းတူတယ်၊ ပေါင်းစပ်လို့ရတယ်၊ အဲဒါက ဘာလဲဆိုရင် မျိုးချစ်စိတ်ဓာတ်ပဲ"

ကိုဩဘာမှာကြားခဲ့သည်များကို သတိရသွားကာ ရေတံခွန်ရှိရာကို ဆင်းလာခဲ့ကြသည်။ ရေတံခွန်မှ ရေကျသံများသည် တဝုန်းဝုန်းနဲ့ ဆူညံလျက်ရှိသည်။ စက္ကဝိန္ဒက အော်ပြီးပြောသည်။

"ကံရာဇာ. . ကျုပ်တို့ ခရီးထွက်ဖို့သင့်ပြီ"

"ဟုတ်ကဲ့. . . ကိုဩဘာကလည်း သတိပေးခဲ့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကုလားဖြူပုလိပ်တွေ နောက်ထပ်တစ်ဖွဲ့ ရောက်လာကြဦးမှာ
တဲ့၊ သူတို့ရောက်လာသော်ရှိ၊ မရောက်သော်ရှိ၊ သွားကြမယ်

သူတို့သည် ရေတံခွန်ကြီး၏ အနောက်ဘက်ဆီသို့
လျှောက်လာခဲ့ကြသည်။ ချောက်ကြီးထဲကို ခဲရာခဲဆစ် ဆင်း
သွားကြရသည်။ ဆရာကြီးစက္ကဝိန္ဒ၏ချိုင်းမှာ အဝတ်ထုပ်တစ်
ခု၊ ကြေးနီပုရပိုဒ်ပါသော အဝတ်ထုပ်။ ကံရာဇာကတော့ ဓား
ကြီးကို ကျောမှာသိုင်းထားသည်။ ချောက်ကြီးထဲကို ဆင်းသွား
ကြသောအခါ. . .။

ဆရာကြီးစက္ကဝိန္ဒက ရေတံခွန်ကျသော တောင်ကုန်း
အောက်ရှိ ကျောက်တုံးကြီးတစ်တုံးကို ဖယ်ရှားလိုက်သည်။
လူတစ်ကိုယ်စာဝင်သာသည့် အပေါက်ကြီးတစ်ခုပေါ်လာ

ထိုအပေါက်ထဲကို သူတို့အားလုံး ဝင်သွားခဲ့ကြသ
ဥမင်လမ်းကြီးတစ်ခုပင်ဖြစ်သည်။ ထိုလမ်းရှည်ကြီးကို တပ်မှူး
လေးသူရိယနန္ဒလည်း အသုံးပြုခဲ့သည်။ ဟိမဝန္တာသို့သွားသည့်
လျှို့ဝှက်ဖြတ်လမ်းပင်ဖြစ်သည်။

ကံရာဇာသည် ထိုလျှို့ဝှက်လမ်းကို သိနေသလား
ဆရာကြီးစက္ကဝိန္ဒကပဲ ထိုလမ်းကို မကြာခဏ အသုံးပြုနေသ
လား။ သို့မဟုတ် ဟိမဝန္တာမှ ဆရာသခင်များက ဤလျှို့ဝှက်
လမ်းကို ညွှန်ပြခဲ့လေသလား။





ကံရာဇာသည် လူငယ်တစ်ဦးကဲ့သို့ပင် လျှင်မြန်ဖျတ်
လတ်စွာဖြင့် ခရီးကိုသွားနေသည်။ မာယာဒေဝီကလည်း ကံ
ရာဇာ၏ အနားမှ တကော်ကြွစွာ လိုက်ပါနေသည်။ သူမသည်
ကံရာဇာအပေါ်မှာ စိတ်မပျက်ပဲ အတူယှဉ်ပြီး သွားနေသည်
က မည်သို့ကြောင့်လဲ။

"ဩဘာနဲ့တွေ့တဲ့အခါ ဒီလိုရုပ်ဖျက်ထားဖို့ မလိုပါဘူး
မျက်နှာဖြူနယ်ချဲ့တွေကိုသာ လှည့်စားပါ၊ ကိုယ့်ဗမာအချင်း
ချင်းတော့ မလှည့်စားပါနဲ့ဗျာ"

BURMESE CLASSIC
ကံရာဇာသည် ကိုဩဘာ၏ စကားကို ပြန်ပြီးကြား
ယောင်မိသွားသည်။ အလိုလိုပြုံးမိလိုက်သည်။ ကံရာဇာပြုံး
က အဓိပ္ပါယ်ရှိသည်။

ကိုဩဘာပြောခဲ့သည့် နယ်ချဲ့ပုလိပ်များသည် ထိုနေ
ရာကို ရောက်မလာခဲ့ကြပါ။ မျက်စိလည်ပြီး လမ်းမှားခဲ့ကြပြီ
လား။ သို့မဟုတ် လမ်းမှာ အန္တရာယ်တစ်ခုနဲ့ တွေ့ကြုံသွားကြ
ပြီလား။ မသိနိုင်ကြ။

ရက်အတန်ကြာပြီးသောအခါ ဂူလိုဏ်ရှည်ကြီး၏
ဖက်ထွက်ပေါက်ဆီသို့ ရောက်သွားခဲ့ကြလေသည်။ ဟိမဝန္တာ
တောင်ခြေသို့ ဆိုက်ဆိုက်မြိုက်မြိုက်ပင် ရောက်သွားခဲ့ကြ၏
နောင်အခါ သူတို့အားလုံး၏ အကြောင်းအရာနဲ့ သတင်း

www.burmeseclassic.com

www.burmeseclassic.com



လုံးဝမကြားရတော့။

နှစ်အနည်းငယ်ခန့်အကြာတွင် ကံရာဇာနှင့်တူသူနဲ့ နုပျိုလှပသော အသားညို မိန်းမချောလေးတစ်ဦးတို့ကို နယ်စပ်တစ်နေရာမှာ တွေ့ကြရသည်ဟု သတင်းများက နေရာအနှံ့ထွက်ပေါ်လာခဲ့ကြသည်။

နယ်ချဲ့ပုလိပ်တို့သည် ကံရာဇာရှိသည်ဟု သတင်းကြားသည်နဲ့ လိုက်ကြပြန်သည်။ သို့သော် ယုန်တောင်ပြေး၊ ခွေးမြှောက်လိုက်ပမာသို့ပင်။ ကံရာဇာကို ဖမ်းရာတွင် အရိပ်ကို လိုက်ဖမ်းသကဲ့သို့ပင်တည်း။

ဆက်လက်ကြိုးစားပါဦးမည်။

မင်းစက္ကူ။



မြတ်စာပေမှ

ဂမ္ဘီရဆန်းကြယ်လုံးချင်းစာရေးဆရာ

**မင်းစက္ကူ ၏**

၁။ မောင်းနှစ်လုံးမောင်ဇီဝ ထွက်ပြီး

၂။ ဟိမဝန္တာစေတမန် ယခုထွက်ပြီ

ဆက်လက်ထွက်မည့်ဝတ္ထုများ

၁။ မျက်နှာမည်းကြီးဒိုလီမှဲ့မည်

၂။ မြေနီကြီးကုန်း

၃။ မတစ်ထောင်သား မောင်ထိန်ဘွား

၄။ ကံရာဇာနှင့် ပတ္တမြားလည်ဆွဲ

၅။ မနသဿမိကျောင်းဂဃက်

၆။ သေလာတောင်စွယ် ရန်အသွယ်သွယ်

၇။ လွယ်မွေ့တောင်မှ ရတနာသိုက်

www.burmeseclassic.com